ကြေးမုံ
The Mirror

၁၃၆၆ ခုနှစ်၊ ပထမဝါဆိုလပြည့်ကျော် ၁၂ရက်၊ အင်္ဂါနေ့၊ (13-7-2004) (၄၂၉၃)

ဒါနဥ္စ တံ မင်္ဂလ မုတ္တမံ။

ပေးကမ်းလှူဒါန်းခြင်းသည် မြတ်သော မင်္ဂလာမည်၏။

ရန်ကုန်မိုး

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ မိုးအသင့်အတင့်ရွာမည်။ ရွာရန်ရာနှုန်း (၈၀) ဖြစ်သည်။

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

* နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄)ရပ်

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက် စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည်နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း မိုင်းရယ်၊ တန့်ယန်း၊ ကွမ်းလုံနှင့် ကွတ်ခိုင်မြို့နယ် ကောင်းခါးမြို့သစ်တို့တွင် လှည့်လည်ကြည့်ရှုစစ်ဆေး

ရန်ကုန် ဇူလိုင် ၁၂

ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးမြို့၌ ရောက်ရှိနေသည့် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းသည် ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ (မြောက်ပိုင်း)ဥက္ကဋ္ဌ၊ အရှေ့မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်လှိုင်၊ အစိုးရအဖွဲ့-အဖွဲ့ဝင်ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးနှင့် သက်ဆိုင်ရာဌာနများမှ ဌာနအကြီးအကဲများ၊ တာဝန်ရှိပုဂ္ဂိုလ်များနှင့်အတူ ဇူလိုင် ၃ရက် ညနေပိုင်းတွင် လားရှိုးမြို့ အရှေ့မြောက်တိုင်းစစ်ဌာနချုပ်၏ ဆင်းရွှေလီ အထူးအထွက်တိုးစပ်မျိုးစပါး သုတေသနစိုက်ခင်းကို သွားရောက် ကြည့်ရှုစစ်ဆေးရာ စစ်ဦးစီးမှူး(ပထမတန်း) ဒုတိယဗိုလ်မှူးကြီးမျိုးချစ်နှင့် တာဝန်ရှိသူတို့က သုတေသနစိုက်ခင်း စိုက်ပျိုးခြင်းလုပ်ငန်းများနှင့် အောင်မြင်ဖြစ်ထွန်းမှု အခြေအနေများကို ရှင်းလင်းပြသကြပြီး တိုင်းမှူးက ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

စာမျက်နှာ ၈ ကော်လံ ၁ သို့ ❁

ကြည့်ရှုစစ်ဆေး

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး စိုးဝင်းတန့်ယန်း - မိုင်းကောင် - မိုင်းရှုးကားလမ်းပိုင်း တိုးချဲ့မှုကို ကြည့်ရှုစစ်ဆေးစဉ်။

(သတင်းစဉ်)

ချပ်မြင်သံကြား၊ ရေဒီယိုနှင့် သတင်းစာများ အမြဲတမ်း သွက်လက်ထက်မြက်အောင် ဆောင်ရွက် သတင်းစာပညာသင်တန်း အမှတ်စဉ်(၁/ ၂၀၀၄)ဖွင့်

ရန်ကုန် ဇူလိုင် ၁၂

ပြန်ကြားရေးဝန်ကြီးဌာန သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းက ကြီးမှူးဖွင့်လှစ်သော သတင်းစာပညာ သင်တန်းအမှတ်စဉ်(၁/၂၀၀၄) သင်တန်းဖွင့်ပွဲအခမ်းအနားကို ယနေ့မွန်းလွဲ ၁နာရီတွင် ရန်ကုန်မြို့ ဗိုလ်တထောင်မြို့နယ် ကမ်းနားလမ်းရှိ နယူးလိုက်အော့(ဖ်)မြန်မာ သတင်းစာတိုက် သင်တန်းခန်းမ၌ကျင်းပရာ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း တက်ရောက်၍ သင်တန်းဖွင့် အမှာစကားပြောကြားသည်။

အဆိုပါ သင်တန်းဖွင့်ပွဲအခမ်းအနားသို့ ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးများဖြစ်ကြသော ဦးသိန်းစိန်နှင့် ဗိုလ်မှူးချုပ်အောင်သိန်း၊ ပြန်ကြားရေးဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနများနှင့် လုပ်ငန်းများမှ ညွှန်ကြားရေးမှူးချုပ်များနှင့်

စာမျက်နှာ ၁၂ ကော်လံ ၁ သို့ ✡

နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏ တာဝန်ဖြစ်သည်။

ကြေးမုံ The Mirror

၁၃-၇-၂၀၀၄
(အင်္ဂါနေ့)

ပြည်သူများ လူမှုစီးပွား ဖွံ့ဖြိုးတိုးတက်ရေး မြို့ပြစီမံကိန်းများ ရေးဆွဲတည်ဆောက်ဖြည့်ဆည်း

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် တိုင်းရင်းသားပြည်သူများ၏ လူနေမှုဘဝ မြင့်မားရေးနှင့် စီးပွားရေး ဖြစ်ထွန်းတိုးတက်ရေးတို့ကို ရှေးရှုပြီး ဒေသအလိုက် လိုအပ်ချက်များကို တည်ဆောက်ဖြည့်ဆည်းပေးလျက်ရှိသည်။

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် ဇူလိုင်လ ၁၀ ရက်နေ့က ရန်ကုန်တိုင်း ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၌ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ မြို့ရွာနှင့် အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာနက ဆောက်လုပ်လှူဒါန်းသော ပြည်သူ့ဆေးရုံနှင့် အမှတ်(၇) အခြေခံပညာမူလတန်းကျောင်း ကျောင်းဆောင်သစ် ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ချီးမြှင့်ပြီး မြို့နယ်အတွင်းရှိ အခြေခံပညာမူလတန်းကျောင်းများအတွက် ကျောင်းသုံးဗလာစာအုပ်နှင့် ခဲတံများကို ပေးအပ်ခဲ့သည်။

ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်တွင် ယခုဖွင့်လှစ်လိုက်သည့် ပြည်သူ့ဆေးရုံမှာ အလျား ၁၂၂ ပေ၊ အနံ ၁၀၄ ပေရှိပြီး ၁၆ ခုတင်ဆံ့ တစ်ထပ်ဆေးရုံဖြစ်သည်။ အဆိုပါဆေးရုံတွင် ဓာတ်မှန်ခန်း၊ ဓာတ်ခွဲခန်း၊ လူနာဆောင်၊ ပစ္စည်းသိုလှောင်ခန်း၊ ဆရာဝန်နားနေခန်း၊ သူနာပြုနားနေခန်း၊ ပြင်ပလူနာခန်းတို့အပြင် နှစ်ထပ်နှစ်ခန်းတွဲ ဝန်ထမ်းအိမ်ရာတစ်လုံး ပါဝင်ကြောင်းသိရသည်။

ယခုဖွင့်လှစ်သည့် အမှတ်(၇) အခြေခံပညာ မူလတန်းကျောင်းဆောင်သစ်မှာ အလျားပေ ၂၆၀၊ အနံပေ ၃၀ ရှိပြီး စာသင်ခန်း ၁၄ ခန်း ပါဝင်သော နှစ်ထပ်ကျောင်းဆောင်သစ်ဖြစ်သည်။

ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်တွင် ရပ်ကွက်ပေါင်း ၃၅ ရပ်ကွက်ရှိပြီး လူဦးရေ ၇၀၀၀၀ ခန့် နေထိုင်လျက်ရှိသည်။ ပြည်သူ့ဆေးရုံနှင့် အခြေခံပညာမူလတန်း ကျောင်းဆောင်သစ်တို့ကို ဖွင့်လှစ်ခဲ့သည့် ၁၆၈ ရပ်ကွက်သည် မြို့နယ်အတွင်း အစွန်ကျသော်လည်း ဒဂုံဆိပ်ကမ်းစက်မှုမြို့နှင့် တစ်ဆက်တစ်စပ်တည်း တည်ရှိခြင်းကြောင့် တစ်နှစ်ထက်တစ်နှစ် ပိုမိုစည်ကားလာလျက်ရှိသည်။

လွန်ခဲ့သော ၁၆ နှစ်ခန့်က ရန်ကုန်မြို့တော်၏ အခြေအနေကို ပြန်လည်ကြည့်လျှင် မြို့တော်၏ နေရာအနှံ့အပြား၌ ကျူးကျော်တဲအိမ် အမြောက်အမြားဖြင့် ကျန်းမာရေးအဆင့်အတန်း နိမ့်ကျစွာနေထိုင်ခဲ့သော ရပ်ကွက်နေအိမ်စုများကို တွေ့မြင်ခဲ့ရမည်ဖြစ်သည်။

ယခုအခါ နိုင်ငံတော်အစိုးရက ရွှေပြည်သာမြို့သစ်၊ လှိုင်သာယာမြို့သစ်၊ ဒဂုံမြို့သစ်စသည့် မြို့သစ်များကို ရန်ကုန်မြို့နှင့် တစ်ဆက်တစ်စပ်တည်း တိုးချဲ့တည်ဆောက်ပြီး ပြည်သူများ၏ နေရေးအခက်အခဲကို နည်းလမ်းရှာဖွေ စီမံဆောင်ရွက်ပေးလျက်ရှိသည်။

နိုင်ငံတော်အစိုးရက မြို့သစ်များတည်ဆောက်ရာတွင် မြို့ပြစီမံကိန်းများ စနစ်တကျရေးဆွဲပြီး လက်တွေ့အကောင်အထည်ဖော်ရာ၌ နှစ်စဉ်စီမံကိန်းများဖြင့် ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိသည်။ မြို့အင်္ဂါရပ်များနှင့်အညီ အခြေခံအဆောက်အအုံများကို နှစ်စဉ်တည်ဆောက် အဆင့်မြှင့်တင်ပေးလျက်ရှိသကဲ့သို့ မြို့သစ်နေပြည်သူများ၏ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးအတွက် လူမှုရေး၊ စီးပွားရေးဝန်ဆောင်မှု အဆောက်အအုံများကိုလည်း တိုးချဲ့ဖြည့်ဆည်းပေးလျက်ရှိသည်။

နိုင်ငံတော်အစိုးရက မြို့ပြရပ်ရွာများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အင်တိုက်အားတိုက် အကောင်အထည်ဖော် တည်ဆောက်ဖြည့်ဆည်းပေးလျက်ရှိရာ ပညာရေးကဏ္ဍနှင့် ကျန်းမာရေးကဏ္ဍဆိုင်ရာ အခြေခံကောင်း များစွာတိုးတက် ဖြစ်ထွန်းလျက်ရှိသည်။

နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေးအတွက် စီမံဆောင်ရွက်ပေးမှုများတွင် တိုင်းရင်းသားပြည်သူများ၏ ကျန်းမာရေးစောင့်ရှောက်ပေးမှုနှင့် လူငယ်လူရွယ်များ၏ ပညာရေး မြှင့်တင်ပေးမှုများကို အလေးထား ဖြည့်ဆည်းပေးလျက်ရှိရာ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၌ အသစ်ဖွင့်လှစ်လိုက်သည့် ပြည်သူ့ဆေးရုံနှင့် အခြေခံပညာမူလတန်း နှစ်ထပ်ကျောင်းဆောင်သစ်များလည်း အပါအဝင်ဖြစ်ပေသည်။

သို့ဖြစ်ရာ နိုင်ငံတော်အစိုးရက မြို့ပြစီမံကိန်းများ စနစ်တကျရေးဆွဲ၍ တိုင်းရင်းသားပြည်သူများ၏ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးအတွက် အခြေခံအဆောက်အအုံများစွာကို တိုးချဲ့တည်ဆောက်ဖြည့်ဆည်းပေးသွားနိုင်မည်ဟု ကြေးမုံက ယုံကြည်ပါသည်။ ။

ပြည်သူ့သဘောထား

- ★ ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ★ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့်နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ★ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ★ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

(၃၇)ကြိမ်မြောက် အာဆီယံဝန်ဆောင်မှုဆိုင်ရာ စေ့စပ်ဆွေးနွေးညှိနှိုင်းရေးကော်မတီ အစည်းအဝေး ဆက်လက်ကျင်းပ

မြန်မာနိုင်ငံက အိမ်ရှင်နိုင်ငံအဖြစ် လက်ခံကျင်းပသည့် (၃၇)ကြိမ်မြောက် အာဆီယံ ဝန်ဆောင်မှုဆိုင်ရာ စေ့စပ်ဆွေးနွေးညှိနှိုင်းရေးကော်မတီ အစည်းအဝေး ဆက်လက်ကျင်းပစဉ်။(သတင်းစဉ်)

ရန်ကုန် ဇူလိုင် ၁၂

မြန်မာနိုင်ငံက အိမ်ရှင်နိုင်ငံအဖြစ် လက်ခံကျင်းပသည့် (၃၇)ကြိမ်မြောက် အာဆီယံ ဝန်ဆောင်မှုဆိုင်ရာ စေ့စပ်ဆွေးနွေးညှိနှိုင်းရေးကော်မတီ အစည်းအဝေးကို ယနေ့နံနက် ၉နာရီတွင် ရန်ကုန်မြို့ ဆူးလေဘုရားလမ်းရှိ ကုန်သည်ကြီးများဟိုတယ်၌ တတိယနေ့အဖြစ် ဆက်လက်ကျင်းပသည်။

အစည်းအဝေးတွင် အာဆီယံ အဖွဲ့ဝင် နိုင်ငံများဖြစ်ကြသော ဘရူနိုင်း၊ ကမ္ဘောဒီးယား၊ အင်ဒိုနီးရှား၊ လာအို၊ မလေးရှား၊ မြန်မာ၊ ဖိလစ်ပိုင်၊ စင်ကာပူ၊ ထိုင်းနှင့် ဗီယက်နမ်နိုင်ငံတို့မှ ကိုယ်စားလှယ်များသည် အာဆီယံနိုင်ငံများအကြား ဝန်ဆောင်မှုကုန်သွယ်ရေး၌ အကျုံးဝင်သည့် စီးပွားရေးဝန်ဆောင်မှုကဏ္ဍ၊ ဆောက်လုပ်ရေးဝန်ဆောင်မှုကဏ္ဍ၊ ကျန်းမာရေးဝန်ဆောင်မှုကဏ္ဍ၊ ရေကြောင်းဝန်ဆောင်မှုကဏ္ဍ၊ ဆက်သွယ်ရေးဝန်ဆောင်မှုကဏ္ဍ၊ ခရီးသွားဝန်ဆောင်မှုကဏ္ဍနှင့် ပညာရေးဝန်ဆောင်မှုကဏ္ဍများနှင့် စပ်လျဉ်း၍ ဖြေလျှော့မှုဆိုင်ရာ ကိစ္စရပ်များကို သက်ဆိုင်ရာကဏ္ဍအလိုက် ဆပ်ကော်မတီ အစည်းအဝေးများ ကျင်းပ၍ ဆွေးနွေးညှိနှိုင်းကြသည်။

မွန်းလွဲပိုင်းတွင် အာဆီယံဝန်ဆောင်မှု ကုန်သွယ်ရေးဆိုင်ရာ ဆပ်ကော်မတီ ဥက္ကဋ္ဌ၊ ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်း ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အေးမြင့်ကြူသည် (၃၇)ကြိမ်မြောက် အာဆီယံဝန်ဆောင်မှုဆိုင်ရာ စေ့စပ်ဆွေးနွေး ညှိနှိုင်းရေးကော်မတီ အစည်းအဝေးသို့ တက်ရောက်လာကြသည့် အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ ကိုယ်စားလှယ်များအား ရန်ကုန်မြို့ ကုန်သည်ကြီးများဟိုတယ် ရန်ကုန်ခန်းမဆောင်၌ လာရောက်တွေ့ဆုံနှုတ်ဆက်ပြီး လိုအပ်သည်များကို ပံ့ပိုးကူညီဆောင်ရွက်ပေးကာ ၂၀၀၅ခုနှစ်တွင် မန္တလေးမြို့၌ စည်ကားသိုက်မြိုက်စွာ ကျင်းပမည့် မြန်မာ့ရိုးရာမဟာသင်္ကြန်ပွဲတော်တွင် အာဆီယံအဖွဲ့ဝင်နိုင်ငံများ မြန်မာနိုင်ငံသို့ လာရောက်လည်ပတ်၍ ပါဝင်ဆင်နွှဲကြပါရန် ရင်းနှီးစွာ ဖိတ်ကြားသည်။

ထို့နောက် မွန်းလွဲပိုင်းတွင် အာဆီယံ ဝန်ဆောင်မှု ကုန်သွယ်ရေးဆိုင်ရာ ဆပ်ကော်မတီများ ကဏ္ဍအလိုက် စုပေါင်း၍ ပြန်လည်သုံးသပ်ဆွေးနွေးမှု အစည်းအဝေးကိုကျင်းပရာ မြန်မာနိုင်ငံဘက်မှ ယင်းဆပ်ကော်မတီအတွင်းရေးမှူး၊ ဟိုတယ်နှင့်ခရီးသွား ညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးခင်မောင်လတ်နှင့် ဆပ်ကော်မတီဝင်များ တက်ရောက်ကြသည်။ အစည်းအဝေးတွင် အာဆီယံအဖွဲ့ဝင်နိုင်ငံများက အဖွဲ့လိုက်ကဏ္ဍအလိုက် တင်ပြချက်များအပေါ် ပြန်လည်သုံးသပ် အကြံပြုတင်ပြကြပြီး အစည်းအဝေးကို ခေတ္တရပ်နားသည်။

ယမန်နေ့ ညနေပိုင်းတွင် (၃၇)ကြိမ်မြောက် အာဆီယံဝန်ဆောင်မှုဆိုင်ရာ စေ့စပ်ဆွေးနွေး ညှိနှိုင်းရေးကော်မတီ အစည်းအဝေးသို့ တက်ရောက်လာကြသော ကိုယ်စားလှယ်များသည် ရွှေတိဂုံစေတီတော်မြတ်ကြီးအား သွားရောက်ဖူးမြော်ကြည်ညိုကြပြီး၊ ကန်တော်ကြီးဥယျာဉ်နှင့် ရန်ကုန်မြို့တွင်း လှည့်လည်ကြည့်ရှုလေ့လာခဲ့ကြသည်။

အစည်းအဝေးကို ဇူလိုင်၁၃ရက်တွင် ဆက်လက်ကျင်းပသွားမည်ဖြစ်သည်။

(သတင်းစဉ်)

နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးခင်မောင်ဝင်း မြန်မာနိုင်ငံဆိုင်ရာ အင်ဒိုနီးရှားသံအမတ်ကြီးအား လက်ခံတွေ့ဆုံ သတင်းမီဒီယာအချို့က မြန်မာနိုင်ငံအပေါ် စွပ်စွဲပြောဆိုမှုများ လုံးဝမှန်ကန်မှုမရှိကြောင်း အတိအလင်းပြောကြား

ရန်ကုန် ဇူလိုင် ၁၂

နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးခင်မောင်ဝင်းသည် ရန်ကုန်မြို့ရှိ မြန်မာနိုင်ငံဆိုင်ရာ အင်ဒိုနီးရှားသမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာဗီယိုဆိုပရိုဂျိုဝါလ်စီတိုအား ယနေ့မွန်းလွဲ ၂နာရီတွင် နိုင်ငံခြားရေးဝန်ကြီးဌာန၌ လက်ခံတွေ့ဆုံပြီး ယမန်နေ့တွင် သတင်းမီဒီယာအချို့က ရန်ကုန်မြို့ရှိ အင်ဒိုနီးရှားသမ္မတနိုင်ငံသံရုံး၏ သံအမတ်ကြီးရုံးခန်း၌ အသံဖမ်းကိရိယာတွေ့ရှိခဲ့ကြောင်းဖော်ပြကာ မြန်မာနိုင်ငံအပေါ် စွပ်စွဲပြောဆိုမှုများ ပြုလုပ်ခဲ့သည်ကိုတွေ့ရှိရကြောင်း၊ ဤစွပ်စွဲချက်မှာ လုံးဝ မှန်ကန်မှုမရှိကြောင်းကို အတိအလင်းပြောကြားလိုပါကြောင်း၊ မြန်မာနိုင်ငံနှင့် အင်ဒိုနီးရှားသမ္မတနိုင်ငံတို့သည် ဆက်ဆံရေး အလွန်ကောင်းမွန်သောနိုင်ငံများဖြစ်သည့်အတွက် ဤသို့လုပ်ဆောင်ရန် အကြောင်းမရှိကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် အဆိုပါလုပ်ရပ်မျိုးမည်သည့်သံရုံးကိုမျှ မလုပ်ပါကြောင်း၊ မြန်မာနိုင်ငံ သိက္ခာကျစေရန်နှင့် မြန်မာ-အင်ဒိုနီးရှား နှစ်နိုင်ငံချစ်ကြည်ရေး ထိပါးစေရန် ရည်ရွယ်ချက်နှင့် ဤသို့စွပ်စွဲခြင်းသာဖြစ်ပါကြောင်း၊ အင်ဒိုနီးရှားသမ္မတနိုင်ငံအနေဖြင့် ဤမဟုတ်မမှန်သော မီဒီယာသတင်းများ ပပျောက်သွားစေရန် ဆောင်ရွက်ပေးနိုင်လိမ့်မည်ဟု မျှော်လင့်ပါကြောင်း စသည်ဖြင့် ပြောကြားခဲ့သည်။

(သတင်းစဉ်)

ဖျာပုံမြို့နယ်အသင်း ဝါဆိုသင်္ကန်း ကပ်လှူမည်

ရန်ကုန် ဇူလိုင် ၁၂

ဖျာပုံမြို့နယ်အသင်း (ရန်ကုန်)၏ စတုတ္ထအကြိမ်မြောက် ဝါဆိုသင်္ကန်းကပ်လှူပူဇော်ပွဲကို ဇူလိုင် ၂၅ရက် (တနင်္ဂနွေနေ့) မွန်းလွဲ ၁နာရီတွင် ဗိုလ်တထောင်မြို့နယ် ဘိုကလေးဈေးလမ်း အမှတ်(၃၀)ရှိ ဖျာပုံမြို့နယ်အသင်းတိုက်တွင် ကျင်းပမည်ဖြစ်ရာ လမ်းမတော်မြို့နယ် သရက်တောကျောင်းတိုက်ဝင်း သီရိမင်္ဂလာ ဖျာပုံကျောင်းတိုက် ဆရာတော်အမှူးပြုသော သံဃာတော်ငါးပါးအား ပင့်ဆောင်ပူဇော်မည်ဖြစ်သည်။ အသင်းဝင်များ၊ ဖျာပုံမိသားစုဝင်များ ကြွရောက်ကြရန်နှင့် ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများကို ဖျာပုံမြို့နယ်အသင်းတိုက် ဖုန်း-၂၉၁၀၈၃သို့ ဆက်သွယ်ပေးပို့လှူဒါန်းနိုင်ကြောင်းနှိုးဆော်ထားသည်။(က-ပ)

ပေးအပ်လှူဒါန်း

မရမ်းကုန်းမြို့နယ် (၈)ရပ်ကွက် သမာဓိ(၁)လမ်း အမှတ်(၁)နေ ဒေါ်အေးကြည်မိသားစုက မွေးနေ့အလှူအဖြစ် ဇီဝိတဒါနသံဃာ့ဆေးရုံကြီးသို့ ထာဝရဆွမ်း၊ ဆေးငွေပဒေသာပင် အလှူတော်ငွေ ကျပ်တစ်သိန်းကို ဇူလိုင် ၂ရက်က ပေးအပ်လှူဒါန်းရာ ဆေးရုံအုပ်ချုပ်ရေးအဖွဲ့-အဖွဲ့ဝင် ဦးဝင်းထိန် လက်ခံယူစဉ်။

(က-ပ)

ကျူးဘားနိုင်ငံအား အမေရိကန်က ပိတ်ပင်အရေးယူမှု တရားမျှတမှုမရှိသည့်အပြင် ကျိုးကြောင်း မဆီလျော်ဟု ပြောဆို

ဟာဗားနား ဇူလိုင် ၁၁

အမေရိကန်ပြည်သူ့အုပ်စုအဖွဲ့က အမေရိကန်ပြည်ထောင်စုအတွင်း စုဆောင်းခဲ့သည့် ထောက်ပံ့ရေးပစ္စည်း ၁၂၆ တန်ကို လှူဒါန်းရန် ကျူးဘားနိုင်ငံသို့ သွားရောက်ခဲ့ကြခြင်းဖြင့် ကျူးဘားနိုင်ငံသို့ မသွားရန် အမေရိကန်သမ္မတဘုရှ်အစိုးရ၏ ပြင်းထန်သော ကန့်သတ်ချုပ်ချယ်မှုအသစ်များကို စနေနေ့က ပြောင်ပြောင်တင်းတင်း စိန်ခေါ်လိုက်သည်။

— ရောက်ရှိ —

အစိုးရပြောင်းပစ်ရမှာက ကျူးဘားနိုင်ငံမဟုတ်။ အမေရိကန်ပြည်ထောင်စုတွင်သာပြောင်းလဲပစ်ရမည်" ဟူသော စာတန်းများ ရေးထားသည့် တီရှပ်များကို ဝတ်ဆင်ထားသည့် အမေရိကန်လူသားချင်း စာနာထောက်ထားရေးအသင်းတစ်သင်းဖြစ်သည့် ငြိမ်းချမ်းရေးဆိုင်ရာ သင်းအုပ်ဆရာများအဖွဲ့မှ အဖွဲ့ဝင် ၁၂၀တို့သည် မက္ကဆီကိုနိုင်ငံမှတစ်ဆင့် ကျူးဘားနိုင်ငံ ဟာဗားနား မြို့တော်သို့ ရောက်ရှိလာကြသည်။

စာသင်ကျောင်းသုံးဘတ်စ်ကားများ၊ ဆေးဝါး၊ ဆေးပစ္စည်း၊ ကွန်ပျူတာနှင့် စာအုပ်များပါဝင်သည့် ထောက်ပံ့ရေးပစ္စည်းများ ရောက်မလာမီတွင် အဆိုပါအဖွဲ့ဝင် ၁၂၀တို့က ဟာဗားနားမြို့သို့ ဆိုက်ရောက်လာကြခြင်းဖြစ်သည်။

— စိန်ခေါ် —

မိမိတို့၏ တစ်ခုတည်းသော ရည်ရွယ်ချက်မှာ ကျူးဘားနိုင်ငံအား မိမိတို့ အမေရိကန်အစိုးရ၏ ပိတ်ပင်မှုကို စိန်ခေါ်ရန်ပင်ဖြစ်ကြောင်းဖြင့် အဖွဲ့ခေါင်းဆောင် လူစီယပ်ဝေါကားက ပြောဆိုသည်။

ကျူးဘားနိုင်ငံသို့ ခွင့်ပြုချက်မရှိဘဲ သွားရောက်ကြသည့်အတွက် အမေရိကန်ပြည်ထောင်စုသို့ ပြန်အရောက်တွင် ၎င်းတို့၏ အဖွဲ့ဝင်များကို ဒဏ်ငွေရိုက်မည်ဟု အမေရိကန်အာဏာပိုင်များက ခြိမ်းခြောက်ထားကြောင်း၊ ထိုသို့ အာဏာပိုင်များဘက်က ခြိမ်းခြောက်လာခြင်းဖြင့် မိမိတို့၏ ဆုံးဖြတ်ချက်ကို ပိုမိုခိုင်မာသွားစေသည်သာဖြစ်ကြောင်း မစ္စတာဝေါကားက ပြောဆိုလိုက်သည်။

ငြိမ်းချမ်းရေးဆိုင်ရာသင်းအုပ်ဆရာများအဖွဲ့က ကျူးဘားနိုင်ငံသို့ ထောက်ပံ့ရေးပစ္စည်းများ ပေးပို့လာခဲ့သည်မှာ ယခုနှစ်တွင် (၁၅)ကြိမ်မြောက်ဖြစ်သည်။ သို့သော် ယခုနှစ် ကျူးဘားခရီးစဉ်မှာ ကျူးဘားသမ္မတ ကက်စထရိုအား ရာထူးမှဖယ်ရှားရန် ရည်ရွယ်သည့် နှစ်ပေါင်း ၄၀ကြာ ပိတ်ပင်မှုကို အမေရိကန်အစိုးရက ပိုမိုတင်းကျပ်လိုက်စဉ်တွင် လာရောက်ခြင်းဖြစ်သည်။

ကျူးဘားသမ္မတ ကက်စထရိုအား ဖိအားပေးရန် ကျူးဘားနိုင်ငံသည် မိသားစုငွေလွှဲမှုနှင့် ကျူးဘားသွားရောက်သည့်အရေးကို သမ္မတဘုရှ်က လွန်ခဲ့သည့်လက တင်းတင်းကျပ်ကျပ် ချုပ်ချယ်ကန့်သတ်လိုက်သည်။ တစ်ချိန်တည်းမှာပင် ကျူးဘားနိုင်ငံသို့ ခွင့်မပြုဘဲ သွားရောက်သည့် အမေရိကန်နိုင်ငံသားများကို အမေရိကန်ဒေါ်လာ ၇၅၀၀အထိ ဒဏ်ငွေတပ်ရန် အမေရိကန်အစိုးရက ခရီးသွားပိတ်ပင်လိုက်သည်။

— ဟောင်းနွမ်း —

ကျူးဘားနိုင်ငံအား ပိတ်ပင်ခြင်းမှာ တရားမျှတမှုမရှိသည့်ပြင် ကျိုးကြောင်းဆီလျော်မှုမရှိကြောင်း၊ စစ်အေးတိုက်ပွဲကာလက ဟောင်းနွမ်းနေပြီဖြစ်သော ကျူးဘားနိုင်ငံဆိုင်ရာ အမေရိကန်၏ ရန်လိုသော မူဝါဒများကို ပြောင်းပြန်လှန်ပစ်ရန် အမေရိကန်ပြည်သူများက လိုလားလာကြပြီ ဖြစ်ကြောင်း မစ္စတာဝေါကားက ပြောကြားလိုက်သည်။

အမ်အင်အေ၊ ရိုက်တာ။

တောင်ကိုရီးယားနိုင်ငံ ဆိုးလ်မြို့တွင် အီရတ်နိုင်ငံသို့ တပ်ဖွဲ့ဝင်များ စေလွှတ်ခြင်းအား ကန့်ကွက်ဆန္ဒပြနေသည့် ကိုရီးယားများကို ဇူလိုင် ၁၀ ရက်က တွေ့ရစဉ်။ *(ဓာတ်ပုံ-အင်တာနက်)*

အီရတ်လက်နက်ကိစ္စ မီဒီယာသတင်းဖော်ပြမှု တိုနီဘလဲအတွက် စိတ်အနှောင့်အယှက်ဖြစ်ရ

လန်ဒန် ဇူလိုင် ၁၁

ဆက်ဒမ်ဟူစိန်အနေဖြင့် ၎င်း၏ အစုအပြုံလိုက် သေစေနိုင်သည့် အဖျက်လက်နက်များ (ဒဗလျူအမ်ဒီ) ကို ၄၅မိနစ်အတွင်း ဖြန့်ကြက်နိုင်သည်ဟူသော ပြောကြားချက်သည် မရေမရာ မှုန်ဝါးဝါးဖြစ်ပြီး အခြေခိုင်မာမှုမရှိဟု စုံစမ်းစစ်ဆေးရေးအဖွဲ့က ကောက်ချက်ချကြောင်း သတင်းမီဒီယာများ၏ သတင်းဖော်ပြမှုများကြောင့် ဗြိတိသျှဝန်ကြီးချုပ် တိုနီဘလဲသည် နောက်ထပ် စိတ်အနှောင့်အယှက်ဖြစ်စရာနှင့် ရင်ဆိုင်တွေ့ကြုံနေရပြန်ပြီဖြစ်သည်။

ယင်း၄၅မိနစ်အတွင်း လက်နက်ဖြန့်ကြက်နိုင်မှု အယူအဆမှာ တိုနီဘလဲက အီရတ်နိုင်ငံအပေါ် တိုက်ခိုက်မှု တရားမျှတကြောင်းပြသရန် အသုံးပြုသည့် အယူအဆသာဖြစ်ပြီး ၂၀၀၂ခုနှစ် စက်တင်ဘာလအတွင်း အီရတ်နိုင်ငံနှင့် ပတ်သက်သည့် ဒဗလျူအမ်ဒီဆိုင်ရာ ဗြိတိသျှအစိုးရ၏ မှတ်တမ်းမှတ်ရာများတွင်လေးကြိမ်ဖော်ပြခဲ့ပြီးဖြစ်သည်။

သို့ရာတွင် အဆိုပါတားမြစ်လက်နက်များကို အီရတ်နိုင်ငံတွင် ရှာဖွေတွေ့ရှိခြင်း မရှိခဲ့ပေ။

၄၅မိနစ်အတွင်း ဒဗလျူအမ်ဒီ လက်နက်ဖြန့် ကြက်နိုင်မည်ဆိုသော အယူအဆကြောင့် ဗြိတိသျှအစိုးရအဖွဲ့ ဂုဏ်သိက္ခာ ကျဆင်းခဲ့ရသည်။ တိုနီဘလဲကိုယ်တိုင်ကပင် ယင်းအဖျက်လက်နက်များ မည်သည့်အခါတွင်မှ ရှာတွေ့နိုင်ဖွယ် မရှိတော့ကြောင်း ဝန်ခံပြောကြားသည်။

ဇူလိုင်၁၄ရက်တွင် ထုတ်ဝေဖြန့်ချိမည့် လော့ဒ်ဘတ်တလာ၏ အီရတ်စစ်မဖြစ်မီ ထောက်လှမ်းရေး အစီရင်ခံစာတွင် ယင်း၄၅မိနစ် လက်နက်ဖြန့်ကြက်ရေး အယူအဆသည် သတင်းအခြေအမြစ်အားနည်းပြီး မရေမရာပိုးတစ်ဝါးဖြစ်မှုကြောင့် မည်သည့်အခါကမှ ထုတ်ပြန်ကြေညာခြင်း မရှိသင့်ဟု ကောက်ချက်ချထားသည်ဟု အီးဗနင်းစတင်းဒတ်သတင်းစာက သောကြာနေ့တွင် ရေးသားဖော်ပြထားသည်။

အီရတ်စစ်ပွဲသည် ကုလသမဂ္ဂ၏ ဆုံးဖြတ်ချက်မပါဘဲနှင့် ဖြစ်ပွားသောကြောင့် ဥပဒေနှင့်ညီညွတ်မှု မရှိနိုင်ကြောင်း တရားဝင်အကြံပေးချက် အပေါ် ဗြိတိသျှနိုင်ငံခြားရေးဝန်ကြီး ဂျက်စထရောက ပြောင်းလဲပြင်ဆင် ဆုံးဖြတ်ခဲ့ကြောင်း လော့ဒ်ဘတ်တလာက ပြောကြားခဲ့ကြောင်းဖြင့် အဆိုပါသတင်းစာက ရေးသားဖော်ပြသည်။

ဘတ်တလာ၏ အစီရင်ခံစာက ထောက်လှမ်းရေး သတင်းများ၏ ကန့်သတ်မှုများကိုသာ မီးမောင်းထိုးပြထားကြောင်း ဘီဘီစီသတင်းဌာနက စုံစမ်းရေးအဖွဲ့ဝင်တစ်ဦးအား ကိုးကားဖော်ပြထားသည်။

၄၅မိနစ်အတွင်းလက်နက်ဖြန့်ကြက်မှု အယူအဆမှန်ကန်ကြောင်း ခိုင်ခိုင်လုံလုံ သက်သေပြနိုင်သည့်အထောက်အထား အားနည်းပြီး အီရတ်နှင့်စပ်လျဉ်း၍ စုဆောင်းရသမျှ ထောက်လှမ်းရေး သတင်းမှာ လုံလောက်မှုမရှိကြောင်း ဘတ်တလာ၏ အစီရင်ခံစာတွင် ကောက်ချက်ချမည်ဖြစ်သည်ဟု ဖိုင်နင်ရှယ်တိုင်းမ်သတင်းစာက ဖော်ပြထားသည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

ဇူလိုင် ၁၁ ရက်က အီရတ်နိုင်ငံ မြို့တော်ဘဂ္ဂဒက်တွင် တိုက်ခိုက်ခံရမှုကြောင့် ပျက်စီးသွားသော မော်တော်ယာဉ်တစ်စီးကို တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

အီရတ်မြို့ကြီးများ စိန်ပြောင်းဖြင့် ပစ်ခတ်တိုက်ခိုက်ခံရ

ဘဂ္ဂဒက် ဇူလိုင် ၁၀

စိန်ပြောင်းဖြင့်ပစ်ခတ်တိုက်ခိုက်မှုကြောင့် ကျယ်လောင်သည့် ပေါက်ကွဲသံကြီး ဘဂ္ဂဒက်မြို့လယ်၌ တုန်ဟည်းသွားပြီး လေထဲသို့ မီးခိုးလိပ်ကြီး ကောင်းကင်ယံသို့တက်လာကြောင်း အမေရိကန်လုံခြုံရေး ကန်ထရိုက်တာ တစ်ဦးက ပြောကြားသည်။

မိမိတို့ စိန်ပြောင်းဖြင့် ပစ်ခတ်တိုက်ခိုက်ခံရခြင်းဖြစ်ကြောင်း သောကြာနေ့ နှောင်းပိုင်းက အခင်းဖြစ်ပွားရာ နေရာသို့ လူနာတင်ကားများနှင့် ရဲကားများ ရောက်ရှိလာစဉ် အဆိုပါ လုံခြုံရေးကန်ထရိုက်တာက အယ်လ်ဒီးယားဟိုတယ် တစ်ခုအနီးတွင် ပြောကြားသည်။

ယင်းသို့ပေါက်ကွဲမှုကြောင့် လူအချို့ ဒဏ်ရာရရှိခဲ့ကြောင်း မျက်မြင်တွေ့ရှိသူများက ပြောကြားသည်။ ပေါက်ကွဲမှုမှာ ဟိုတယ်အနီးတွင် ဖြစ်ပွားပုံရကြောင်း ရိုက်တာသတင်းထောက်တစ်ဦးက ပြောကြားသော်လည်း ချက်ခြင်း အတည်ပြုချက် မရှိနိုင်သေးပေ။

အယ်လ်ဒီးယားဟိုတယ်မှ ကီလိုမီတာအနည်းငယ်အကွာတွင်တည်ရှိသည့် အယ်ဂျာဇီရာ ရုပ်/သံ၏ ရုံးအပေါ်တွင် ဒုံးကျည်ကျော်လွှား၍သွားကြောင်း ဘဂ္ဂဒက်မြို့ရှိ အယ်ဂျာဇီရာ သတင်းထောက် အဘူအမ် အက်ဒင်မိုဟာမက်က ပြောကြားသည်။ ခြောက်နှစ်သားအရွယ်ကလေးငယ်နှင့် အခြားကလေးငယ် တစ်ဦးတို့ အပါအဝင် အီရတ်လေးဦးသေဆုံးကြောင်း သိရသည်ဟု ၎င်းက ပြောကြားသည်။

အီရတ်နိုင်ငံ ဆာမာရာမြို့တွင်လည်း သောကြာနေ့က ဒုတိယမြောက်နေ့အဖြစ် တိုက်ပွဲဖြစ်ပွားရာတွင် စိန်ပြောင်းဖြင့်ပစ်ခတ်မှုကြောင့် အီရတ်နှစ်ဦး သေဆုံးပြီး တစ်ဦးဒဏ်ရာရရှိသွားကြောင်း ဆေးရုံသတင်း ရပ်ကွက်က ပြောကြားသည်။ ***အင်တာနက်။***

ဘုရှ်အစိုးရ ခန့်အပ်ထားသည့် သိပ္ပံဆိုင်ရာ အကြံပေးအဖွဲ့ တင်းကျပ်သည့် ထိန်းချုပ်မှုများ ပြုလုပ်ခံရ

ဝါရှင်တန် ဇူလိုင် ၉

အမေရိကန်ဘုရှ်အစိုးရသည် ၎င်းစိတ်ကြိုက်ရွေးချယ်ထားသည့် သဘောတရားရေးသမားများအား သိပ္ပံဆိုင်ရာ အကြံပေးအဖွဲ့တွင် ခန့်ထားလျက်ရှိပြီး အခြားနိုင်ငံများမှ လုပ်ဖော်ကိုင်ဖက် ပညာရှင်များနှင့် သဘောတရားချင်း မျှဝေလုပ်ကိုင်လိုသည့် သုတေသီများအပေါ် တင်းကျပ်သည့် ထိန်းချုပ်မှုများ ပြုလုပ်လျက်ရှိကြောင်း သိပ္ပံပညာရှင်များ အုပ်စုတစ်စုက ကြာသပတေးနေ့တွင် စွပ်စွဲပြောကြားလိုက်သည်။

ဘုရှ်အစိုးရ၏ မူဝါဒများပြုပြင်ရန်အတွက် နှစ်ချီကြာနိုင်ကြောင်း၊ ယင်းကဲ့သို့သော အချိန်အတွင်း အမျိုးသားကျန်းမာရေးဌာနနှင့် အခြားအစိုးရဌာနများမှ အကောင်းဆုံးနှင့် အထူးချွန်ဆုံးသော ပညာရှင်များသည် လုပ်ငန်းခွင်မှ မောင်းထုတ်ခံရမည့် အန္တရာယ်ရှိကြောင်း သိပ္ပံပညာရှင်များ သမဂ္ဂ၏ အစီရင်ခံစာတွင်ဖော်ပြထားသည်။

သိပ္ပံပညာရှင် ၄၀၀၀ ကျော်က ပြည်နယ်ဆိုင်ရာမူဝါဒ ချမှတ်ရေးတွင် သိပ္ပံဆိုင်ရာ ဂုဏ်သိက္ခာ ပြန်လည်ဆည်ရေးအတွက် ပူးပေါင်းရန် တိုက်တွန်းနှိုးဆော်ကြောင်းဖြင့် ဒေါက်တာကုဂေါ့ဖရိုက် ဦးဆောင်သည့် အဆိုပါသမဂ္ဂက ပြောကြားသည်။

အစိုးရအဖွဲ့သစ်ပြောင်းရုံဖြင့် ယင်းပြဿနာ ပြေလည်သွားပြီဟု တစ်ဦးတစ်ယောက်က ယူဆမည်ဟု မိမိမထင်မိကြောင်း ကုဂေါ့ဖရိုက်က သတင်းထောက်များအား ပြောကြားသည်။ ယခုလက်ရှိအစိုးရအောက်တွင် ဖြစ်ပျက်နေသမျှသည် ယဉ်ကျေးမှုဆိုင်ရာ ပြောင်းလဲမှုဖြစ်ကြောင်း၊ ၎င်းယဉ်ကျေးမှုဆိုင်ရာ ပြောင်းလဲမှုအား ကိုင်တွယ်ကုစားပြီး ခိုင်မြဲစေရန် ဆောင်ရွက်ရမည်ဖြစ်ကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

လူ့ခရိုမိုဆုမ်းသုတေသနဆိုင်ရာအမျိုးသားအကြံပေးကောင်စီ၏ အဖွဲ့ဝင်အဖြစ် မကြာမီက ခန့်အပ်ခံရသူ စတန်းဖို့တက္ကသိုလ်မှ ဒေါက်တာ ရစ်ချတ်မိုင်ယာ့စ်နှင့် တက္ကဆပ်ပြည်နယ် ဘေလာဆေးကောလိပ်မှ ဒေါက်တာ ဂျော့ဂျ်ဝင်း စတော့တို့က ၎င်းတို့အားရွေးချယ်ခန့်ထားစဉ် အခါက မသင့်လျော်သည့်မေးခွန်းများ အမေးခံခဲ့ရကြောင်း ပြောကြားကြသည်။ ***အမ်အင်အေ၊ရိုက်တာ။***

နိုင်ငံတကာ သတင်းများ

အီရတ်ဆိုင်ရာ ထောက်လှမ်းရေးသတင်းများ၏ ချို့ယွင်းအားနည်းမှု စီအိုင်အေ ဒုတိယညွှန်ကြားရေးမှူး ဝန်ခံပြောကြား

ဝါရှင်တန် ဇူလိုင် ၁၁

အီရတ်အစိုးရတွင် အစုအပြုံလိုက် ဖျက်ဆီးနိုင်သော အဖျက်စွမ်းအား မြင့်မားသည့် လက်နက်များရှိသည်ဆိုမှုနှင့် ပတ်သက်၍ စစ်ပွဲမစမီ အမေရိကန် ထောက်လှမ်းရေး သတင်းအချက်အလက်များတွင် ချို့ယွင်းအားနည်းချက်များရှိကြောင်း အမေရိကန် စီအိုင်အေဒုတိယညွှန်ကြားရေးမှူး ဂျွန်မက်လပ်လင်က သောကြာနေ့တွင် တရားဝင် ဝန်ခံလိုက်သည်။ သို့သော် ထိုအားနည်းချက်များကို များစွာ ပုံကြီးချဲ့လျှင် မှားယွင်းသွားမည်ဖြစ်ကြောင်း ၎င်းက ထည့်သွင်းပြောကြားလိုက်သည်။

ဇူလိုင် ၁၀ ရက်က အီရတ်နိုင်ငံ မြို့တော်ဘဂ္ဂဒက်ရှိအဝေးပြေးလမ်းမတွင် လုံခြုံရေးဆောင်ရွက်ရန် ပြင်ဆင်နေသည့် ကန်တပ်ဖွဲ့ဝင်များကို တွေ့ရစဉ်။ *(ဓာတ်ပုံ–အင်တာနက်)*

အမေရိကန် အထက်လွှတ်တော် ထောက်လှမ်းရေးကော်မတီက ထိုနေ့ စောစောပိုင်းတွင် အစီရင်ခံစာ ထုတ်ပြန်လိုက်ခြင်းကို တုံ့ပြန်သည့် အနေဖြင့် စီအိုင်အေ ဒုတိယညွှန်ကြားရေးမှူး ဂျွန်မက်လပ်လင်က သတင်းစာရှင်းလင်းပွဲပြုလုပ်ပြီး သဘောထား ထုတ်ပြန်လိုက်ခြင်းဖြစ်သည်။

ဝေဖန်

အီရတ်၏ အစုအပြုံလိုက် ဖျက်ဆီးနိုင်သည့် လက်နက်များအရေးကို ပိုမိုတွက်ချက်ပြီး အမေရိကန် ဦးဆောင်သည့်တပ်များ အီရတ်ကို မတိုက်မီ သမ္မတဘုရှ် အစိုးရအား မှားယွင်းသည့် ကောက်ချက်များပေးခဲ့သည်ဟု အထက်လွှတ်တော်ထောက်လှမ်းရေးကော်မတီ၏ အစီရင်ခံစာ၌ အမေရိကန် ထောက်လှမ်းရေး အေဂျင်စီများကို ဝေဖန်ဖော်ပြထားသည်။

တုံ့ပြန်

အီရတ်စစ်ပွဲ မစမီက ထောက်လှမ်းရေး သတင်းအချက်အလက်များတွင် အားနည်းချက်များ ရှိသည်ကို မိမိတို့ လက်ခံကြောင်း၊ သို့သော် များစွာပုံကြီးမချဲ့သင့်ကြောင်း၊ အထက်လွှတ်တော် ထောက်လှမ်းရေးကော်မတီ၏ အစီရင်ခံစာမှာ အီရတ်အနေဖြင့် ဓာတုနှင့် ဇီဝလက်နက်များ ပိုင်ဆိုင်ထားပြီး နျူကလီးယားလက်နက်များ အစီအစဉ်ကို ချမှတ်ဆောင်ရွက်နေသည်ဟု အခိုင်အမာပြောခဲ့သည့် ၂၀၀၂ခုနှစ် အောက်တိုဘာလက အမျိုးသားထောက်လှမ်းရေး ခန့်မှန်းချက် အထောက်အထား တစ်ခုတည်းကိုသာ အခြေခံအားဖြင့် ခြေခြေမြစ်မြစ် ရှုမြင်လေ့လာထားခြင်း ဖြစ်ကြောင်း စီအိုင်အေ ဒုတိယညွှန်ကြားရေးမှူးက တုံ့ပြန်ဝေဖန်လိုက်သည်။

အမ်အင်အေ၊ဆင်ဟွာ။

အကျဉ်းသားများကို လွှတ်မပေးလျှင် ဘူဂေးရီးယား ဓားစာခံများကို သတ်မည်ဟု ခြိမ်းခြောက်

ဒူဘိုင်း ဇူလိုင် ၉

အမေရိကန်နှင့် အပေါင်းပါတို့က ဖမ်းဆီးထားသော အကျဉ်းသားများကို လွှတ်မပေးလျှင် မိမိတို့လက်တွင်း ရောက်ရှိနေသော ဘူဂေးရီးယားဓားစာခံနှစ်ဦးကို ၂၄ နာရီအတွင်း သတ်ပစ်မည်ဟု အီရတ်မှ စစ်သွေးကြွများက ခြိမ်းခြောက်ကြောင်း ကြာသပတေးနေ့က ပြသသည့် ဗီဒီယိုတိပ်ခွေအရ သိရသည်။

ဗီဒီယိုတိပ်ခွေကို ထုတ်လွှင့်ပေးသည့် အယ်ဂျာဇီရာ ရုပ်မြင်သံကြားဌာနက အဆိုပါတိပ်ခွေကို ဂျော်ဒန်နိုင်ငံသား အဘူမူဆာအယ်ကာဇာဒါဝီ ဦးဆောင်သည့် အုပ်စုထံမှ ရရှိခြင်းဖြစ်သည်ဟု ပြောဆိုသည်။

သတ်ပစ်မည်

ဖမ်းဆီးထားသူများ၏ ရှေ့တွင် ထိုင်နေသော ဘူဂေးရီးယားနှစ်ဦးကို ဗီဒီယိုတိပ်ခွေတွင် ပြသထားပြီး ဖမ်းဆီးခံနေရသူ အီရတ်တို့ကို လွှတ်မပေးလျှင် ၎င်းတို့နှစ်ဦးကို သတ်ပစ်မည်ဟု ပြောကြားလိုက်သည်။

ကွဲကွဲပြားပြားမသိရ

ဘူဂေးရီးယား အရာရှိများထံမှ ထိုကိစ္စနှင့်စပ်လျဉ်း၍ တစ်စုံတစ်ရာ ဝေဖန်ပြောဆိုခြင်းမပြုပေ။ ထို့ပြင် ဓားစာခံအဖြစ် ဖမ်းဆီးခံနေရသူ ဘူဂေးရီးယားနှစ်ဦးမှာ အရပ်သားလော၊ သို့မဟုတ် တပ်ဖွဲ့ဝင်လော ကွဲကွဲပြားပြား မသိရသေးဟုဆိုသည်။

မဟာမိတ်

ဘူဂေးရီးယားနိုင်ငံသည် အီရတ်စစ်ပွဲတွင် အမေရိကန်၏မဟာမိတ်ဖြစ်ပြီး အမေရိကန်ဦးဆောင်သည့် တပ်များတွင် ဘူဂေးရီးယားတပ်ဖွဲ့ဝင်များ စေလွှတ်ကူညီသည့် နိုင်ငံဖြစ်သည်။

လွန်ခဲ့သည့် လအနည်းငယ်အတွင်းတွင် အီရတ်၌ နိုင်ငံခြားသား အတော်များများကို ပြန်လွှတ်ပေးမှုများ ပေါ်ပေါက်ခဲ့သည်။ ဓားစာခံ အနည်းဆုံး သုံးဦးကို သတ်ပစ်ခဲ့ပြီး အချို့ကို ပြန်လွှတ်ကာ အချို့ကို ဆက်လက်ဖမ်းဆီးထားသည်။

အမ်အင်အေ၊ရိုက်တာ။

စစ်မဖြစ်မီက အီရတ်ထောက်လှမ်းရေးသတင်းကိစ္စ အမေရိကန် အထက်လွှတ်တော် စုံစမ်းရေး ကော်မတီ အစီရင်ခံစာထုတ်ပြန်

ဝါရှင်တန် ဇူလိုင် ၁၁

အမေရိကန်အစိုးရက အီရတ်ကို ကျူးကျော်စစ်ဆင်ရာ၌ မှားယွင်းသော ထောက်လှမ်းရေးသတင်းများအပေါ် အခြေခံကာ ဆောင်ရွက်ခဲ့သည်။ ထိုသတင်းများနှင့် ပတ်သက်၍ စီအိုင်အေ၏ လုပ်ရပ်အပေါ် ခပ်ကြမ်းကြမ်း ဝေဖန်ထားသော ဆီးနိတ်စုံစမ်းရေးကော်မတီ အစီရင်ခံစာကို ထုတ်ပြန်လိုက်ပြီ ဖြစ်သည်။

ဆီးနိတ် စုံစမ်းရေးကော်မတီ၏ အစီရင်ခံစာသည် စာမျက်နှာ ၄၀၀ ရှိသည်။ ထိုအစီရင်ခံစာနှင့် ပတ်သက်သော သတင်းစာရှင်းလင်းပွဲကို ဇူလိုင် ၉ရက်နေ့ စောစောပိုင်းတွင် ကျင်းပသည်။ အီရတ်စစ် မဖြစ်မီ ရရှိထားသော ထိုနိုင်ငံ၏ ထောက်လှမ်းရေးသတင်းများဆိုင်ရာ အစီရင်ခံစာကို ပြုစုရာတွင် တစ်နှစ်ကျော်မျှ အချိန်ယူခဲ့ရသည်။

ထုတ်ပေး

အမေရိကန် ထောက်လှမ်းရေး စီအိုင်အေသည် အီရတ်၏လက်ဝယ်တွင် ဖျက်အားကြီးမားသော ဒဗလျူအမ်ဒီ လက်နက်များ ရှိနေသည်ဟု ပုံပေါ်စေသော မှားယွင်းသည့် ထောက်လှမ်းရေးသတင်းများကို ထုတ်ပေးခဲ့သည်။

ထုတ်ပြန်မည်

စီအိုင်အေ၏ အဆိုပါ ချို့ယွင်းအားနည်းနေသည့် မအောင်မြင်သည့် လုပ်ရပ်နှင့် ပတ်သက်၍ နက်ရှိုင်းစွာလည်းကောင်း၊ ကျယ်ပြန့်စွာလည်းကောင်း လေ့လာထားသော အစီရင်ခံချက်ကို ထုတ်ပြန်လိုက်ပြီဖြစ်ကြောင်း ဆီးနိတ် ဒီမိုကရက်တစ်အမတ် ကားလ်လီဗင်က ပြောကြားသွားသည်။

အမေရိကန် ထောက်လှမ်းရေးအဖွဲ့ စီအိုင်အေသည် ထောက်လှမ်းရေး သတင်းများကို ပြည့်ပြည့်စုံစုံရအောင် မဆောင်ရွက်ခြင်း၊ ကရော်ကမည် ဆန်းစစ်ခဲ့ခြင်း၊ အကိုးအကား အထောက်အပံ့ မပြည့်စုံသော အရင်းအမြစ်များအပေါ် အားပြုခြင်းနှင့် မမှန်ကန်သော အချက်အလက်များကို သုံးစွဲခဲ့ခြင်းများအတွက် မညှာမတာ အပြစ်ဆိုထားသော အစီရင်ခံစာဖြစ်သည်ဟု ထိုအစီရင်ခံစာကို ဖတ်ခဲ့ရသူ အရာရှိများက ပြောကြားကြသည်။

ဝေဖန်ထိုက်

ထိုအစီရင်ခံစာပါ ဝေဖန်ချက်များသည် ဝေဖန်သင့် ဝေဖန်ထိုက်သော အချက်များပင်ဖြစ်သည်ဟု လီဗင်က ဆက်လက်ပြောကြားသည်။

စိစစ်တင်ပြထား

အီရတ်နိုင်ငံအပေါ် အကြမ်းဖက်မှုများနှင့် ဆက်စပ်မှုရှိသည်ဆိုသော စွပ်စွဲချက်များ၊ အရှေ့အလယ်ပိုင်းဒေသ တည်ငြိမ်ရေးကို အီရတ်နိုင်ငံက ခြိမ်းခြောက်နေသည်ဆိုသော အနေအထားနှင့် ဘဂ္ဂဒက်၏ လူ့အခွင့်အရေး ချိုးဖောက်မှု ကိစ္စရပ်များနှင့် ပတ်သက်၍လည်း ဆီးနိတ်ကော်မတီ၏ အစီရင်ခံစာတွင် စိစစ်တင်ပြထားသည်ဟု ဆိုသည်။

ဒုတိယအစီရင်ခံစာ

စီအိုင်အေ၏ ထောက်လှမ်းရေးကိစ္စရပ်များနှင့်သက်ဆိုင်သော အစီရင်ခံစာ တင်ပြအပြီးတွင် ဒုတိယ အစီရင်ခံစာ တစ်စောင်လည်း တင်ပြသွားရန် ရှိသည်။ ဒုတိယ အစီရင်ခံစာမှာမူ စီအိုင်အေ၏ ထောက်လှမ်းရေးသတင်းများကို အမေရိကန်အစိုးရက အသုံးပြုပုံနှင့် ပတ်သက်၍ ဆန်းစစ်သုံးသပ်ချက် အစီရင်ခံစာဖြစ်သည်။ ဒုတိယ အစီရင်ခံစာမှာ ယခုနှစ်ကုန်လောက်တွင် ထွက်လာမည်ဖြစ်သည်ဟု လီဗင်က ဆိုသည်။

လနှင့်ချီ

ယခုအစီရင်ခံစာကို ပြုစုရာတွင် ဥက္ကဋ္ဌအဖြစ် တာဝန်ယူခဲ့သူမှာ ရီပတ်ဘလီကန် ဆီးနိတ်အမတ် ရောဘတ်ဖြစ်သည်။ ၎င်းက ဆီးနိတ်ထောက်လှမ်းရေးကော်မတီ၏အစီရင်ခံစာမှာ လနှင့်ချီ၍ သေချာစွာ သုတေသနပြုလေ့လာဆန်းစစ်ပြီးမှ ရရှိလာသော အစီရင်ခံစာဖြစ်သည်။

သတင်းကောင်းမဟုတ်

သို့ရာတွင် အစီရင်ခံစာကောင်းတစ်ခု ဖြစ်သည်မှာ မှန်သော်လည်း သတင်းကောင်းတစ်ပုဒ်တော့ မဟုတ်ကြောင်းဖြင့်လည်း ဥက္ကဋ္ဌ ရောဘတ်က ဆက်လက်ပြောကြားခဲ့သည်။

ရင်ဆိုင်ကြရဖွယ်

ဆီးနိတ်ထောက်လှမ်းရေးကော်မတီ၏ အစီရင်ခံစာကြောင့် အမေရိကန်က အီရတ်အပေါ် စစ်ပွဲဆင်နွှဲရသည့် အကြောင်းအရင်း၊ အမေရိကန်သမ္မတ ဂျော့ဂျ်၊ ဒဗလျူ၊ ဘုရှ်နှင့် အမေရိကန် လုံခြုံရေးအရာရှိများမှာ အသစ်တစ်ဖန် ဖြစ်ပေါ်လာမည့် ဝေဖန်ပြစ်တင်မှုများနှင့် ထပ်မံ ရင်ဆိုင်ကြရဖွယ်ရာ ရှိသည်ဟု ဆိုသည်။

အင်တာနက်။

ဇူလိုင် ၁၁ရက်က အီရတ်နိုင်ငံ မြို့တော်ဘဂ္ဂဒက်ရှိ ပြန်လည်တည်ဆောက်ရေးနှင့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီပေးရေး အမေရိကန်ရုံးရှေ့တွင် အီရတ်တို့ ဆန္ဒပြနေစဉ်။
(ဓာတ်ပုံ–အင်တာနက်)

ကန်နှင့် ဗြိတိန်ထောက်လှမ်းရေးသတင်းများ အမှားကြီးမှား ဗြိတိန်နိုင်ငံခြားရေးဝန်ကြီးဟောင်း ရော်ဘင်ကွတ် ပြောကြား

လန်ဒန် ဇူလိုင် ၁၁

အီရတ်နိုင်ငံအား စစ်ဆင်တိုက်ခိုက်ရန် အမေရိကန်အစိုးရနှင့် ဗြိတိန်အစိုးရတို့၏ ဆုံးဖြတ်ချက်နောက်ကွယ်ရှိ ထောက်လှမ်းရေးအချက်အလက်များနှင့် စပ်လျဉ်း၍ နှစ်နိုင်ငံ ထောက်လှမ်းရေး အေဂျင်စီများအနေဖြင့် အဓိကအမှားတစ်ခုကို လုပ်ခဲ့ကြောင်းဖြင့် ဘီဘီစီ၏ စနေနေ့ တွေ့ဆုံမေးမြန်းခန်းတွင် ဗြိတိန်နိုင်ငံခြားရေးဝန်ကြီးဟောင်း ရော်ဘင်ကွတ်က ပြောကြားလိုက်သည်။

ထိုအဓိကအမှားကြောင့် အတ္တလန္တိတ်သမုဒ္ဒရာ၏ တစ်ဖက်တစ်ချက်စီတွင် အမှားအယွင်းဖြစ်ကုန်ကြရကြောင်း ရော်ဘင်ကွတ်က သုံးသပ်ပြောဆိုသည်။

မှားယွင်းနေ

အီရတ်အား စစ်ဆင်တိုက်ခိုက်ခြင်းမှာ တရားမျှတပါသည်ဟုဆိုရန် ပင်မအကြောင်းပြချက်များသည်ပင်လျှင် အခြေခံအားဖြင့် မှားယွင်းနေကြောင်း အမေရိကန်အထက်လွှတ်တော် စုံစမ်းစစ်ဆေးရေးအဖွဲ့က ကောက်ချက်ချပြီး နောက်တစ်ရက်တွင် ဗြိတိန်နိုင်ငံခြားရေးဝန်ကြီးဟောင်း ရော်ဘင်ကွတ်က အထက်ပါအတိုင်း ပြောကြားလိုက်ခြင်း ဖြစ်သည်။

အီရတ်သမ္မတဟောင်း ဆက်ဒမ်ဟူစိန်တွင် ဇီဝနှင့် ဓာတုဗေဒလက်နက်များရှိနေပြီး နျူကလီးယား လက်နက်များ ထုတ်လုပ်နေသည်ဟူသော အကြောင်းပြချက်ဖြင့် အမေရိကန်နှင့် ဗြိတိန်အစိုးရတို့က ၂၀၀၃ ခုနှစ် မတ်လတွင် အီရတ်နိုင်ငံအား စစ်ဆင်တိုက်ခိုက်ခြင်းဖြစ်သည်။

မထင်

အီရတ်အား ချက်ချင်းလက်ငင်း စစ်ဆင်တိုက်ခိုက်ရလောက်အောင် ဆက်ဒမ်ဟူစိန်က ခြိမ်းခြောက်နေသည်ဟု အမေရိကန်အစိုးရနှင့် ဗြိတိန်အစိုးရတို့မှအပ မည်သူကမျှ မထင်ကြောင်းဖြင့်လည်း ရော်ဘင်ကွတ်က ပြောကြားလိုက်သည်။

နုတ်ထွက်

အီရတ်စစ်ပွဲနှင့် စပ်လျဉ်း၍ ဗြိတိန်ဝန်ကြီးချုပ် တိုနီဘလဲ၏ သဘောထားရပ်တည်ချက်ကို မကြိုက်နှစ်သက်သဖြင့် ကန့်ကွက်သည့်အနေဖြင့် အီရတ်စစ်မဖြစ်မီ ရက်ပိုင်းအလိုတွင် ရာထူးမှ ရော်ဘင်ကွတ် နုတ်ထွက်လိုက်ခြင်းဖြစ်သည်။ ***အမ်အင်အေ၊ဆင်ဟွာ။***



ဇူလိုင် ၁၀ ရက်က တောင်ကိုရီးယားနိုင်ငံ မြို့တော် ဆိုးလ်ရှိ အမေရိကန် သံရုံးရှေ့တွင် အီရတ်စစ်ပွဲ ဆန့်ကျင်ရေး ဆန္ဒပြနေစဉ်။ *(ဓာတ်ပုံ-အင်တာနက်)*

အီရတ်စစ်ပွဲကို နောက်ခံထားသည့် ရုပ်ရှင်ဇာတ်ကား ဗြိတိန်၌ ပြသ

လန်ဒန် ဇူလိုင် ၉

လန်ဒန်မြို့တော်မှ ရုပ်ရှင်ကြည့်ပရိသတ်များသည် အမေရိကန်သမ္မတ ဂျော့ဂျ်၊ ဘုရှ်အား အပြင်းအထန်ဝေဖန်ရိုက်ကူးထားသည့် အငြင်းပွားဖွယ်ရာဖြစ်သော ဖာရင်ဟိုက် ၉/၁၁ မှတ်တမ်းတင်ရုပ်ရှင်ကားကို အားပေးကြည့်ရှုခဲ့ကြသည်။

အဆိုပါရုပ်ရှင်ကို မိုက်ကယ်မိုးက အမေရိကန်သမ္မတဘုရှ်၏ အီရတ်စစ်ပွဲနှင့် ပတ်သက်သည့် သဘောထား ရပ်တည်ချက်ကို ရှုတ်ချရိုက်ကူးထားခြင်းဖြစ်ပြီး ယခုနှစ် ကိန်းရုပ်ရှင်ပွဲတော်၌ ပထမဆုကို ဆွတ်ခူးခဲ့ခြင်းဖြစ်ကာ ပြီးခဲ့သည့် သောကြာနေ့မှစတင်၍ လန်ဒန်တွင် ရုံတင်ပြသနေပြီဖြစ်သည်။

သို့ရာတွင် ဗြိတိသျှဝန်ကြီးချုပ် တိုနီဘလဲအပေါ်သို့မဟုတ် ဗြိတိန်နိုင်ငံ၏ ပြည်တွင်းရေး မူဝါဒများအပေါ် ထိခိုက်နိုင်သည်ဟု ပရိသတ်က သံသယပွားလျက်ရှိကြသည်။

ဖာရင်ဟိုက် ၉/၁၁ ရုပ်ရှင်မှာ ကောင်းမွန်ပါကြောင်း၊ ယင်းဇာတ်ကားသည် ဘုရှ်အား ပြင်းပြင်းထန်ထန် ဝေဖန်တိုက်ခိုက်ထားကြောင်း၊ သို့ရာတွင် ကောင်းမွန်ကြောင်းဖြင့် ရစ်ချက် ဆိုသော ပရိသတ်တစ်ဦးက ပြောကြားသည်။ ဒါရိုက်တာ မိုက်ကယ်မိုးသည် ဘုရှ်အား သဲသဲမဲမဲ ဝေဖန်တိုက်ခိုက်သူဖြစ်ကြောင်း၊ သို့ရာတွင် ယင်းကိစ္စကို လူတိုင်းသိရှိကြ ကြောင်း၊ မိုးက ဖုံးကွယ်တတ်သူမဟုတ်ကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။ ***အင်တာနက်။***

အီရတ်ရှိ ကန်တပ်ဖွဲ့ဝင်များအတွက် စစ်လက်နက်ပစ္စည်း တင်ပို့သည့် နိုင်ငံခြားတိုင်းပြည်များမှ သင်္ဘောများကို တိုက်ခိုက်မည်ဟု ခြိမ်းခြောက်

ဆိုးလ် ဇူလိုင် ၁၁

အီရတ်နိုင်ငံသို့ အမေရိကန်စစ်ဘက်ဆိုင်ရာ ပစ္စည်းများအား သယ်ယူပို့ဆောင်ပေးနေသည့် တောင်ကိုရီးယားအပါအဝင် နိုင်ငံခြားတိုင်းပြည်များမှ သင်္ဘောများကို တိုက်ခိုက်ရန် လက်နက်ကိုင်အုပ်စုတစ်စုက ခြိမ်းခြောက်ထားကြောင်း တောင်ကိုရီးယားနိုင်ငံ ထောက်လှမ်းရေးဌာန (အင်အိုင်အက်စ်)က ပြောကြားသည်။

ယင်းခြိမ်းခြောက်စာကို အာရပ် ဝက်ဘ်ဆိုက်တစ်ခုတွင် တင်ထားကြောင်း အင်အိုင်အက်စ် ပြောရေးဆိုခွင့်ရှိသူတစ်ဦးက ပြောကြားသည်။

ရေကြောင်း အာဏာပိုင်များနှင့် ရဲတပ်ဖွဲ့အပါအဝင် သက်ဆိုင်ရာဌာနများသို့ ယင်းခြိမ်းခြောက်မှုကို အသိပေးထားပြီး တပ်လှန့်ထားကြောင်း ၎င်းက အေအက်ဖ်ပီသတင်းဌာနသို့ ပြောကြားသည်။

အဆိုပါ လက်နက်ကိုင်အုပ်စုက အမေရိကန်၊ ဟောင်ကောင်၊ နယ်သာလင်နှင့် တောင်ကိုရီးယားနိုင်ငံတို့မှ သင်္ဘောများအား ခြိမ်းခြောက်ချက်ကို ဇူလိုင် ၃ ရက်က အင်တာနက်ဝက်ဘ်ဆိုက်တစ်ခုတွင် တင်ထားခြင်းဖြစ်ကြောင်း အင်အိုင်အက်စ် ပြောရေးဆိုခွင့်ရှိသူတစ်ဦးက ပြောကြားသည်ဟု ချူဆန်သတင်းစာက ဖော်ပြသည်။

ပစ်မှတ်

အီရတ် ခုခံတိုက်ခိုက်သူများအား တိုက်ခိုက်ရသည့် အမေရိကန်တို့အတွက် စစ်လက်နက် ပစ္စည်းများ သယ်ယူပို့ဆောင်ပေးသည့် သင်္ဘောသွားလာရေး ကုမ္ပဏီများသည် မိမိတို့၏ ပစ်မှတ်များ ဖြစ်လာလိမ့်မည်ဟု အဆိုပါ လက်နက်ကိုင်အုပ်စုက သတိပေးပြောကြားသည်။

ယခုအချိန်အထိ အီရတ်ရှိ အမေရိကန်တပ်ဖွဲ့ဝင်များအတွက်စစ်လက်နက်ပစ္စည်းများ သယ်ယူပို့ဆောင်ရာတွင် မည်သည့် တောင်ကိုရီးယားသင်္ဘောမျှ ပါဝင်ပတ်သက်ခြင်း မရှိကြောင်း တောင်ကိုရီးယား၏ ထိပ်တန်းသင်္ဘောကုမ္ပဏီဖြစ်သည့် ဟန်ဂျင် သင်္ဘောသွားလာရေးကုမ္ပဏီမှ တာဝန်ရှိပုဂ္ဂိုလ်တစ်ဦးက ပြောကြားသည်။

အကြမ်းဖက်တိုက်ခိုက်မည့် စိုးရိမ်မှုများ ကြီးထွားလာနေချိန်တွင် ဇူလိုင် ၁ ရက်က အကျုံးဝင် အာဏာသက်ရောက်ခဲ့သည့် သင်္ဘောနှင့် ဆိပ်ကမ်းများဆိုင်ရာ နိုင်ငံတကာ လုံခြုံရေး စည်းမျဉ်း စည်းကမ်းများနှင့်အညီ မိမိတို့ကုမ္ပဏီနှင့် အခြားတောင်ကိုရီးယား ထိပ်တန်းသင်္ဘောကုမ္ပဏီများက လုံခြုံရေးကို တိုးမြှင့်ချထားကြောင်း ၎င်းက ပြောကြားသည်။ ***အင်တာနက်။***

● ကင်းလှည့် ●

ဇူလိုင် ၇ ရက်က အီရတ်နိုင်ငံ မြို့တော် ဘဂ္ဂဒက်တွင် ကင်းလှည့်နေသော အမေရိကန်တပ်ဖွဲ့ဝင်တစ်ဦးကို တွေ့ရစဉ်။ *(ဓာတ်ပုံ-အင်တာနက်)*



ကန်တပ်ဖွဲ့ဝင်တစ်ဦး အီရတ်တွင် သေဆုံး

ကင်နျူဝစ်(ဝါရှင်တန်ပြည်နယ်)
ဇူလိုင် ၁၁

အမေရိကန်ပြည်ထောင်စု ဝါရှင်တန်ပြည်နယ် ကင်နျူဝစ်မြို့ရှိ ကြည်းတပ်အမျိုးသား အစောင့်တပ်ဖွဲ့မှ အသက် (၂၀)အရွယ်ရှိ တပ်ဖွဲ့ဝင် ဂျာရမီရှာမန့်ခ်သည် အီရတ်နိုင်ငံ မြို့တော် ဘဂ္ဂဒက်အနီးတွင် ကင်းလှည့်နေစဉ် တိုက်ခိုက်ခံရမှုကြောင့် သေဆုံးသွားကြောင်း အမေရိကန် စစ်ဘက်က စနေနေ့တွင် ပြောကြားသည်။ ***အင်တာနက်။***

အီရတ်ဆိုင်ရာ ကုလသမဂ္ဂ ကိုယ်စားလှယ်အဖြစ် ပါကစ္စတန် သံအမတ်ကြီးအား ခန့်အပ်ဖွယ်ရှိဟုဆို

ကုလသမဂ္ဂ ဇူလိုင် ၁၁

အမေရိကန်ပြည်ထောင်စုဆိုင်ရာ ပါကစ္စတန် သံအမတ်ကြီးအား အီရတ်နိုင်ငံဆိုင်ရာ ကုလသမဂ္ဂသံတမန် ရာထူး ခန့်အပ်ရန် ကုလသမဂ္ဂအတွင်းရေးမှူးချုပ် ကိုဖီအာနန်က ယခုအခါ စဉ်းစားလျက်ရှိကြောင်း ကုလသမဂ္ဂသံတမန်များက ကြာသပတေးနေ့တွင် ပြောကြားသည်။

အီရတ်နိုင်ငံဆိုင်ရာ ကုလသမဂ္ဂသံတမန်ကို ခန့်အပ်ရန် ဆုံးဖြတ်ချက်ချမည်ဖြစ်ကြောင်း ကိုဖီအာနန်က လွန်ခဲ့သည့် သီတင်းပတ်က ကတိပြုခဲ့သည်။ အိန္ဒိယနိုင်ငံခြားရေးဝန်ကြီးဌာန အတွင်းဝန် ဆိုင်မန်ဟိုင်ဒါသည် ယင်းရာထူးတွင် ခန့်အပ်ရန် ထိပ်ဆုံးမှ စဉ်းစားခံခဲ့ရသည်။ သို့ရာတွင် အမေရိကန်ဆိုင်ရာ ပါကစ္စတန်သံအမတ်ကြီး ဂျီဟန်ဂျီဟာကာဇီအား ယခုအခါ ယင်းနေရာတွင် ခန့်အပ်မည့်ပုံရကြောင်း သံတမန်များက ပြောကြားသည်။

အာဖရိကတိုက်မှ ဇန်ကောက်သို့ ထွက်ခွာလာသည့် ကိုဖီအာနန်သည် အပြီးသတ်ဆုံးဖြတ်ချက် မချမှတ်မီ ထိပ်ဆုံးမှ ပြေးနေသည့် ကိုယ်စားလှယ်လောင်းများ၏ နိုင်ငံများမှ ခေါင်းဆောင်များနှင့် ညှိနှိုင်းဆွေးနွေးလိုကြောင်း လုံခြုံရေးကောင်စီဝင် နိုင်ငံများမှ သံတမန်များက ပြောကြားသည်။

အီရတ်ဆိုင်ရာ ကုလသမဂ္ဂ သံတမန်ကို ကြာသပတေးနေ့တွင် ကြေညာမည်ဟု မျှော်လင့်ရကြောင်း၊ ယခုအချိန်ထိ မိမိတို့အဖို့ ထုတ်ပြန်ကြေညာရန် မရှိသေးကြောင်း ကုလသမဂ္ဂ ပြောရေးဆိုခွင့်ရှိသူ အမျိုးသမီး မာရီယာအိုကာဘိက ပြောကြားသည်။

အီရတ်ဆိုင်ရာ ကုလသမဂ္ဂကိုယ်စားလှယ်အသစ်သည် ကုလသမဂ္ဂ ထိပ်တန်းသံတမန်ဖြစ်သူ ဒီမဲလိုး၏ နေရာတွင် တာဝန်ထမ်းဆောင်မည်ဖြစ်သည်။ ဒီမဲလိုးသည် ဘဂ္ဂဒက်ရှိ ကုလသမဂ္ဂ ရုံးချုပ်အား ၂၀၀၃ ခုနှစ် ဩဂုတ် ၁၉ ရက်က ဗုံးဖောက်ခွဲတိုက်ခိုက်မှုအတွင်း သေဆုံးရသူ ၂၂ ဦးအနက် တစ်ဦးဖြစ်သည်။

ကုလသမဂ္ဂရုံးချုပ်အား ဒုတိယအကြိမ်မြောက် ဗုံးဖောက်ခွဲကာ နိုင်ငံခြားသား အလုပ်သမားများအား ပစ်မှတ်ထား တိုက်ခိုက်မှုများ ဖြစ်ပွားခဲ့ပြီးနောက် အောက်တိုဘာလတွင် ကုလသမဂ္ဂနိုင်ငံတကာ ဝန်ထမ်းများအားလုံးကို အီရတ်မှ ထွက်ခွာရန် ကိုဖီအာနန်က အမိန့်ထုတ်ပြန်ခဲ့သည်။ ***အင်တာနက်။***

မိုးကုတ် ဝိပဿနာ ခုနစ်ရက်တရားစခန်းပွဲ

ရန်ကုန် ဇူလိုင် ၁၂

ချောက်မြို့နယ် ဂွေးပင်ကွက်သစ် ဂွေးပင်ကျောင်း မိုးကုတ်ဝိပဿနာအဖွဲ့ခွဲ အမှတ်(၃၄၇)တွင် ဂွေးပင်ကျောင်းဆရာတော် ဦးဇနိန္ဒကြီးမှူး၍ (၄၃)ကြိမ်မြောက် မိုးကုတ်ဝိပဿနာ ခုနစ်ရက်တရားစခန်းကို ဒုတိယဝါဆိုလဆန်း ၁ ရက်မှ ၇ ရက်အထိ ကျင်းပမည်ဖြစ်ရာ ရန်ကုန်မြို့ ဇွဲစုံသာသနာရာမကျောင်းတိုက် ဓမ္မာသနမိုးကုတ်ရိပ်သာကျောင်းမှ သာသနာပြုနယ်လှည့် ဓမ္မကထိကဆရာတော် ဦးဝိစိတ္တသည် မိုးကုတ်ဆရာတော်၏ ဥပနိဿယနှင့်အညီ သစ္စာလေးပါး ပဋိစ္စသမုပ္ပါဒ်တရားများဟောကြားပြသမည် ဖြစ်ရာတရားဝင်လိုသူယောဂီများကြိုတင်စာရင်းပေးသွင်းနိုင်ကြောင်းသိရသည်။(က-ပ)

ငြိုးငြင်ချေတာ၊ ထိန်းပါလေလွင့်၊ ထုတ်ကုန်မြှင့်

သက်ရှည်ကျန်းမာ စားသောက်နေထိုင်ရာ

ဒေါက်တာ ပိုင်စိုး
ဆေးသုတေသနဦးစီးဌာန

မျှတသော အစားအစာစားတတ်မှု (Balanced Diet)နှင့် ကျန်းမာသော လူနေမှုပုံစံ(Healthy Life Style)တို့မှာ ဘဝတစ်သက်တာအတွက် ကျန်းမာရေးကောင်းမွန်တိုးတက်စေရန်နှင့် ထိန်းသိမ်းစောင့်ရှောက်ရန်အတွက် အရေးကြီးသော လိုအပ်ချက်များဖြစ်ပါသည်။ ယင်းတို့သည် ရောဂါမဖြစ်ပွားစေရန် ကာကွယ်ရာတွင်လည်း အရေးကြီးသော အခန်းကဏ္ဍမှ ပါဝင်ပါသည်။ နာတာရှည်ရောဂါများဖြစ်သော အဝလွန်ရောဂါ၊ ဆီးချိုသွေးချိုရောဂါ၊ သွေးတိုးရောဂါ၊ နှလုံးနှင့် သွေးကြောဆိုင်ရာရောဂါများ၊ ကင်ဆာရောဂါ၊ အရိုးပွရောဂါနှင့် သွားနှင့်ပတ်သက်သော ရောဂါများသည် အစာအာဟာရ စားသုံးမှု၊ လူနေမှုပုံစံနှင့် ဆက်စပ်လျက်ရှိပြီး ပြည်သူ လူထု၏ ကျန်းမာရေးဆိုင်ရာအတွက် ကြီးမားသော ဝန်ထုပ်ဝန်ပိုး ဖြစ်နေပါသည်။ နာတာရှည်ရောဂါများ၏ ဝန်ထုပ်ဝန်ပိုးသည် တစ်ကမ္ဘာလုံးတွင် လျင်မြန်စွာကြီးထွားနေပါသည်။ တွက်ချက်မှုများအရ ၂၀၀၁ ခုနှစ်တွင် တစ်ကမ္ဘာလုံး သေဆုံးသူဦးရေ၅၆ ဒသမ ၅ သန်း၏ ၆၀ ရာခိုင်နှုန်းသည် နာတာရှည်ရောဂါများကြောင့် ဖြစ်ပါသည်။ နာတာရှည်ရောဂါများ၏ ပြဿနာသည် ဖွံ့ဖြိုးပြီးနိုင်ငံများ၌သာ ဖြစ်ပွားသည်မဟုတ်ပါ။ ဖွံ့ဖြိုးဆဲနိုင်ငံများတွင်လည်း နာတာရှည်ရောဂါများနှင့် ပတ်သက်သော လူထုကျန်းမာရေးဆိုင်ရာ ပြဿနာများသည် အရှိန်အဟုန်ဖြင့် တိုးတက်ဖြစ်ပွားနေပါသည်။

ဖွံ့ဖြိုးဆဲနိုင်ငံများ ဥပမာ-မြန်မာနိုင်ငံတွင်ရောဂါများ၏ ဝန်ထုပ်ဝန်ပိုးမှာ နှစ်မျိုးဖြစ်နိုင်ပါသည်။ ယင်းတို့မှာ ကူးစက်ရောဂါများနှင့် နာတာရှည်ရောဂါတို့ ဖြစ်ကြပါသည်။ နာတာရှည်ရောဂါများမှာ များသောအားဖြင့် ကာကွယ်နိုင်သည့် ရောဂါများ ဖြစ်ကြပါသည်။ အသက်၊ လိင်နှင့်မွေးရာပါ မျိုးရိုးဗီဇဆိုင်ရာ အားနည်းချက်များကို ပြုပြင်ပြောင်းလဲ၍ မရနိုင်သော်လည်း နာတာရှည်ရောဂါများနှင့် ဆက်စပ်လျက်ရှိသော ရောဂါဖြစ်ပွားနိုင်သည့် အခြားအချက်အလက် အများစုကိုမူ ပြုပြင်ပြောင်းလဲနိုင်ပါသည်။

ယင်းအချက်အလက်အချို့မှာ

အမူအကျင့်ဆိုင်ရာ အချက်အလက်များ-

အစားအစာ စားသုံးမှုမမှန်ကန်ခြင်း၊ ကိုယ်လက်လှုပ်ရှားမှု နည်းပါးခြင်း၊ ဆေးလိပ်နှင့်ဆေးရွက်ကြီး အသုံးပြုခြင်း၊ အရက်သောက်ခြင်း။

ဇီဝဆိုင်ရာ အချက်အလက်များ-

သွေးထဲတွင် အဆီဓာတ်ပါဝင်မှု မမှန်ကန်ခြင်း၊ သွေးတိုးရောဂါ၊ ကိုယ်အလေးချိန်များခြင်း၊ သွေးထဲတွင် အင်ဆူလင်ဟိုမုန်းဓာတ် များပြားခြင်း။

လူမှုရေးဆိုင်ရာ အချက်အလက်များ-

ယဉ်ကျေးမှု ဓလေ့ထုံးစံများ၊ လူ မှုစီးပွားရေးဆိုင်ရာ အချက်အလက်များ။ အစားအစာ စားသုံးမှုမှာ နာတာရှည်ရောဂါများ ဖြစ်ပွားခြင်းတွင် အရေးကြီးသော အခန်းကဏ္ဍမှ ပါဝင်ကြောင်းကို နှစ်ပေါင်းများစွာကတည်းက သိရှိပြီးဖြစ်သည်။ ကိုယ်လက်လှုပ်ရှားမှု နည်းပါးသော လူနေမှုအနေအထိုင်မျိုးသည် ဖွံ့ဖြိုးပြီးနိုင်ငံများကဲ့သို့ ဖွံ့ဖြိုးဆဲနိုင်ငံများတွင်လည်း တစ်နေ့ထက်တစ်နေ့ များပြားလာနေ၍ ကျန်းမာရေးအတွက် အရေးကြီးသောအကြောင်းတစ်ရပ်ဖြစ်လာပါသည်။ ဤအကြောင်းအပြင် ဆေးလိပ်နှင့်ဆေးရွက်ကြီး သုံးစွဲခြင်းသည်လည်း ဖွံ့ဖြိုးဆဲနိုင်ငံများတွင် နာတာရှည်ရောဂါ ဖြစ်ပွားနှုန်း တိုးတက်လာခြင်းကို အပိုထပ်ဆောင်းခြင်းပင် ဖြစ်ပါသည်။

အာဟာရချို့တဲ့ခြင်း၏ ဝမ်းနည်းဖွယ်ရာ နောက်ဆက်တွဲ ပြဿနာများမှာ အသက်ဆုံးရှုံးခြင်း၊ ကိုယ်လက်အင်္ဂါချို့တဲ့ခြင်း၊ ကိုယ်ကာယနှင့် ဉာဏ်ရည်ဉာဏ်သွေးဖွံ့ဖြိုးမှု နှေးကွေးနှောင့်နှေးခြင်း၊ လူစဉ်မမီခြင်းနှင့် ရလဒ်အဖြစ် လူမှုစီးပွား ဖွံ့ဖြိုးတိုးတက်မှုမှာလည်း နိမ့်ကျလာပါမည်။

ဖွံ့ဖြိုးဆဲနိုင်ငံများရှိ အသက်ငါးနှစ်အောက်ကလေးများ နှစ်စဉ် ၁၀ ဒသမ ၉ သန်းခန့် သေဆုံးကြရာတွင် ၆၀ ရာခိုင်နှုန်းမှာ အာဟာရဓာတ်ချို့တဲ့ခြင်းနှင့် ဆက်စပ်လျက်ရှိသည်။ ပရိုတင်း၊ အင်နာဂျီချို့တဲ့ခြင်း၊ အိုင်အိုဒင်းချို့တဲ့ခြင်းဆိုင်ရာရောဂါများ၊ သံဓာတ်ချို့တဲ့ သွေးအားနည်းရောဂါနှင့် ဗီတာမင်အေ ချို့တဲ့သောရောဂါများမှာ ဖွံ့ဖြိုးဆဲနိုင်ငံများ၏ အဓိကအာဟာရဆိုင်ရာပြဿနာများဖြစ်ပါသည်။ အာဟာရဓာတ်ချို့တဲ့သော အဓိကအကြောင်းအရင်းအများအနက် အကြောင်းအရင်းတစ်ရပ်မှာ မရှိ၍ မစားသောက်နိုင်ခြင်းမဟုတ်ဘဲ အာဟာရဓာတ်ပြည့်ဝအောင် မည်ကဲ့သို့ စီစဉ်စားသောက်ရမည်ကို မသိရှိခြင်းကြောင့် ဖြစ်ပါသည်။ အန္တရာယ်ကင်းရှင်းသော၊ အမျိုးစုံလင်သော ရိုးရာအစားအစာ စားသောက်မှုသည် အာဟာရချို့တဲ့မှုကို ကာကွယ်ရုံမက နာတာရှည်ရောဂါ ဖြစ်ပွားမှုကိုလည်း နည်းပါးစေပါသည်။

နာတာရှည်ရောဂါများ၏ ဝန်ထုပ်ဝန်ပိုးကို လျော့နည်းစေရန် ကျန်းမာရေးနှင့်ညီညွတ်သော အစားအစာ စားသုံးမှုနှင့် နေထိုင်မှုပုံစံ တိုးမြှင့်ပေးခြင်းသည် အလွန်အရေးကြီးသည့်အတွက် ပြည်သူလူထုအတွင်း အသိပညာပေးခြင်းကို ကျယ်ကျယ်ပြန့်ပြန့် လုပ်ဆောင်နိုင်ရန် အစိုးရနှင့်အစိုးရမဟုတ်သော အဖွဲ့အစည်းများ (NGOs) ပူးပေါင်းပါဝင် လုပ်ဆောင်ကြရန် လိုအပ်ပါသည်။ အစားအစာနှင့်ပတ်သက်၍ ချက်ပြုတ်ရန် ကိုင်တွယ်ခြင်း၊ ပြင်ဆင်ခြင်း၊သိုလှောင်ခြင်း အစရှိသည်တို့ကို နည်းစနစ် မှန်ကန်ကျနစွာ ချက်ပြုတ်စားသောက်တတ်ရေး ပြည်သူလူထုတစ်ရပ်လုံး သိရှိသဘောပေါက် နားလည်မှုရှိရန် မီဒီယာများမှ ပညာပေးခြင်း အမျိုးမျိုးလုပ်ဆောင်ခြင်းဖြင့် ပြည်သူတစ်ရပ်လုံးအတွက် လုံလောက်သော အစားအစာများ ရရှိစေမည့်အပြင် အန္တရာယ်ကင်းရှင်းပြီး အရည်အသွေးပြည့်ဝသည့် ကျန်းမာရေးနှင့်ညီညွတ်သော အစားအစာ စားသုံးခြင်းကိုလည်း ဖြစ်စေနိုင်မည်ဖြစ်ပါသည်။ အင်အားဓာတ်များပြားပြီး အဆီ၊ ဖြည့်စွက်သကြားနှင့် တိရစ္ဆာန်များမှရရှိသည့် ပြည့်ဝဆီစသည်တို့ များပြားသော အစားအစာများသည်ပြည်သူလူထုအတွင်း စားသုံးမှု များပြားလာသကဲ့သို့တစ်ဖက်တွင်လည်း ပေါင်းစပ်ကာဗိုဟိုက်ဒြိတ် (Complex Carbohydrate)၊ အမျှင်ကြွယ်ဝသော အစာများနှင့် ဟင်းရွက်နှင့် သစ်သီးဝလံ စားသုံးမှုလျော့နည်းလာခြင်းသည် ဖော်ပြပါ နာတာရှည်ရောဂါများ ဖြစ်ပွားစေရန် အားပေးလျက်ရှိပါသည်။ လူနေမှုပုံစံ ပြောင်းလဲခြင်းဖြစ်သည့် ကိုယ်လက်လှုပ်ရှားမှု လျော့နည်းခြင်း၊ စိတ်ဖိစီးမှု (Stress) များခြင်းသည် အဆိုပါ နာတာရှည်ရောဂါများ ဖြစ်ပွားစေရန် ထပ်ဆောင်းသကဲ့သို့ ဖြစ်နေပါသည်။

လူသားအားလုံးအတွက် ကျန်းမာရေးနှင့်ညီညွတ်ရန် အခြေခံအာဟာရဓာတ်ခြောက်မျိုး လိုအပ်ပါသည်။ မရှိမဖြစ်လိုအပ်သော အာဟာရဓာတ်များ သတ်မှတ်ထားသည့်ပမာဏ၊ အချိုးအဆအတိုင်း ပါဝင်သည့် မျှတသော အစားအစာကို စားသုံးရန် လိုအပ်သည်။ ယင်းအခြေခံ အာဟာရဓာတ်ခြောက်မျိုးမှာ-

၁။ ကစီဓာတ်(ကာဗိုဟိုက်ဒြိတ်)
၂။ အသားဓာတ်(ပရိုတင်း)
၃။ အဆီဓာတ်
၄။ သက်စောင့်ဓာတ်(ဗီတာမင်)
၅။ သတ္တုဓာတ်နှင့်
၆။ ရေဓာတ်တို့ ဖြစ်ကြပါသည်။ အင်အားဓာတ်များမှာ ကစီဓာတ် (ကာဗိုဟိုက်ဒြိတ်)နှင့်အဆီဓာတ်တို့မှ အဓိကရရှိပါသည်။ ကိုယ်ကာယ ကြီးထွားမှုမှာ ပရိုတင်းအသားဓာတ်နှင့် သတ္တုဓာတ်များပေါ်တွင် မူတည်ကာ ဗီတာမင်များသည် ကိုယ်ခန္ဓာအတွင်း စွမ်းဆောင်ချက်များကို ပုံမှန်ဖြစ်စေရန် ထိန်းချုပ်ပေးပြီး ရေဓာတ်မှာ စုစုပေါင်း ကိုယ်အလေးချိန်၏ ၆၀ ရာခိုင်နှုန်းအဖြစ် ပါဝင်ပါသည်။

မျှတသောအစားအစာ စားသုံးမှုဖြစ်စေရန် မြန်မာလူမျိုးများသည် အောက်တွင်ဖော်ပြထားသော အစားအစာ အုပ်စုသုံးမျိုးရှိ အုပ်စုတစ်မျိုးစီမှ အစားအစာ အမျိုးအစားတစ်မျိုး(သို့) တစ်မျိုးထက် ပိုရွေးချယ် စားသုံးရပါမည်။ အုပ်စု(၁)တွင် ပါဝင်သော အစားအစာများမှာ ခန္ဓာကိုယ် ကြီးထွားဖွံ့ဖြိုးစေသော အသားဓာတ်ကိုရရှိစေပြီး အုပ်စု(၂)မှ အင်အားဓာတ်ကို အဓိကရရှိကာ အုပ်စု(၃)မှ ရောဂါများကို ကာကွယ်ပေးသော ဗီတာမင်နှင့် သတ္တုဓာတ်ကို အဓိကရရှိမည် ဖြစ်ပါသည်။ ယင်းအုပ်စုသုံးစုမှာ-

အုပ်စု(၁) ခန္ဓာကိုယ် ကြီးထွားဖွံ့ဖြိုးစေသော အစားအစာများ

ငါး၊ အသားအမျိုးမျိုး၊ ဝမ်းတွင်းကလီစာများ၊ ပုစွန်၊ ဥအမျိုးမျိုး၊ ဘဲသွေး၊ ပဲပြား၊ တို့ဟူး၊ ပဲအမျိုးမျိုး၊ နို့နှင့်နို့ထွက်ပစ္စည်းများ။

အုပ်စု(၂) အင်အားဖြစ်စေသော အစားအစာများ

ဆန်၊ ပြောင်းဖူး၊ ပေါင်မုန့်၊ ခေါက်ဆွဲ၊ ကောက်ညှင်းနှင့်ပြုလုပ်သော မုန့်အမျိုးမျိုး၊ ပိန်းဥ၊ ကန်စွန်းဥ၊ အာလူး၊ ထောပတ်၊ ဆီအမျိုးမျိုး။

အုပ်စု(၃) ရောဂါကာကွယ်စေသော အစားအစာများ

အစိမ်းရောင်ရှိသော ဟင်းသီးဟင်းရွက်များ၊ အဝါရောင်ရှိသော သစ်သီးဝလံများနှင့် ဟင်းသီးဟင်းရွက်များ၊ သံပရာသီး၊ မာလကာသီး၊ ခရမ်းချဉ်သီးနှင့် အခြားသစ်သီးဝလံနှင့် ဟင်းသီးဟင်းရွက်များ။

ကျန်းမာရေးနှင့် ညီညွတ်သော စားသောက်မှုပုံစံအတွက် အစားအစာအညွှန်း

၁။ အစာမျိုးစုံ စားသုံးရန်။

၂။ စားသုံးသော အစားအစာပမာဏကို ကိုယ်လက်လှုပ်ရှားမှုနှင့် မျှတစေခြင်းဖြင့် ကိုယ်အလေးချိန်ကို ထိန်းထားရန် (သို့မဟုတ်) အသက်နှင့်လိင်အလိုက် ရှိသင့်သော ကိုယ်အလေးချိန် ရရှိစေရန်။

၃။ ကောက်ပဲသီးနှံများ၊ ဟင်းသီးဟင်းရွက်များနှင့် သစ်သီးဝလံများ များစွာပါဝင်သော အစားအစာကို ရွေးချယ်စားသုံးရန်။

၄။ အဆီဓာတ်၊ ပြည့်ဝအဆီဓာတ်နှင့် ကိုလက်စ်ထရောတို့ နည်းပါးသော အစားအစာကို ရွေးချယ်စားသုံးရန်။

၅။ အချိုဓာတ်အသင့်အတင့်သာပါသော အစားအစာများကို ရွေးချယ်စားသုံးရန်။

၆။ ဆားနှင့် ဆိုဒီယမ်အသင့်အတင့်သာပါသော အစာများကို ရွေးချယ်စားသုံးရန်။

၇။ လတ်ဆတ် အန္တရာယ်ကင်းရှင်းသော အစားအစာများကို ရွေးချယ်စားသုံးရန်။

၈။ ယမကာ သောက်သုံးတတ်ပါက အသင့်အတင့်သာ သောက်သုံးရန်။

၁။ **အစာမျိုးစုံ စားသုံးရန်**

ကိုယ်ခန္ဓာအတွက် လိုအပ်သော အာဟာရဓာတ် အရေအတွက်မှာ အမျိုး (၄၀)ထက် ပိုပါသည်။ ထိုဓာတ်အားလုံးပါဝင်သော အစားအစာတစ်မျိုးတည်းဟူ၍ မရှိသည့်အတွက် အစားအစာမျိုးစုံကို စားသုံးခြင်းသည်သာ ကျန်းမာရေးကို အထောက်အကူပြုနိုင်မည့် စားသောက်မှု ပုံစံ ဖြစ်ရန် အကောင်းဆုံးနည်းလမ်း ဖြစ်ပါသည်။ ထို့အပြင် အစားအစာများတွင် အဆိပ်အတောက်များ ပါဝင်နိုင်သဖြင့် အစားအစာတစ်မျိုးတည်းကို စားသုံးခြင်းထက် အစားအစာမျိုးစုံကို စားခြင်းဖြင့် အဆိပ်သင့်နိုင်မှုကို လျော့နည်းစေနိုင်ပါသည်။

အာဟာရဓာတ် စုံလင်သော အစာများ (ဥပမာ-ငါးကို ခရမ်းချဉ်သီး၊ အစိမ်းရောင်ရှိသည့် ဟင်းသီးဟင်းရွက်များနှင့် ရောနှောကာ ဆီအနည်းငယ်နှင့် စနစ်တကျ သန့်ရှင်းစွာ သုပ်စားခြင်း)ကို ရွေးချယ်ရန် အရေးကြီးပါသည်။

၂။ **စားသုံးသော အစားအစာပမာဏကို ကိုယ်လက်လှုပ်ရှားမှုနှင့် မျှတစေခြင်းဖြင့် ကိုယ်အလေးချိန်ကို ထိန်းထားခြင်း(သို့မဟုတ်) သင့်တော်သော အလေးချိန်ရှိစေခြင်း**

ရှိသင့်သော ကိုယ်အလေးချိန်ထက် များပြားလျှင် သွေးတိုးရောဂါ၊ဆီးချိုသွေးချိုရောဂါ (နှလုံးသွေးကြောကျဉ်းရောဂါ၊ လေသင်တုန်းဖြတ်ခြင်းနှင့် အချို့သော ကင်ဆာရောဂါများ ဖြစ်နိုင်ခြေများခြင်းနှင့် ယင်းတို့နှင့်ဆပ်စပ်သော နောက်ဆက်တွဲရောဂါများ)ဖြစ်လာနိုင်ပါသည်။ အင်အားဓာတ် လိုအပ်ချက်မှာ တစ်ဦးနှင့်တစ်ဦး မတူညီကြပါ။ အသက်၊ လိင်၊ ကိုယ်ခန္ဓာအချိုးအစား၊ အခြေခံဓာတ်ပြုနှုန်း၊ ကိုယ်ခံစွမ်းအားနှင့် ကိုယ်လက်လှုပ်ရှားမှုပေါ် မူတည်ကာ ပြောင်းလဲပါသည်။

ကိုယ်အလေးချိန် လျှော့ချခြင်းသည် ကောင်းသောအစားအစာ စားသောက်မှုပုံစံနှင့် သက်ဆိုင်မှုရှိပါသည်။ အစားအစာကို တစ်ကြိမ်စားလျှင် ဖြည်းဖြည်းနှင့် နည်းနည်းစားပြီး ထပ်မံမယူခြင်းသည် ကောင်းသောအလေ့အကျင့် ဖြစ်ပါသည်။ ကိုယ်လက်လှုပ်ရှားမှုကို များများပြုလုပ်ခြင်းသည်လည်း အရေးကြီးသည့် အချက်ဖြစ်ပါသည်။

ကိုယ်အလေးချိန် လျှော့ချခြင်းကို ရက်သတ္တတစ်ပတ်လျှင် တစ်ပေါင်မှ နှစ်ပေါင်အထိသာ တဖြည်းဖြည်း လျှော့ချသင့်ပါသည်။ တဖြည်းဖြည်း ကိုယ်အလေးချိန် လျှော့သွားခြင်းသည် အကောင်းဆုံးနှင့် စိတ်အချရဆုံးသော ကိုယ်အလေးချိန် လျှော့ချသော နည်းလမ်းဖြစ်ပါသည်။ တစ်နေ့အတွက် ကယ်လိုရီ ၁၀၀၀ ထက် လျော့နည်းသော အစားအစာစားသုံးပါက အစားစားခြင်းကို လွန်စွာချုပ်တည်းသကဲ့သို့ဖြစ်ပြီး တစ်နေ့တာ အာဟာရဓာတ် လိုအပ်ချက်ထက် လျော့နည်းသွားမည်ဖြစ်ပါသည်။ ယင်းအစားအစာ စားသုံးမှုပုံစံသည် ကျန်းမာရေးကို ထိခိုက်စေနိုင်ပြီး အသက်ကိုပါ ထိခိုက်နိုင်သည်အထိ ဖြစ်စေနိုင်ပါသဖြင့် သတိပြုရမည့် အချက်ဖြစ်ပါသည်။ ကိုယ်ခန္ဓာရှိ အဆီတစ်ပေါင်တွင် ကယ်လိုရီ ၃၅၀၀ ပါဝင်သည့်အတွက် ကိုယ်အလေးချိန်တစ်ပေါင် လျှော့ချရန် ကယ်လိုရီ ၃၅၀၀ ကို အသုံးပြုရပါမည်။ ဥပမာ-လူတစ်ဦးသည် တစ်နေ့တာ အသုံးပြုသော ကယ်လိုရီထက် ကယ်လိုရီ ၅၀၀ လျှော့စားသွားပါက ရက်သတ္တတစ်ပတ်အကြာတွင် ကိုယ်အလေးချိန်တစ်ပေါင် လျှော့မည်ဖြစ်ပါသည်။ ကိုယ်အလေးချိန် လျှော့ကျနှုန်းကို မြန်ဆန်စေချင်ပါက ကိုယ်လက်လှုပ်ရှားမှုကို ပိုမိုပြုလုပ်သွားရမည် ဖြစ်ပါသည်။

ကိုယ်အလေးချိန် လျှော့ကျသွားခြင်းသည် ရှိသင့်သော အတိုင်းအတာထက် ပိုမသွားရန် အရေးကြီးပါသည်။ လွန်မင်းစွာ လျှော့ကျသွားခြင်းသည် အာဟာရဓာတ်ချို့တဲ့ခြင်း၊ မီးယပ်သွေးမှုမမှန်ခြင်း၊ မြို့သွားခြင်း၊ ဆံပင်ကျွတ်ခြင်း၊အရေပြားအပြောင်းအလဲဖြစ်ခြင်း၊ အအေးမခံနိုင်ခြင်း၊ ဝမ်းချုပ်ခြင်း၊ စိတ်ပိုင်းဆိုင်ရာ အနှောင့်အယှက်များ ဖြစ်ပေါ်ခြင်းနှင့် နောက်ဆုံးအသက်ကို ထိခိုက်နိုင်သည်အထိ ဖြစ်တတ်ပါသည်။ အကယ်၍ အဖြေမရှာနိုင်သော ကိုယ်အလေးချိန် လျှော့ကျခြင်းရှိပါက ရောဂါတစ်ခုခု၏လက္ခဏာ ဖြစ်နိုင်သဖြင့် တတ်ကျွမ်းသော ဆရာဝန်နှင့် ပြသရန်လိုအပ်ပါသည်။

၃။ **ကောက်ပဲသီးနှံများ၊ ဟင်းသီးဟင်းရွက်များနှင့် သစ်သီးဝလံများ များစွာပါဝင်သော အစားအစာကို ရွေးချယ်စားသုံးခြင်း**

ကောက်ပဲသီးနှံထွက် အစားအစာများ၊ ဟင်းသီးဟင်းရွက်နှင့် သစ်သီးဝလံများကို နေ့စဉ် စားသုံးသင့်ပါသည်။ ယင်းအစားအစာများမှ ဗီတာမင် သက်စောင့်ဓာတ်များ၊ သတ္တုဓာတ်များ၊ ပေါင်းစပ်ကာဗိုဟိုက်ဒြိတ် ကစီဓာတ်များနှင့် အမျှင်ဓာတ်များ ရရှိမည်ဖြစ်ပါသည်။ အဆီဓာတ် ပါဝင်မှုလည်း နည်းပါသည်။ ဆရာဝန်၏ ညွှန်ကြားချက်မှအပ အမျှင်ဓာတ်ပါဝင်သော ဖြည့်စွက်ဆေးဝါးများကို စားသုံးရန်မသင့်ပါ။ အမျှင်ဓာတ်ပါဝင်မှု ကြွယ်ဝသော အစားအစာစားသုံးမှုသည် နှလုံးသွေးကြောကျဉ်းရောဂါ၊ လေသင်တုန်းဖြတ်ခြင်း၊ သွေးတိုးခြင်း၊ အဝလွန်ခြင်း၊ ဆီးချိုသွေးချိုရောဂါနှင့် ကင်ဆာရောဂါ ဖြစ်ပွားနိုင်မှုနှုန်းများကို လျော့နည်းစေပါသည်။ စားသုံးသင့်သည့် ပမာဏရှိသော ဟင်းသီးဟင်းရွက်များနှင့် သစ်သီးဝလံများနှင့်အတူ ကောက်ပဲသီးနှံများ၊ ပဲအမျိုးမျိုးကို စားသုံးခြင်းဖြင့် လုံလောက်သောအမျှင်ဓာတ်(တစ်နေ့အတွက် ၂၀ မှ ၃၀ ဂရမ်) ရရှိနိုင်ပါသည်။ အစိမ်းရင့်ရောင်နှင့် အဝါရောင်ရင့်ရင့် ဟင်းသီးဟင်းရွက်များနှင့် အဝါရောင်ရင့်ရင့် သစ်သီးဝလံများ စားသုံးခြင်းဖြင့် ကင်ဆာရောဂါ ဖြစ်ပွားနိုင်မှုနှုန်းများကို လျော့နည်းခြင်းနှင့် ဆက်စပ်လျက်ရှိသော ဘီတာကယ်ရိုတင်း(B carotene) ဓာတ်များကိုရရှိနိုင်ပါသည်။ ဘီတာမင်စီဓာတ်သည်လည်း ကင်ဆာရောဂါဖြစ်ပွားနိုင်မှုနှုန်းများကို လျော့နည်းခြင်းနှင့် ဆက်စပ်လျက်ရှိပြီး ဟင်းသီးဟင်းရွက်များနှင့် သစ်သီးဝလံများတွင် ပါဝင်ပါသည်။

သစ်ပင်အုပ်စုများတွင် နာတာရှည်ရောဂါများကြောင့် ဖြစ်ပေါ်သည့် ပျက်စီးယိုယွင်းမှုများကို ကာကွယ်တိုက်ခိုက်နိုင်ရန် အကူအညီပေးနိုင်သည့် ဓာတ်ပစ္စည်းများ များစွာပါဝင်ပါသည်။ သစ်ပင်များတွင်ပါဝင်သော ဖိုက်တိုဓာတုပစ္စည်းများ (phytochemicals) အုပ်စုကြီးတွင်ပါဝင်သော ဒြပ်ပေါင်းများသည် လွတ်လပ်သော အခြေခံဓာတုပစ္စည်း (Free Radicals)များကြောင့် ဆဲလ်ထဲတွင် ဖြစ်ပေါ်လာသော ပျက်စီးခြင်းများကို ကာကွယ်ပေးခြင်းဖြင့် ရောဂါကိုတိုက်ခိုက်ရာတွင် အကူအညီပေးကြောင်း တွေ့ရှိရပါသည်။ နိစ္စဓူဝ စားသုံးရာတွင် အရောင်မျိုးစုံရှိသည့် ဟင်းသီးဟင်းရွက်အမျိုးမျိုး ပါဝင်အောင် ရွေးချယ်ခြင်းဖြင့် အစားအစာအမျိုးစုံလင်စွာ စားသုံးသင့်ပါသည်။

(ဆက်လက်ဖော်ပြပါမည်)

ဖွံ့ဖြိုး တိုးတက် လမ်းတံတား ကွန်ရက်

စစ်ကိုင်းတိုင်း မုံရွာ–ယာကြီး–ကလေးဝ ကားလမ်းပေါ်ရှိ မြစ်သာမြစ်ကို ဖြတ်ကျော်တည်ဆောက်ထားသောမြစ်သာတံတား (ကလေးဝ)သည် မုံရွာဒေသနှင့် ချင်းပြည်နယ်အကြား ကူးလူးဆက်သွယ်မှု လွယ်ကူမြန်ဆန်စေသည့် ပြည်ထောင်စုပေါင်းကူးတံတားကြီး တစ်စင်းပင် ဖြစ်သည်။

ဓာတ်ပုံ–ကိုဝင်း(ကလေးဝ)

မွန်ပြည်နယ်ဘီးလင်းမြို့နယ် ဇုတ်သုတ်စံပြကျေးရွာ တံတားသည် ကျေးလက်ဒေသများ လမ်းပန်းဆက်သွယ်ရေး ဖွံ့ဖြိုးတိုးတက်လာမှု၏ ပြယုဂ်တစ်ခုဖြစ်သည်။

(ဓာတ်ပုံ–သတင်းစဉ်)

ကချင်ပြည်နယ် ဖားကန့်မြို့နယ် ဒေသဖွံ့ဖြိုးရေး အထောက်အကူပြု နမ့်မစဲ–ဖားကန့်တံတားကို ဤသို့တွေ့ရသည်။ (ဓာတ်ပုံ–ကြေးမုံ)

လမ်း အဆင့်မြှင့်တင် ဖောက်လုပ်ရေးလုပ်ငန်း နောင်ဖိုင်ကျေးရွာစခန်းသို့ ရဟတ်ယာဉ်ဖြင့် ရောက်ရှိကြသည်။

ထို့နောက် စခန်းရှင်းလင်းဆောင်၌ တိုင်းမှူး ဗိုလ်ချုပ်မြင့်လှိုင်က တန့်ယန်း – မိုင်းကောင် – မိုင်းရှူးလမ်း အခြေအနေနှင့် အဆင့်မြှင့်တင် ဖောက်လုပ်လျက်ရှိသည့် အခြေအနေများကို ပဏာမရှင်းလင်းတင်ပြပြီး နည်းဗျူဟာမှူး ဗိုလ်မှူးကြီးအုန်းလွင်နှင့် ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း ပြည်နယ် အင်ဂျင်နီယာမှူးကြီး ဦးကျော်မင်းသိန်းတို့က လမ်းလုပ်ငန်း အခြေအနေများနှင့် ဖြည့်ဆည်းပေးရန် လိုအပ်သည်များကို ရှင်းလင်းတင်ပြကြသည်။

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း လားရှိုးမြို့ အရှေ့မြောက်တိုင်း စစ်ဌာနချုပ်၏ ဆင်းရွှေလီ အထူးအထွက်တိုး စပ်မျိုးစပါး သုတေသန စိုက်ခင်းကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

နိုင်ငံတော်၏ ဖြည့်ဆည်းအထောက်အကူပေးမှုများကို ထိထိရောက်ရော

ဒေသဖွံ့ဖြိုးတိုးတက်သည်ထက် တိုးတက်အောင် ကြိုးကြိုးစားစား အကောင်

❀ ရှေ့ဖုံးမှ

ယင်းနောက် အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များသည် ဟူးမွန် ဆည်ရေသောက် ဧရိယာရှိ မျိုးစေ့ထုတ် စိုက်ကွင်း၌ ကျင်းပသည့် အထူးအထွက်တိုး ဆင်းရွှေလီ စပ်မျိုးစပါး ဧက ၁၀၀၀ အတွက် ဆင်းရွှေလီ စပ်မျိုးစပါး F1 မျိုးစေ့ချပွဲတော် အခမ်းအနားသို့ တက်ရောက်အားပေးကြသည်။

အခမ်းအနားကို စိုက်ကွင်းအနီးရှိ ဆင်းရွှေလီ တောင်သူလယ်သမား ခန်းမ၌ ကျင်းပရာ တိုင်းမှူး ဗိုလ်ချုပ်မြင့်လှိုင်က အထူးအထွက်တိုး ဆင်းရွှေလီ စပ်မျိုးစပါးကို ပြီးခဲ့သည့် မိုးရာသီတွင် ၁၂ ဧက စိုက်ပျိုးခဲ့ကြောင်း၊ နွေရာသီတွင် ဧက ၁၂၀ထိ တိုးချဲ့စိုက်ပျိုးခဲ့ကြောင်း၊ ယင်းသို့ စိုက်ပျိုးရာတွင် တစ်ဧကလျှင် ၁၈၉ တင်းအထိ အထွက်နှုန်းရရှိခဲ့ကြောင်း၊ ဒေသဝမ်းစာဖူလုံမည့်အပြင် စိုက်ပျိုးသူ တောင်သူလယ်သမားများ၏ ဝင်ငွေကို တိုးတက်စေမည့် စပါးမျိုး ဖြစ်သဖြင့် ယခုနှစ် မိုးရာသီတွင် ဧက ၁၀၀၀ ထိ တိုးချဲ့စိုက်ပျိုးရန် စီစဉ်ထားရှိပါကြောင်းဖြင့် ရှင်းလင်းတင်ပြသည်။

ထို့နောက် ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ် လှမြင့်က စပ်မျိုးစပါး ဧက ၁၀၀၀ F1 မျိုးစေ့ထုတ်လုပ်ငန်း စီမံချက်နှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြပြီး မြန်မာစိုက်ပျိုးရေးလုပ်ငန်း ပြည်နယ် မန်နေဂျာ ဦးလှကြီးက စပ်မျိုးစပါး စိုက်နည်းစနစ်များကို ရှင်းလင်းတင်ပြသည်။

ဂုဏ်ပြုဆုငွေ

ယင်းနောက် အတွင်းရေးမှူး (၁) ဒုတိယ ဗိုလ်ချုပ်ကြီး စိုးဝင်းသည် စပ်မျိုးစပါး F1 မျိုးစေ့ထုတ် စိုက်ပျိုးခြင်းလုပ်ငန်းကို အောင်မြင်စွာ ဆောင်ရွက် စိုက်ပျိုးခဲ့ကြသည့် စိုက်ပျိုးရေးကြီးကြပ်မှုအဖွဲ့များအား ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်သည်။

ဆက်လက်၍ တိုင်းမှူး ဗိုလ်ချုပ်မြင့်လှိုင်က စိုက်ပျိုးရေးဝန်ထမ်း၊ မြေစာရင်း ဝန်ထမ်းနှင့် ဆည်မြောင်း ဦးစီးဌာန ဝန်ထမ်းများအား ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်သည်။

ထို့နောက် တိုင်းမှူး ဗိုလ်ချုပ်မြင့်လှိုင်ထံ Diamond Starကုမ္ပဏီနှင့် ဦးကြူမိသားစုက ဂျုံမျိုးစေ့များကို ပေးအပ်သည်။

ချီးကျူးစကားပြောကြား

ယင်းနောက် အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းက တိုင်းမှူး၏ ဦးဆောင်မှုဖြင့် တာဝန်ရှိသူအားလုံးက တက်တက်ကြွကြွ ကြိုးကြိုးစားစား ဆောင်ရွက်ခဲ့ကြသည့်အတွက် မှတ်တမ်းတင်ဂုဏ်ပြုကြောင်းဖြင့် ချီးကျူးစကားပြောကြားသည်။

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း ဟူးမွန်ဆည်ရေသောက်ဧရိယာရှိ မျိုးစေ့ထုတ်စိုက်ကွင်း၌ ကျင်းပသည့် အထူးအထွက်တိုး ဆင်းရွှေလီ စပ်မျိုးစပါး ဧက ၁၀၀၀အတွက် ဆင်းရွှေလီ စပ်မျိုးစပါး F1မျိုးစေ့ချပွဲတော် အခမ်းအနားတွင် စိုက်ပျိုးရေးကြီးကြပ်မှု အဖွဲ့များအား ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်စဉ်။ (သတင်းစဉ်)

ထို့နောက် အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များသည် အထူးအထွက်တိုး ဆင်းရွှေလီ စပ်မျိုးစပါး F1 မျိုးစေ့ချ စိုက်ပျိုးမှုများကို ကြည့်ရှုအားပေးကြပြီး ကိုယ်တိုင် ပါဝင်၍လည်း မျိုးစေ့ချ စိုက်ပျိုးပေးကြသည်။

ဆက်လက်၍ အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များသည် ရိတ်သိမ်းပြီး ဆင်းရွှေလီ စပ်မျိုးစပါးများ ခြွေလှေ့မှု လုပ်ငန်းများကို ကြည့်ရှုစစ်ဆေးကြသည်။

ထို့နောက် အတွင်းရေးမှူး(၁) ဒုတိယ ဗိုလ်ချုပ်ကြီး စိုးဝင်းသည် ရာနှုန်းပြည့် သန့်စင်ပြီးဖြစ်သည့် အထူးအထွက်တိုး ဆင်းရွှေလီ စပ်မျိုးစပါးများကိုလည်းကောင်း၊ ဆင်းရွှေလီနှင့် ဆင်းရတနာ ဆန်သားနမူနာများကိုလည်းကောင်း ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားသည်။

မိုင်းရယ်မြို့သို့

အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များသည် ဇူလိုင် ၄ ရက် နံနက် ၈ နာရီတွင် လားရှိုးမြို့မှ မိုင်းရယ်မြို့သို့ ရဟတ်ယာဉ်ဖြင့် ရောက်ရှိကြရာ အရှေ့မြောက်တိုင်း စစ်ဌာနချုပ် ယာယီစစ်ဗျူဟာမှူး ဒုတိယဗိုလ်မှူးကြီး နေဝင်း၊ မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌနှင့် ဌာနဆိုင်ရာများ၊ ဒေသခံတိုင်းရင်းသားခေါင်းဆောင်များနှင့် တာဝန်ရှိသူများက ကြိုဆိုကြသည်။

ထို့နောက် အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များသည် မိုင်းရယ်မြို့ အခြေခံပညာအထက်တန်းကျောင်းသို့ သွားရောက်၍ ကျောင်းအုပ်ကြီးနှင့် ဆရာ ဆရာမများ၊ ကျောင်းသားကျောင်းသူများအား နှုတ်ဆက်အားပေးပြီး သင်ကြားမှု၊ သင်ယူမှု အထောက်အကူပြု စာသင်ခန်းများကို ကြည့်ရှုစစ်ဆေးကြသည်။

ဆက်လက်၍ မြို့နယ်ပြည်သူ့ဆေးရုံကို ကြည့်ရှုစစ်ဆေးကြရာ တာဝန်ခံ ဆရာဝန် ဒေါက်တာစိုးသန့်နှင့် သူနာပြုများက ကြိုဆိုကြပြီး ဆေးရုံအတွင်း လှည့်လည်ရှင်းလင်းပြသကြသည်။

ရှင်းလင်းတင်ပြ

ထို့နောက် မိုင်းရယ်မြို့ ပြည်ထောင်စုခန်းမ၌ ဌာနဆိုင်ရာများ၊ မြို့မိ မြို့ဖများ၊ ဒေသခံပြည်သူများနှင့် တွေ့ဆုံရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးမြင့်တင်က မြို့နယ်၏ ပညာရေး၊ ကျန်းမာရေး၊ ဒေသဖွံ့ဖြိုးတိုးတက်ရေး အခြေအနေများ၊ ဖြည့်ဆည်းပေးရန် လိုအပ်သည်များကို ရှင်းလင်းတင်ပြပြီး မြို့နယ်ပညာရေးမှူး ဒေါ်ဖြူဖြူခိုင်က ပညာရေးဆိုင်ရာ လိုအပ်ချက်များကို ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းက အမှာစကား ပြောကြားရာတွင် ရှမ်းပြည်နယ်(မြောက်ပိုင်း) အတွင်းရှိ မြို့နယ်များ၏ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို ဖြည့်ဆည်းပေးနိုင်ရန် လှည့်လည်သွားလာရင်း ယခုမိုင်းရယ်မြို့သို့ မိမိတို့ ရောက်ရှိလာခြင်းဖြစ်ကြောင်း။

ကြိုးကြိုးစားစား

မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပညာရေး၊ ကျန်းမာရေး၊ လမ်းပန်းဆက်သွယ်ရေးဆိုင်ရာ နိုင်ငံတော်၏ ဖြည့်ဆည်း အထောက်အကူ ပေးမှုများကို ဒေသခံတိုင်းရင်းသားပြည်သူများနှင့် ဝန်ထမ်းများက ထိထိရောက်ရောက် အသုံးပြု၍ ဒေသဖွံ့ဖြိုးတိုးတက်သည်ထက် ဖွံ့ဖြိုးတိုးတက်အောင် ကြိုးကြိုးစားစား အကောင်အထည်ဖော် ဆောင်ရွက်သွားကြရန် လိုကြောင်းဖြင့် မှာကြားသည်။

ထို့နောက် အတွင်းရေးမှူး(၁) ဒုတိယ ဗိုလ်ချုပ်ကြီး စိုးဝင်းသည် ဒေသခံ တိုင်းရင်းသားခေါင်းဆောင် ဦးလွယ်မောင်းအား အမှတ်တရ လက်ဆောင်ပစ္စည်း ပေးအပ်ပြီး အတွင်းရေးမှူး(၁)အားလည်း ဦးလွယ်မောင်းက ဂါရဝပြုလက်ဆောင် ပြန်လည်ပေးအပ်သည်။

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း မိုင်းရယ်မြို့ အခြေခံပညာ အထက်တန်းကျောင်းမှ ဆရာ ဆရာမများအတွက် ကျောင်းဝတ်စုံများ၊ သင်ထောက်ကူပစ္စည်းများနှင့် ဗလာစာအုပ်များပေးအပ်စဉ်။ (သတင်းစဉ်)

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း တန့်ယန်းမြို့၌ ဒေသခံခေါင်းဆောင်များဖြစ်သည့် ဦးစိုင်းမွန်း၊ ဦးစိုင်ဖနှင့် ဦးလောင်မားတို့အား အမှတ်တရ လက်ဆောင်ပစ္စည်းများ ပေးအပ်စဉ်။ (သတင်းစဉ်)

ဆက်လက်၍ အတွင်းရေးမှူး(၁)သည် မြို့နယ်ပြည်သူ့ဆေးရုံအတွက် ဆေးပဒေသာပင်နှင့် ဆေးပစ္စည်းများကိုလည်းကောင်း၊ မိုင်းရယ်မြို့ အခြေခံပညာအထက်တန်းကျောင်းမှ ဆရာ ဆရာမများအတွက် ကျောင်းဝတ်စုံများ၊ သင်ထောက်ကူပစ္စည်းများနှင့် ဗလာစာအုပ်များကိုလည်းကောင်း တာဝန်ရှိသူများအား ပေးအပ်သည်။

ထို့နောက် အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များသည် တွေ့ဆုံပွဲ အခမ်းအနားသို့ တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ကြသည်။

ဌာနဆိုင်ရာများနှင့် တွေ့ဆုံအပြီးတွင် အတွင်းရေးမှူး(၁) ဒုတိယ ဗိုလ်ချုပ်ကြီး စိုးဝင်းသည် ဒေသခံ တပ်ရင်းသို့ သွားရောက်ကြပြီး သူရဇော်မင်း ခန်းမ၌ တပ်ရင်းမှ အရာရှိ၊ စစ်သည်နှင့် မိသားစုများအား တွေ့ဆုံမှာကြား နှုတ်ဆက်သည်။

နောင်ဖိုင်ကျေးရွာ

အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များသည် မွန်းတည့် ၁၂နာရီတွင် မိုင်းရယ်မြို့မှ တန့်ယန်း–မိုင်းကောင်–မိုင်းရှူး

ရှင်းလင်းတင်ပြချက်များနှင့် စပ်လျဉ်း၍ အတွင်းရေးမှူး(၁) ဒုတိယ ဗိုလ်ချုပ်ကြီး စိုးဝင်းက လိုအပ်သည်များကို ရှင်းလင်းမှာကြားပြီး လမ်းဖောက်လုပ်လျက်ရှိသည့် တပ်မတော်သားများ၏ကိုယ်စား နည်းဗျူဟာမှူး ဗိုလ်မှူးကြီးအုန်းလွင်အား ဂုဏ်ပြုလက်ဆောင်ပစ္စည်းများ ပေးအပ်သည်။

ရင်းရင်းနှီးနှီး

ဆက်လက်၍ အတွင်းရေးမှူး(၁) ဒုတိယ ဗိုလ်ချုပ်ကြီး စိုးဝင်းသည် ဒေသခံတိုင်းရင်းသား ခေါင်းဆောင်များအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်သည်။

ထို့နောက် အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များသည် တန့်ယန်း–မိုင်းကောင်–မိုင်းရှူးကားလမ်း လမ်းပိုင်းချဲ့ထားမှု၊ လမ်းခင်းကျောက် စုဆောင်းထားမှုနှင့် ကျောက်ခွဲစခန်းတို့ကို ကြည့်ရှုစစ်ဆေးကြသည်။

ဆက်လက်၍ စက်ယန္တရားများဖြင့် လမ်းချဲ့ခြင်းလုပ်ငန်း ဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးကြပြီး လမ်းလုပ်ငန်း ဆောင်ရွက်နေသည့် တပ်မတော်သားများအား နှုတ်ဆက်အားပေးကြသည်။

လမ်း အဆင့်မြှင့်တင် ဖောက်လုပ်ရေးလုပ်ငန်း နောင်ဖိုင်ကျေးရွာစခန်းသို့ ရဟတ်ယာဉ်ဖြင့် ရောက်ရှိကြသည်။

ထို့နောက် စခန်းရှင်းလင်းဆောင်၌ တိုင်းမှူး ဗိုလ်ချုပ်မြင့်လှိုင်က တန့်ယန်း - မိုင်းကောင် - မိုင်းရှူးလမ်း အခြေအနေနှင့် အဆင့်မြှင့်တင် ဖောက်လုပ်လျက်ရှိသည့် အခြေအနေများကို ပဏာမရှင်းလင်းတင်ပြပြီး နည်းဗျူဟာမှူး ဗိုလ်မှူးကြီးအုန်းလွင်နှင့် ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း ပြည်နယ် အင်ဂျင်နီယာမှူးကြီး ဦးကျော်မင်းသိန်းတို့က လမ်းလုပ်ငန်း အခြေအနေများနှင့် ဖြည့်ဆည်းပေးရန် လိုအပ်သည်များကို ရှင်းလင်းတင်ပြကြသည်။

တန့်ယန်း-မိုင်းကောင်-မိုင်းရှူးလမ်းမှာ ၅၅ မိုင်ရှိပြီး အမာခံ ကျောက်လမ်းအမျိုးအစားဖြစ်သည်။ အဆိုပါလမ်းကို လမ်းသား အကျယ်ပေ ၄၀ နှင့် ၁၂ ပေအကျယ် ကတ္တရာလမ်းအဖြစ် အဆင့်မြှင့်တင် ဆောင်ရွက်နေခြင်းဖြစ်သည်။

တန့်ယန်းမြို့သို့

အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များသည် တန့်ယန်း-မိုင်းကောင်-မိုင်းရှူးလမ်းကိုကြည့်ရှုစစ်ဆေးပြီး တန့်ယန်းမြို့သို့ ရောက်ရှိရာ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ဒေသခံများ၊ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများက ကြိုဆိုကြသည်။

ထို့နောက် မြို့နယ်ခန်းမ၌ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေး အသင်းဝင်များ၊ လူမှုရေးအသင်း အဖွဲ့ဝင်များ၊ မြို့မိမြို့ဖများ၊ ဒေသခံ ပြည်သူများနှင့် တွေ့ဆုံသည်။

...ကို ထိထိရောက်ရောက် အသုံးပြု...
...းစားစား အကောင်အထည်ဖော်

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း မိုင်းရယ်မြို့ ပြည်ထောင်စုခန်းမ၌ ဌာနဆိုင်ရာများ၊ မြို့မိ မြို့ဖများနှင့် ဒေသခံပြည်သူများအား တွေ့ဆုံမှာကြားပြီး ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။ (သတင်းစဉ်)

...သာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်း... ...ချုပ်ကြီးစိုးဝင်း တန့်ယန်းမြို့၌ ဒေသခံ ...ဦးစိုင်းမွန်း၊ ဦးစိုင်ဖနှင့် ဦးလောင်မားတို့အား ...စ္စည်းများ ပေးအပ်စဉ်။ (သတင်းစဉ်)

တွေ့ဆုံပွဲတွင် မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးစံရွှေမောင်က မြို့နယ်၏ စီးပွားရေး၊ လူမှုရေးအခြေအနေနှင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဖြည့်ဆည်းပေးရန် လိုအပ်သည်များကိုလည်းကောင်း၊ မြို့နယ်၏ ပညာရေး၊ ကျန်းမာရေးဆိုင်ရာ ကိစ္စများကို သက်ဆိုင်ရာ ဌာနတာဝန်ခံများက လည်းကောင်း ရှင်းလင်းတင်ပြကြသည်။

ဆက်လက်၍ ဌာနဆိုင်ရာ အကြီးအကဲများနှင့် တာဝန်ရှိပုဂ္ဂိုလ်များက ဒေသဖွံ့ဖြိုး တိုးတက်ရေးအတွက် ကဏ္ဍအလိုက် ဖြည့်ဆည်းပေးနေမှု အခြေအနေများကို လည်းကောင်း၊ လမ်းပိုင်းဆိုင်ရာများတွင် ဖြည့်ဆည်းပေးရန် လိုအပ်သည်များကိုလည်းကောင်း ရှင်းလင်းတင်ပြကြပြီး တိုင်းမှူးက ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

လမ်းကြောင်းမှန်ပေါ်

ရှင်းလင်းတင်ပြချက်များနှင့် စပ်လျဉ်း၍ အတွင်းရေးမှူး(၁)က ကျန်းမာရေးကဏ္ဍ၊ လမ်းပန်းဆက်သွယ်ရေး ကဏ္ဍနှင့် အခြားလိုအပ်သည့် ကဏ္ဍများနှင့် စပ်လျဉ်း၍ ဖြည့်ဆည်းပေးသင့်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးပြီး နယ်စပ်ဒေသများအပါအဝင် ပြည်နယ်/တိုင်း ဒေသအသီးသီး မျှမျှတတ ကွက်လပ်မကျန် ဖွံ့ဖြိုးတိုးတက်လာရေး၊ တောင်ပေါ်ဒေသများနှင့် မြေပြန့်ဒေသများအကြား၊ နယ်စွန်နယ်ဖျားနှင့် အတွင်းပိုင်း ဒေသများအကြား ဆူကြုံနိမ့်မြင့် ကွာဟမှုများ လျော့နည်းကျဆင်းစေရေးတို့အတွက် နိုင်ငံတော်က ဖွံ့ဖြိုးရေးစီမံကိန်း သုံးခုဖြင့် အကောင်အထည်ဖော် ဆောင်ရွက်ပေးနေမှု၊ နိုင်ငံတော်၏ပံ့ပိုးမှုအပေါ် ဌာနဆိုင်ရာများ၊ ဒေသခံပြည်သူများ၏ စုစည်းပူးပေါင်းပါဝင် ဆောင်ရွက်မှုကြောင့် နယ်မြေဒေသအားလုံး ဖွံ့ဖြိုးတိုးတက်လာနေမှု၊ နယ်မြေဒေသ တည်ငြိမ်အေးချမ်းမှု ရရှိခိုင်မြဲလာသည်နှင့်အမျှ တန့်ယန်းဒေသ ဖွံ့ဖြိုးတိုးတက်လာလျက်ရှိသည့် အခြေအနေများ၊ ဖွံ့ဖြိုးတိုးတက်မှု လမ်းကြောင်းမှန်နှင့် တည်ငြိမ်အေးချမ်းသည့် လမ်းကြောင်းမှန်ပေါ် ရောက်နေသည့် နိုင်ငံတော်ကို အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်သစ်အဖြစ် အရှိန်အဟုန်ရှိရှိ ဆက်လက်တည်ဆောက်နိုင်ရေးအတွက် ရှေ့ဆက်သွားမည့် နိုင်ငံရေးလုပ်ငန်းစဉ် အဆင့်ဆင့်ကို ချမှတ်ပြီး အဆင့်လိုက် စနစ်တကျ အကောင်အထည်ဖော် ဆောင်ရွက်နေမှုအခြေအနေများကို အကျယ်တဝင့် ရှင်းလင်းပြောကြားသည်။

ထို့နောက် တန့်ယန်းမြို့ အခြေခံပညာ အထက်တန်းကျောင်းအတွက် ကွန်ပျူတာတစ်စုံကို မြို့နယ်ပညာရေးမှူး ဦးကျင့်ဇမုံအားလည်းကောင်း၊ အခြေခံပညာအထက်တန်းကျောင်းမှ ဆရာ ဆရာမများအတွက် ကျောင်းဝတ်စုံများ၊ မြို့နယ်အတွင်းရှိ ကျောင်းသား ကျောင်းသူများအတွက် ဗလာစာအုပ်များနှင့် ကျောင်းရန်ပုံငွေတို့ကို ကျောင်းအုပ်ဆရာမကြီး ဒေါ်နန်းအမ်ခမ်းအား လည်းကောင်း ပေးအပ်သည်။

ဆက်လက်၍ အတွင်းရေးမှူး(၁)သည် မြို့နယ် ပြည်သူ့ဆေးရုံအတွက် ဆေးပဒေသာပင် အလှူငွေနှင့် ဆေးပစ္စည်းများကို မြို့နယ်ကျန်းမာရေး ဦးစီးဌာနမှူး ဒေါက်တာဝင်းစိန်မြင့်အား ပေးအပ်သည်။

လက်ဆောင်ပေးအပ်

ထို့နောက် အတွင်းရေးမှူး(၁) ဒုတိယ ဗိုလ်ချုပ်ကြီး စိုးဝင်းသည် ဒေသခံ ခေါင်းဆောင်များဖြစ်သည့် ဦးစိုင်းမွန်း၊ ဦးစိုင်ဖနှင့် ဦးလောင်မားတို့အား အမှတ်တရ လက်ဆောင်ပစ္စည်းများ ပေးအပ်ပြီး ဒေသခံ ခေါင်းဆောင်များကလည်း အတွင်းရေးမှူး(၁)အား ဂါရဝပြုလက်ဆောင်များ ပြန်လည်ပေးအပ်ကြသည်။

ထို့နောက် အခမ်းအနားကိုရုပ်သိမ်းလိုက်ပြီး အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များသည် တွေ့ဆုံပွဲအခမ်းအနားသို့ တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ကြသည်။

ကွမ်းလုံမြို့သို့

အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များသည် ညနေ ၃ နာရီ မိနစ် ၅၀ တွင် တန့်ယန်းမြို့မှ ကွမ်းလုံမြို့သို့ ရဟတ်ယာဉ်ဖြင့် ရောက်ရှိကြရာ လောက်ကိုင်တပ်နယ်မှ ဗိုလ်မှူးချုပ်သန်းဝင်း၊ ကွမ်းလုံ တပ်နယ်မှ စစ်ဗျူဟာမှူး ဗိုလ်မှူးကြီး ခင်မောင်လတ်နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဒေသခံ တိုင်းရင်းသားခေါင်းဆောင်များက ကြိုဆိုကြသည်။

ထို့နောက် ကွမ်းလုံမြို့ သံလွင်ဦးခန်းမ၌ ကွမ်းလုံခရိုင်နှင့် ကွမ်းလုံမြို့နယ်၊ ဟိုပန်မြို့နယ်တို့မှ ခရိုင်နှင့် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များ၊ ခရိုင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ဒေသခံ တိုင်းရင်းသားခေါင်းဆောင်များ၊ မြို့မိ မြို့ဖများနှင့် တွေ့ဆုံသည်။

တွေ့ဆုံပွဲတွင် အဖွဲ့ဝင်အဖြစ် လိုက်ပါလာသည့် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ပြည့်စုံနှင့် မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ် မောင်မောင်သိမ်းတို့က အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး စိုးဝင်း ခေါင်းဆောင်သည့်အဖွဲ့ ရှမ်းပြည်နယ်(မြောက်ပိုင်း)သို့ လာရောက်သည့် ခရီးစဉ်၏ ရည်ရွယ်ချက်များ၊ ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့သည်များ၊ တိုင်းပြည် ဖွံ့ဖြိုးတိုးတက်ရေးအတွက် တိုင်းရင်းသားညီအစ်ကိုအားလုံး ညီညီညွတ်ညွတ် အလုပ်ကြိုးစား လုပ်ကိုင်ကြရန် လိုအပ်ပုံများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် အတွင်းရေးမှူး(၁)က နှုတ်ဆက်စကား ပြောကြားပြီး ကွမ်းလုံမြို့ အခြေခံပညာအထက်တန်းကျောင်း သင်ကြားမှု၊ သင်ယူမှု အထောက်အကူပြု စာသင်ခန်းများအတွက် ကွန်ပျူတာတစ်စုံကို မြို့နယ်ပညာရေးမှူး ဦးကြည်ရွှေအား ပေးအပ်ပြီး ကွမ်းလုံမြို့ အခြေခံပညာအထက်တန်းကျောင်းမှ ဆရာ ဆရာမများအတွက် ကျောင်းဝတ်စုံ၊ ထောက်ပံ့ငွေများနှင့် မြို့နယ်အတွင်းရှိ အခြေခံပညာ ကျောင်းများအတွက် ဗလာစာအုပ်များကို အထက်တန်းကျောင်း ကျောင်းအုပ်ဆရာမကြီးအား ပေးအပ်သည်။

ဆက်လက်၍ မြို့နယ်ပြည်သူ့ဆေးရုံအတွက် ဆေးပဒေသာပင် အလှူငွေနှင့် ဆေးပစ္စည်းများကို မြို့နယ် ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာ တင်ဝင်းအား ပေးအပ်သည်။

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း ကွမ်းလုံမြို့၌ ဒေသခံတိုင်းရင်းသား ခေါင်းဆောင်များဖြစ်ကြသည့် ကိုးကန့်ဒေသမှ ဦးလီကျုံးချန်နှင့် ဦးပင်ရှောင်ချိန်၊ နမ့်တစ်ဒေသမှ ဦးအိုက်ရန်းနှင့် ဦးလူရှင်းကြာတို့အား အမှတ်တရ လက်ဆောင်ပစ္စည်းများ ပေးအပ်စဉ်။ (သတင်းစဉ်)

ထို့နောက် အတွင်းရေးမှူး(၁) ဒုတိယ ဗိုလ်ချုပ်ကြီး စိုးဝင်းသည် ဒေသခံတိုင်းရင်းသားခေါင်းဆောင်များ ဖြစ်ကြသည့် ကိုးကန့်ဒေသမှ ဦးလီကျုံးချန်နှင့် ဦးပင်ရှောက်ချိန်၊ နမ့်တစ်ဒေသမှ ဦးအိုက်ရန်းနှင့် ဦးလူရှင်းကြာတို့အား အမှတ်တရ လက်ဆောင်ပစ္စည်းများ ပေးအပ်သည်။

ယင်းနောက် အတွင်းရေးမှူး(၁)သည် ဒေသခံ တိုင်းရင်းသား ခေါင်းဆောင်များ၊ ဌာနဆိုင်ရာများ၊ ဒေသခံတိုင်းရင်းသား၊ တိုင်းရင်းသူများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်သည်။

ရင်းရင်းနှီးနှီး

ဆက်လက်၍ အတွင်းရေးမှူး(၁) ဒုတိယ ဗိုလ်ချုပ်ကြီး စိုးဝင်းသည် ဒေသခံတိုင်းရင်းသား ခေါင်းဆောင်များအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်သည်။

ထို့နောက် အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များသည် တန့်ယန်း-မိုင်းကောင်-မိုင်းရှူးကားလမ်း လမ်းပိုင်းခွဲ့ထားမှု၊ လမ်းခင်းကျောက် စုဆောင်းထားမှုနှင့် ကျောက်ခွဲစခန်းတို့ကို ကြည့်ရှုစစ်ဆေးကြသည်။

ဆက်လက်၍ စက်ယန္တရားများဖြင့် လမ်းချဲ့ခြင်းလုပ်ငန်း ဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးကြပြီး လမ်းလုပ်ငန်း ဆောင်ရွက်နေသည့် တပ်မတော်သားများအား နှုတ်ဆက်အားပေးကြသည်။

ရှင်းလင်းတင်ပြချက်များနှင့် စပ်လျဉ်း၍ အတွင်းရေးမှူး(၁) ဒုတိယ ဗိုလ်ချုပ်ကြီး စိုးဝင်းက လိုအပ်သည်များကို ရှင်းလင်းမှာကြားပြီး လမ်းဖောက်လုပ်လျက်ရှိသည့် တပ်မတော်သားများ၏ကိုယ်စား နည်းဗျူဟာမှူး ဗိုလ်မှူးကြီးအုန်းလွင်အား ဂုဏ်ပြုလက်ဆောင်ပစ္စည်းများ ပေးအပ်သည်။

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း တန့်ယန်းမြို့နယ် ပြည်သူ့ဆေးရုံအတွက် ဆေးပဒေသာပင် အလှူငွေနှင့် ဆေးပစ္စည်းများ ပေးအပ်စဉ်။ (သတင်းစဉ်)

ကောင်းခါးမြို့သစ်

အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များသည် ညနေ ၅ နာရီခွဲတွင် ကွမ်းလုံမြို့မှ ကွတ်ခိုင်မြို့နယ် ကောင်းခါးမြို့သစ်သို့ ရဟတ်ယာဉ်ဖြင့် ရောက်ရှိကြရာ စစ်ဗျူဟာမှူး ဗိုလ်မှူးကြီး စံရွှေသာနှင့် ဌာနဆိုင်ရာများ၊ ကချင်တိုင်းရင်းသားခေါင်းဆောင် ဦးဇော်ယွန်းနှင့် တာဝန်ရှိသူများ၊ ဒေသခံ တိုင်းရင်းသား၊ တိုင်းရင်းသူများက ကြိုဆိုကြသည်။

ထို့နောက် အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များသည် ကောင်းခါးမြို့သစ် တိုက်နယ်ဆေးရုံသို့ သွားရောက်ကြည့်ရှု စစ်ဆေးကြရာ တိုက်နယ်ဆရာဝန် ဒေါက်တာတင့်လွင်နှင့် သူနာပြုများ၊ ကျန်းမာရေးဝန်ထမ်းများက ကြိုဆိုကြသည်။

ယင်းနောက် အတွင်းရေးမှူး(၁)သည် ဆေးရုံအတွင်း လှည့်လည်ကြည့်ရှု စစ်ဆေးပြီး လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ထိုမှတစ်ဆင့် ကောင်းခါးမြို့သစ် အခြေခံပညာ အထက်တန်းကျောင်းသို့ ရောက်ရှိကြရာ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ၊ ဌာနဆိုင်ရာများက ကြိုဆိုကြသည်။

ထို့နောက် ကျောင်းခန်းမ၌ ဒေသတာဝန်ခံများ၊ ဝန်ထမ်းများ၊ ဆရာ ဆရာမများနှင့် တွေ့ဆုံရာ ကချင်တိုင်းရင်းသားခေါင်းဆောင် ဦးဇော်ယွန်းက ဒေသဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်ချက်များနှင့် ဖြည့်ဆည်းပေးရန် လိုအပ်သည်များကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ရေအားလျှပ်စစ်ဦးစီးဌာနမှ ဦးစီးအရာရှိ ဦးငွေစိုးက နမ့်ဟူးမွန်ချောင်း ရေအားလျှပ်စစ်စီမံကိန်းဆိုင်ရာ လုပ်ငန်းဆောင်ရွက်မှု အခြေအနေများကို လည်းကောင်း၊ ကောင်းခါး အခြေခံပညာအထက်တန်းကျောင်း ကျောင်းအုပ်ကြီး ဦးဌေးအောင်က ကျောင်းသား ကျောင်းသူများအား ပညာသင်ကြားပေးနေမှု အခြေအနေများနှင့် ဖြည့်ဆည်းပေးရန် လိုအပ်သည်များကိုလည်းကောင်း ရှင်းလင်းတင်ပြကြရာ တိုင်းမှူး ဗိုလ်ချုပ်မြင့်လှိုင်က ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

ဝမ်းသာကြည်နူး

ထို့နောက် အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းက ရပ်ရွာဒေသ တည်ငြိမ်အေးချမ်းမှု၏ အကျိုးဆက်အဖြစ် ကောင်းခါးမြို့သစ်နှင့် ပတ်ဝန်းကျင် သိသာစွာဖွံ့ဖြိုးတိုးတက်လာနေမှုအခြေအနေများကို တွေ့မြင်ရသဖြင့် ဝမ်းသာကြည်နူးမှု ဖြစ်ရကြောင်း ပြောကြားပြီး ကောင်းခါးတိုက်နယ်ဆေးရုံအတွက် ဓာတ်မှန်ရရှိရေး၊ မြို့သောက်သုံးရေ ရရှိရေး အပါအဝင် ကောင်းခါးမြို့သစ်၏ လိုအပ်ချက်များကို စီစဉ်ဆောင်ရွက်ပေးသည်။

စာမျက်နှာ ၁၀ ကော်လံ ၁ သို့ ●

● စာမျက်နှာ ၉ မှ

ယင်းနောက် အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး စိုးဝင်းသည် ကောင်းခါး အခြေခံပညာအထက်တန်းကျောင်းအတွက် သင်ထောက်ကူပစ္စည်းများကို ကျောင်းအုပ်ကြီး ဦးဌေးအောင်အား လည်းကောင်း၊ ဆရာ၊ ဆရာမများအတွက် ကျောင်းဝတ်စုံများ၊ ကောင်းခါးမြို့သစ်မှ ကျောင်းသား၊ ကျောင်းသူများအတွက် ဗလာစာအုပ်များကို ကျောင်းအုပ်ကြီးနှင့် ကျောင်းအကျိုးတော်ဆောင် ဦးမရန်တူးလွမ်တို့အားလည်းကောင်း ပေးအပ်သည်။

ဆက်လက်၍ တိုက်နယ်ဆေးရုံအတွက် ဆေးပဒေသာပင်အလှူငွေနှင့် ဆေးပစ္စည်းများကို တိုက်နယ်ဆရာဝန် ဒေါက်တာတင့်လွင်အားပေးအပ်သည်။

ထို့နောက် အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး စိုးဝင်းသည် ကချင်တိုင်းရင်းသား ခေါင်းဆောင် ဦးဇော်ယွန်အား ကောင်းခါးမြို့သစ် အရန်မီးသတ်တပ်ဖွဲ့အတွက် ပေးအပ်သော မီးသတ်ယာဉ်တစ်စီးနှင့်ပတ်သက်သည့် စာရွက်စာတမ်းများကို ပေးအပ်သည်။

ဆက်လက်၍ အတွင်းရေးမှူး(၁)သည် ကချင်တိုင်းရင်းသား ခေါင်းဆောင်များ ဖြစ်ကြသည့် ဦးဇော်ယွန်နှင့် ဦးလွမ်းတောင်တို့အား အမှတ်တရ လက်ဆောင်ပစ္စည်းများ ပေးအပ်သည်။

ထို့နောက် ကချင်တိုင်းရင်းသား ခေါင်းဆောင် ဦးဇော်ယွန်က အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များအား လက်ဆောင်ပစ္စည်းများ ပြန်လည်ပေးအပ်ကြသည်။

ယင်းနောက် အတွင်းရေးမှူး(၁) နှင့် အဖွဲ့ဝင်များသည် တွေ့ဆုံပွဲ အခမ်းအနားသို့ တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ကြသည်။

အခမ်းအနားအပြီးတွင် အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များသည် မော်တော်ယာဉ်များဖြင့် ကွတ်ခိုင်မြို့သို့ ရောက်ရှိကြသည်။

ညပိုင်းတွင် ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုနာယက အဖွဲ့ဝင်၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းနှင့် အဖွဲ့ဝင်များသည် ကွတ်ခိုင်မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းရုံး၌ မူဆယ်ခရိုင်၊ ကွတ်ခိုင်မြို့နယ်၊ မူဆယ်မြို့နယ်၊ နမ့်ခမ်းမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းများမှ အတွင်းရေးမှူးများ၊ အလုပ်အမှုဆောင်များ၊ စည်းရုံးရေးမှူးများအား တွေ့ဆုံမှာကြားသည်။ (သတင်းစဉ်)

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း ကောင်းခါးမြို့သစ် အခြေခံပညာအထက်တန်း ကျောင်းအတွက် သင်ထောက်ကူပစ္စည်းများ ပေးအပ်စဉ်။ (သတင်းစဉ်)

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုနာယက အဖွဲ့ဝင်၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း ကွတ်ခိုင်မြို့နယ် ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းရုံး၌ မူဆယ်ခရိုင် ကွတ်ခိုင်မြို့နယ်၊ မူဆယ်မြို့နယ်၊ နမ့်ခမ်းမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းများမှ အတွင်းရေးမှူးများ၊ အလုပ်အမှုဆောင်များ၊ စည်းရုံးရေးမှူးများအား တွေ့ဆုံမှာကြားစဉ်။ (သတင်းစဉ်)

အရှေ့တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူးဒိုင်း ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုပေးပွဲကျင်းပ

ရန်ကုန် ဇူလိုင် ၁၂

၂၀၀၄ခုနှစ် အရှေ့တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူးဒိုင်း ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုပေးပွဲအခမ်းအနားကို ဇူလိုင် ၆ရက် ညနေ ၃နာရီခွဲက မော်လမြိုင်မြို့ ရာမညအားကစားကွင်း၌ ကျင်းပရာ အခမ်းအနားသို့ မွန်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အရှေ့တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် သူရမြင့်အောင်၊ ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်မျိုးလှနှင့် တပ်မတော်အရာရှိကြီးများ၊ တပ်နယ်တပ်ရင်း တပ်ဖွဲ့မှူးများ၊ ပြည်နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ တပ်ရင်းတပ်ဖွဲ့များမှ အရာရှိ စစ်သည်မိသားစုဝင်များ၊ ပြိုင်ပွဲဝင်အားကစားသမားများ တက်ရောက်ကြသည်။

ဗိုလ်လုပွဲအပြီးတွင် ဆုချီးမြှင့်ပွဲကို ဆက်လက်ကျင်းပရာ တာဝန်ရှိသူများက အသင်းလိုက် ဒုတိယဆုနှင့် ပထမဆုရရှိသောအသင်းများအား တစ်ဦးချင်းဆုများကို လည်းကောင်း၊ ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်မျိုးလှက နေရာအလိုက် အကောင်းဆုံး ဘောလုံးသမားဆုများကို လည်းကောင်း၊ တိုင်းမှူး ဗိုလ်ချုပ်သူရမြင့်အောင် **(အောက်ပုံ)**က အသင်းလိုက် တံခွန်စိုက်ဒိုင်းဆုရရှိသော အသင်းအား တံခွန်စိုက်ဒိုင်းဆုကြီးကို လည်းကောင်း အသီးသီးပေးအပ်ချီးမြှင့်ကြသည်။ (သတင်းစဉ်)

ရန်ကုန်မိုးရေချိန်

(၁၂-၇-၂၀၀၄)

ကမ္ဘာအေး	- ၁ ဒသမ ၁၉ လက်မ
ရန်ကုန်မြို့လယ်	- ၀ ဒသမ ၇၅ လက်မ
မင်္ဂလာဒုံ	- ၀ ဒသမ ၃၅ လက်မ

မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

၁၃-၇-၂၀၀၄ (အင်္ဂါနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ **ကျေးဇူးရှင် မင်းကွန်းဆရာတော်ကြီး နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင်ချုပ်၊ အဘိဓဇ မဟာရဋ္ဌဂုရု၊ အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မ ဇောတိက၊ တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဆရာတော် ဘဒ္ဒန္တဝိစိတ္တသာရာဘိဝံသ၏ ပရိတ်တရားတော်**

၇:၂၅ ၂။ ကျန်းမာဖို့အတူကစားစို့

၇:၃၀ ၃။ နံနက်ခင်းသတင်း

၇:၄၀ ၄။ သံသာချိုအေးမင်္ဂလာတေး

၇:၅၀ ၅။ ကဗျာပန်းဥယျာဉ်

၈:၀၅ ၆။ အကပြိုင်ပွဲ

၈:၁၅ ၇။ နှောင်းခေတ်တေးပဒေသာ

၈:၃၀ ၈။ International News.

၈:၄၅ ၉။ Grammar Made Easy.

၉:၀၀ ၁၀။ အစီအစဉ်ပြီး၏။

ညပိုင်း

၄:၀၀ ၁။ စစ်ချီတေး၊စစ်သည်တေး

၄:၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ

၄:၃၀ ၃။ English for Everyday Use.

၄:၄၅ ၄။ တေးဂီတအစီအစဉ်

၅:၀၀ ၅။ အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ - ဒုတိယနှစ် (ရူပဗေဒအထူးပြု) (ရူပဗေဒ)

၅:၁၅ ၆။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာအက

၅:၂၅ ၇။ ခံစားနားဆင်တေးဇာတ်ဝင်

၅:၃၅ ၈။ ဆိုကြမယ်၊ ပျော်ကြမယ်

၆:၁၅ ၉။ **နိုင်ငံခြားကာတွန်းဇာတ်လမ်းတွဲ “မျောက်မင်းဂူခုန်း” (အပိုင်း-၆)**

၆:၃၀ ၁၀။ ညနေခင်းသတင်း

၇:၀၀ ၁၁။ မိုးလေဝသအခြေအနေ

၇:၀၅ ၁၂။ ကျေးလက်ဒေသတစ်ခွင်အလှဆင်

၇:၁၅ ၁၃။ ကြေးမုံရိပ်သွင် တေးနှယဉ်

၇:၃၀ ၁၄။ သားငါးဖွံ့ဖြိုး ပြည့်အကျိုး

၈:၀၀ ၁၅။ ပြည်တွင်းသတင်း

၁၆။ နိုင်ငံတကာသတင်းများ

၁၇။ မိုးလေဝသအခြေအနေ

၁၈။ **နိုင်ငံခြားဇာတ်လမ်းတွဲ တစ်ရံရောအခါ (အပိုင်း-၄)**

၁၉။ နောက်တစ်နေ့အစီအစဉ်

၂၀။ အစီအစဉ်ပြီး၏။

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်အကြောင်း လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၌ ဟောပြော

ရန်ကုန် ဇူလိုင် ၁၂

မြန်မာနိုင်ငံအမျိုးသမီးရေးရာ အဖွဲ့ချုပ်အကြောင်း သိကောင်းစရာဟောပြောပွဲကို ယနေ့မွန်းလွဲ ၁နာရီတွင် လျှပ်စစ်စွမ်းအားဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ကျင်းပရာ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူး ပါမောက္ခ ဒေါက်တာဒေါ်ခင်အေးဝင်း တက်ရောက်၍ ရှင်းလင်းဟောပြောသည်။

တက်ရောက်

ဟောပြောပွဲသို့ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီးဗိုလ်ချုပ်တင်ထွတ်၏ ဇနီး မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် တိုင်းရင်းသားရေးရာအဖွဲ့ အကြံပေးပုဂ္ဂိုလ် ဒေါ်တင်တင်ညွန့်၊ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမျိုးမြင့်၏ဇနီး မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် ဘဏ္ဍာရေးနှင့် စီမံရေးရာ လုပ်ငန်းအဖွဲ့အကြံပေးပုဂ္ဂိုလ် ဒေါ်တင်တင်မြင့်၊ ဌာနဆိုင်ရာအကြီးအကဲများနှင့် ၎င်းတို့၏ဇနီးများ၊ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် အလုပ်အမှုဆောင်အဖွဲ့ဝင်များ၊ ဝန်ကြီးဌာနနှင့်ဝန်ကြီးဌာနအောက်ရှိ ဌာနများမှ အမျိုးသမီးဝန်ထမ်းများ၊ ဝန်ထမ်းမိသားစုများ တက်ရောက်ကြသည်။

အခမ်းအနားတွင် မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူး ပါမောက္ခ ဒေါက်တာဒေါ်ခင်အေးဝင်းက မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ပေါ်ပေါက်လာပုံနှင့် နောက်ခံသမိုင်း၊ အဖွဲ့ချုပ်ရည်ရွယ်ချက် ခုနစ်ရပ်နှင့် လုပ်ငန်းအဖွဲ့ ၁၆ခု၏ လုပ်ငန်းတာဝန်များ၊ အဆင့်ဆင့်ဖွဲ့စည်းပုံများကို ရှင်းလင်းပြောကြားပြီး မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်၏ မွန်မြတ်သော ရည်ရွယ်ချက်များ အောင်မြင်ရေးအတွက် ဇာတိမာန်ထက်သန်သော မြန်မာအမျိုးသမီးများ၊ ယဉ်ကျေးသိမ်မွေ့ပြီး ဘက်စုံဖွံ့ဖြိုးတိုးတက်၍ အားမာန်ပြည့်ဝသော မြန်မာအမျိုးသမီးများ ပေါ်ထွန်းရေးကို မြန်မာအမျိုးသမီးထုကြီးတစ်ရပ်လုံးက တစ်တပ်တစ်အား ပူးပေါင်းပါဝင်ကြရန် ရှင်းလင်းပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် တိုင်းရင်းသားရေးရာအဖွဲ့ အကြံပေးပုဂ္ဂိုလ် ဒေါ်တင်တင်ညွန့်က မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်အတွက် ဝန်ကြီးဌာနမှ လှူဒါန်းငွေ ကျပ်တစ်သိန်းကို မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူး ပါမောက္ခ ဒေါက်တာဒေါ်ခင်အေးဝင်းအား ပေးအပ်လှူဒါန်းသည်။ **(ဝဲပုံ)** ဆက်လက်၍ ဒုတိယဝန်ကြီး ဦးမျိုးမြင့်၏ဇနီး မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် ဘဏ္ဍာရေးနှင့်စီမံရေးရာလုပ်ငန်းအဖွဲ့ အကြံပေးပုဂ္ဂိုလ်ဒေါ်တင်တင်မြင့်က ဝန်ကြီးဌာန၏ ဂုဏ်ပြုလက်ဆောင်များကို ပေးအပ်ပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။ (သတင်းစဉ်)



ပိုစတာပြိုင်ပွဲ ဆုချီးမြှင့်

နိုင်ငံတော် အေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီ အတွင်းရေးမှူး (၁) ဒုတိယဗိုလ်ချုပ်ကြီး စိုးဝင်း ၂၀၀၄ ခုနှစ် ကမ္ဘာ့ လူဦးရေနေ့ အ ထိမ်း အ မှတ် အ ခမ်း အ နား သို့ တက်ရောက်ချီးမြှင့်ပြီး ကမ္ဘာ့လူဦးရေနေ့ အထိမ်းအမှတ် အပြည်ပြည်ဆိုင်ရာ ပိုစတာ ပြိုင်ပွဲတွင် ဆုရရှိသူ တစ်ဦးအား ဆုချီးမြှင့်စဉ်။

(သတင်းစဉ်)

✧ **ကျောဖုံးမှ**

အပြည်ပြည်ဆိုင်ရာလူဦးရေနှင့် ဖွံ့ဖြိုးမှု ညီလာခံ (International Conference on Population and Development-ICPD) ကျင်းပခဲ့သည့် ၁၉၉၄ခုနှစ်မှာ မွေးဖွားခဲ့သော သမီး မိန်းကလေးတစ်ယောက်သည် ယခုဆိုလျှင် ၁၀နှစ် ပြည့်တော့မှာဖြစ်ကြောင်း၊ ယင်းသမီးလေးမှာ သူနေထိုင်သည့်နိုင်ငံအလိုက် ပညာရေး၊ ကျန်းမာရေးစသော အခွင့်အရေးများ ရရှိခံစားရမှာဖြစ်ကြောင်း။

ပညာတတ်မြောက်ရေး

ICPD ရှေ့လုပ်ငန်းစဉ်များမှာ ပါဝင်သော အနှစ်၂၀ ရည်မှန်းချက်ပန်းတိုင်၏ ပထမဆုံးအချက်မှာ လူတိုင်း ပညာတတ်မြောက်ရေးပင်ဖြစ်ကြောင်း၊ အထူးသဖြင့်မိန်းကလေးငယ်လေးများနှင့် အမျိုးသမီးများ အလယ်တန်း၊အထက်တန်းနှင့် အသက်မွေးဝမ်းကျောင်း နည်းပညာများကို ကျယ်ကျယ်ပြန့်ပြန့်ဖြင့် အစောဆုံး သင်ယူနိုင်ရေးပင်ဖြစ်ကြောင်း၊ ကမ္ဘာတစ်ဝန်းလုံးတွင် မူလတန်းပညာကို မိန်းကလေး၊ ယောကျ်ားလေးများ တန်းတူသင်ကြားခွင့် ရရေးအတွက် ကြိုးပမ်းခဲ့ကြသော်လည်း ယနေ့ မိန်းကလေး၆၅သန်းသည် ပညာသင်ခွင့် မရကြသေးကြောင်း။

ဖွံ့ဖြိုးပြီးနိုင်ငံများရော၊ ဖွံ့ဖြိုးဆဲနိုင်ငံများပါ AIDS ရောဂါ ကူးစက်ပြန့်ပွားခြင်းသည် အဓိကကျသည့် ပြဿနာတစ်ရပ်ဖြစ်သည်ဟု ICPD က ဖော်ပြခဲ့ကြောင်း၊ AIDS ရောဂါ ကူးစက်မှု တားဆီးကာကွယ်ရေးနှင့် ယင်းရောဂါ၏ ဆိုးကျိုးများ လျော့နည်းသွားစေရေး၊ HIV/AIDS ရောဂါ တားဆီးနိုင်သည့် နည်းလမ်းများကို အပူတပြင်း ရှာဖွေရေးနှင့် ထိရောက်သည့် ရောဂါကုသမှုများ ရှာဖွေရေးတို့မှာ ICPD က ချမှတ်ခဲ့သော အဓိကရည်မှန်းချက်များဖြစ်ကြောင်း၊ သို့သော် ယခုအခါ နေ့စဉ် ယောကျ်ား၊ မိန်းမ ၆၀၀၀ ခန့် HIV ရောဂါ ကူးစက်ခံနေရသည်ကို တွေ့ရှိနေရဆဲဖြစ်ကြောင်း။

မြန်မာနိုင်ငံ၏ အနေအထားနှင့် ပတ်သက်ပြီး အကျဉ်းချုံးအသိပေး ပြောကြားလိုကြောင်း၊ မိမိတို့နိုင်ငံ၏ လူဦးရေမှာ ၅၃သန်းခန့်ရှိပြီး အမျိုးသား ၂၆ သန်းနှင့် အမျိုးသမီး ၂၇ သန်းခန့်ရှိကြောင်း၊ လူဦးရေသိပ်သည်းမှုကို ကြည့်မည်ဆိုလျှင်လည်း ပျမ်းမျှ တစ်စတုရန်းမိုင်လျှင် ၂၀၄ ယောက်သာရှိသည့်အတွက် လူဦးရေသိပ်သည်းမှု အချိုးအစားမှာ ကောင်းမွန်သည်ဟု ဆိုနိုင်ကြောင်း၊ မြန်မာနိုင်ငံမှာ စိုက်ပျိုးနိုင်သည့် မြေဧရိယာအများကြီး ရှိသေးသည့်အတွက် မြန်မာနိုင်ငံ၏ လယ်ယာထွက်ကုန် တိုးတက်ရေးအတွက် အလားအလာကောင်း များစွာရှိပါကြောင်း၊ ထို့ကြောင့် မြန်မာနိုင်ငံတွင် စားနပ်ရိက္ခာဖူလုံမှုရှိရုံသာမက ဒေသနှင့် နိုင်ငံတကာ၏ စားနပ်ရိက္ခာလိုအပ်ချက်များကိုလည်း အတိုင်းအတာတစ်ခုအထိ ဖြည့်ဆည်းပေးလျက်ရှိကြောင်း။

ယခုအခါ မြန်မာနိုင်ငံသည် စီးပွားရေးတိုးတက်မှု သိသိသာသာရှိနေပြီး ပြည်သူလူထု၏ လူနေမှုအဆင့်အတန်းလည်း မြင့်မားလာလျက်ရှိကြောင်း၊ မြန်မာနိုင်ငံ၏ လူဦးရေ ၇၀ ရာခိုင်နှုန်းကျော်နေထိုင်သည့် ကျေးလက်ဒေသဖွံ့ဖြိုးရေးအတွက် ကျေးလက်ဖွံ့ဖြိုးရေးစီမံကိန်းများကိုလည်း အမျိုးသား ဖွံ့ဖြိုးမှုစီမံကိန်းများမှာ ထည့်သွင်းရေးဆွဲထားကြောင်း၊ နိုင်ငံတော်အစိုးရ၏ ကြိုးပမ်းဆောင်ရွက်မှုများကြောင့် နိုင်ငံအတွင်း ဒေသအသီးသီးမှာ ဖွံ့ဖြိုးမှုကွာဟချက် နည်းလာသလို မြို့နှင့်ကျေးလက်ဒေသ ဖွံ့ဖြိုးမှုတို့မှာလည်း ကွာဟမှု နည်းလာပြီဖြစ်ကြောင်း။

တန်းတူအခွင့်အရေးရှိ

စီးပွားရေးကဏ္ဍတွင်သာမက ပညာရေးကဏ္ဍ၌လည်း ကောင်းမွန်သည့် အခြေခံများ ရရှိနေပြီဖြစ်ပါကြောင်း၊ နိုင်ငံတော်မှာ ၁၅ နှစ်အထက် လူကြီးများ၏ စာတတ်မြောက်မှုနှုန်းသည် ၉၂ ဒသမ၂ ရာခိုင်နှုန်းရှိကြောင်း၊ ထို့ပြင် နိုင်ငံတော်အစိုးရအနေနှင့် ကျောင်းနေအရွယ်ကလေးသူငယ်များ ကျောင်းများမှာရှိနေစေရန် ပြည်သူတစ်ရပ်လုံး ပါဝင်သည့် လှုပ်ရှားမှုများလုပ်ဆောင်ပေးခဲ့သည့်အတွက် ကျောင်းနေစရွယ် ကျောင်းအပ်နှုန်းသည် ၉၅ ရာခိုင်နှုန်းရှိကြောင်း၊ အဆင့်မြင့်ပညာရေးမှာ ၁၉၈၈ ခုနှစ်တွင် တက္ကသိုလ်နှင့် ကောလိပ် ၃၂ ခုသာရှိခဲ့သော်လည်း ယခုအခါ တစ်နိုင်ငံလုံးမှာ တက္ကသိုလ်နှင့်ကောလိပ် ၁၅၆ ခုအထိ တိုးတက်ဖွင့်လှစ်ထားပြီးဖြစ်ကြောင်း၊ မြန်မာနိုင်ငံရှိ အမျိုးသမီးများအနေဖြင့် ပညာရေး အခွင့်အလမ်းနှင့်ပတ်သက်ပြီး အမျိုးသားများနှင့် တန်းတူအခွင့်အရေးရှိပါကြောင်း၊ ကျန်းမာရေးကဏ္ဍမှာလည်း မိခင်နှင့်ကလေးစောင့်ရှောက်ရေးကို နိုင်ငံတော်၏ ကျန်းမာရေးစောင့်ရှောက်မှုအစီအစဉ် စကတည်းက အထူးအလေးပေးဆောင်ရွက်ခဲ့ကြောင်း၊ နိုင်ငံတော်၏ ကျန်းမာရေးစီမံကိန်းမှာလည်း မိခင်နှင့်ကလေးစောင့်ရှောက်ရေးသည် အရေးပါသောကဏ္ဍက ပါဝင်ကြောင်း၊ မျိုးဆက်ပွားကျန်းမာရေးစောင့်ရှောက်မှုမှာ အရေးကြီးသည့် ပြောင်းလဲမှုတစ်ခုမှာ ၂၀၀၁ခုနှစ်မှာ အမျိုးသားမျိုးဆက်ပွား ကျန်းမာရေးမူဝါဒကို ရေးဆွဲချမှတ်ခဲ့ခြင်းပင်ဖြစ်ကြောင်း၊ မြန်မာနိုင်ငံ၏ အမျိုးသားကျန်းမာရေးမူဝါဒသည် မျိုးဆက်ပွားကျန်းမာရေး တိုးတက်ကောင်းမွန်အောင် အထူးဂရုစိုက် အားဖြည့်ဆောင်ရွက်နိုင်မည့် မဟာဗျူဟာများကို ဦးစားပေးထားကြောင်း။



လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စိန်ထွား ၂၀၀၄ခုနှစ် ကမ္ဘာ့လူဦးရေနေ့ အထိမ်းအမှတ်အခမ်းအနားတွင် ဆုရရှိသူတစ်ဦးအား ဆုပေးအပ်ချီးမြှင့်စဉ်။

(သတင်းစဉ်)

ICPD ရှေ့လုပ်ငန်းစဉ်၏ ရည်မှန်းချက်ပန်းတိုင်များနှင့် စပ်လျဉ်း၍ ကျန်းမာရေးဝန်ကြီးဌာနက တစ်နှစ်အောက်ကလေးသေနှုန်း၊ငါးနှစ်အောက် ကလေးသေနှုန်းနှင့် ကိုယ်ဝန်ဆောင်မိခင် သေနှုန်းကျဆင်းရေးနှင့် မျိုးဆက်ပွားကျန်းမာရေးစောင့်ရှောက်မှု အရည်အသွေး မြင့်မားရေးနှင့် အလွယ်တကူ ရရှိနိုင်ရေးအတွက် ပိုမိုကောင်းမွန်အောင် ကြိုးပမ်းဆောင်ရွက်နေကြောင်း၊ ယင်းသို့ကြိုးပမ်းဆောင်ရွက်ခဲ့သည့် အတွက်လည်း ယင်းကဏ္ဍများမှာ သိသိသာသာကြီးအောင်မြင်မှုများရရှိခဲ့ကြောင်း။

နိုင်ငံတော်အစိုးရ၏ ကြိုးပမ်းလုပ်ဆောင်မှုများအပြင် နိုင်ငံတစ်ဝန်းလုံးမှာ အသင်းဝင်များရှိသည့် မြန်မာနိုင်ငံမိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း (MMCWA)သည် အရည်အသွေးမီ မျိုးဆက်ပွားကျန်းမာရေး အကြံပေးမှုများနှင့် ဝန်ဆောင်မှုများ ပေးလျက်ရှိပါကြောင်း၊ ထို့ပြင် မျိုးဆက်ပွားကျန်းမာရေး၊ AIDS ကဲ့သို့ ကူးစက်ပြန့်ပွားနိုင်သည့် ရောဂါများနှင့်ပတ်သက်ပြီး သင်တန်းများ၊အလုပ်ရုံဆွေးနွေးပွဲများ၊ ဆွေးနွေးပွဲများကျင်းပပေးလျက်ရှိကြောင်း။

HIV/AIDS သည် ယနေ့ကမ္ဘာမှာရှိသည့် နိုင်ငံအားလုံးကြုံတွေ့ရင်ဆိုင်နေရသော အဓိကကျန်းမာရေး ပြဿနာကြီး တစ်ရပ်ဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံမှာ AIDS ရောဂါ ပြန့်ပွားမှုဟာ မကြီးမားလှသော်လည်း မြန်မာနိုင်ငံ၏ အမျိုးသားကျန်းမာရေးစီမံကိန်းမှာAIDS ကို ဦးစားပေးရောဂါတစ်ခုအနေနှင့် ထည့်သွင်းထားကြောင်း၊ အမျိုးသား AIDSရောဂါတိုက်ဖျက်ရေး ကော်မတီမှာလည်း HIV/AIDS တားဆီးကာကွယ်ရေးအတွက် အမျိုးသားနည်းဗျူဟာ စီမံကိန်းရေးဆွဲရာမှာ တက်ကြွစွာ ပါဝင်ဆောင်ရွက်နေပြီး ဌာနပေါင်းစုံ၊ အဖွဲ့အစည်းပေါင်းစုံ ပါဝင်ပါကြောင်း။

မြန်မာနိုင်ငံမှာ နိုင်ငံရေး၊ စီးပွားရေး၊ စီမံခန့်ခွဲရေး၊ တရားရေးနှင့် လူမှုရေး နယ်ပယ်တွင် အမျိုးသမီးများသည် အမျိုးသားများနှင့်တန်းတူအခွင့်အရေးကို တရားဝင်ရရှိထားကြကြောင်း။

ICPDကဲ့သို့ နိုင်ငံတကာအမျိုးသမီး ညီလာခံကြီးကို အပြည်ပြည်ဆိုင်ရာ ညီလာခံများနောက်ပိုင်းတွင် မြန်မာနိုင်ငံသည် အခြားနိုင်ငံများနည်းတူ အမျိုးသမီးများ၏ ဘက်စုံဖွံ့ဖြိုးတိုးတက်ပြီး စုစည်းခိုင်မာသည့် အမျိုးသားရေး စွမ်းအားစုတစ်ရပ်အနေနှင့် တစ်နိုင်ငံလုံး အတိုင်းအတာဖြင့် စနစ်တကျ လှုပ်ရှားဆောင်ရွက်နိုင်ရန် အမျိုးသားအဆင့် ယန္တရားတစ်ခုအဖြစ် မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးရေးရာကော်မတီကို ဖွဲ့စည်းပေးခဲ့ကြောင်း။

မြန်မာနိုင်ငံအမျိုးသမီးများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် မြန်မာနိုင်ငံ အမျိုးသားလုပ်ငန်း အစီအမံများကိုလည်း ချမှတ် အကောင်အထည်ဖော်လျက်ရှိကြောင်း။

၂၀၀၃ခုနှစ် ဒီဇင်ဘာလတွင် မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်ကို ဖွဲ့စည်းနိုင်ခဲ့သည်မှာ မြန်မာနိုင်ငံ အမျိုးသမီးများအတွက် ကဏ္ဍသစ်တစ်ရပ် ဖွင့်လှစ်ပေးခဲ့ခြင်းဖြစ်ကြောင်း၊ ယင်းအဖွဲ့ချုပ်သည် အမျိုးသမီးများ ကဏ္ဍဆိုင်ရာ ကိစ္စများကို ထိထိရောက်ရောက် အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေး၊ မြန်မာအမျိုးသမီးများ အားလုံး ကျယ်ကျယ်ပြန့်ပြန့် ပါဝင်ဆောင်ရွက်နိုင်ရေး၊ အမျိုးသမီးများ ကဏ္ဍတစ်ရပ်လုံးအတွက် တာဝန်ခံ ဆောင်ရွက်သွားမည့် အဖွဲ့အစည်းအဖြစ် ရပ်တည်နိုင်ရေးတို့ကို ဦးတည်ပြီး ဖွဲ့စည်းခဲ့ကြောင်း။

လိုက်နာကျင့်သုံး

မြန်မာနိုင်ငံသည် ICPDလုပ်ငန်းစဉ်များနှင့် ICPDချမှတ်လိုက်သည့် မူဝါဒများကို လိုက်နာကျင့်သုံးနေကြောင်း၊ မြန်မာနိုင်ငံသည် ကမ္ဘာ့နိုင်ငံများ၊ နိုင်ငံတကာအဖွဲ့အစည်းများ၊ ကုလသမဂ္ဂ အဖွဲ့အစည်းများ ဖြစ်သည့် ကုလသမဂ္ဂဖွံ့ဖြိုးရေးအစီအစဉ်၊ ကုလသမဂ္ဂလူဦးရေ ရန်ပုံငွေအဖွဲ့၊ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ စသော အဖွဲ့အစည်းများ၊ ပြည်တွင်းပြည်ပ အစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်မှုများကို ပိုမိုခိုင်မာစေပြီးလူဦးရေဆိုင်ရာ လုပ်ငန်းအစီအစဉ်များ ချမှတ်ဆောင်ရွက်ရာတွင် တက်ကြွသည့် အခန်းကဏ္ဍမှ ပါဝင်ဆောင်ရွက်သွားရန် သန္နိဋ္ဌာန်ချထားကြောင်းဖြင့် ပြောကြားသွားသည်။

ဆက်လက်၍ မြန်မာနိုင်ငံဆိုင်ရာ ကုလသမဂ္ဂလူဦးရေရန်ပုံငွေအဖွဲ့ ဌာနေကိုယ်စားလှယ် Mr. Najib M. Assifi က ကုလသမဂ္ဂလူဦးရေရန်ပုံငွေအဖွဲ့ အမှုဆောင်ညွှန်ကြားရေးမှူး Ms. Thoraya Obaid ၏ ၂၀၀၄ခုနှစ် ကမ္ဘာ့လူဦးရေနေ့ သဝဏ်လွှာကို ဖတ်ကြားသည်။

ယင်းနောက် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး စိုးဝင်းက ၂၀၀၃ခုနှစ် ကမ္ဘာ့လူဦးရေနေ့ အထိမ်းအမှတ် အပြည်ပြည်ဆိုင်ရာ ပိုစတာပြိုင်ပွဲ(အဆင့်-၄)တွင် ဒုတိယဆုရရှိသည့် မောင်ဇာနည်ထွန်း ဒဂုံမြို့သစ် (အရှေ့ပိုင်း) မြို့နယ်အားလည်းကောင်း၊ ၂၀၀၄ခုနှစ် ကမ္ဘာ့လူဦးရေနေ့ ပိုစတာပြိုင်ပွဲ(အဆင့်-၅) (အလွတ်တန်း)တွင် ပထမဆုရ ရန်ကုန်တိုင်း ကျောက်တန်းမြို့နယ်မှ ဦးရဲထွဋ်အောင် (လောကနတ်ပန်းချီ)၊ ဒုတိယဆုရ ရန်ကုန်တိုင်း စမ်းချောင်းမြို့နယ်မှ ဒီဇိုင်းကိုသက်နှင့် တတိယဆုရ ရန်ကုန်တိုင်း ကျောက်တန်းမြို့နယ်မှ ဦးစိုးလေးတို့အားလည်းကောင်း ဆုများချီးမြှင့်ပြီး အခမ်းအနားကို ခေတ္တရပ်နားသည်။

ပထမပိုင်း အခမ်းအနားအပြီးတွင် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး (၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းသည် အခမ်းအနားသို့ တက်ရောက်လာကြသည့် သံတမန်များ၊ ဧည့်သည် တော်များအား ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။

ကြည့်ရှုလေ့လာ

ယင်းနောက် အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များသည် အပြည်ပြည်ဆိုင်ရာ စီးပွားရေးလုပ်ငန်းဗဟိုဌာန ဧည့်ကြိုဆောင်၌ ခင်းကျင်းပြသထားသည့် လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန၏ လှုပ်ရှားမှုမှတ်တမ်းဓာတ်ပုံများ၊ ၂၀၀၄ခုနှစ် ကမ္ဘာ့လူဦးရေနေ့ အထိမ်းအမှတ်အကြို ဆောင်ရွက်ချက်များ၊ ပိုစတာနှင့် စာစီစာကုံးဆုရ ဒီဇိုင်းနှင့်စာမူများ၊ လူမှုရေးအသင်းအဖွဲ့များ၏ လုပ်ငန်းဆောင်ရွက်ချက်များ၊ ပညာရေး၊ ကျန်းမာရေး၊ စိုက်ပျိုးရေးနှင့် ပတ်ဝန်းကျင် ထိန်းသိမ်းရေးဆိုင်ရာ မှတ်တမ်းဓာတ်ပုံနှင့်စာအုပ်စာတမ်းတို့ကို ကြည့်ရှုလေ့လာကြသည်။

ဆက်လက်၍ အခမ်းအနားဒုတိယပိုင်းအစီအစဉ်ကိုကျင်းပရာ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ဝန်ကြီးဗိုလ်ချုပ်စိန်ထွားက ၂၀၀၄ခုနှစ် ကမ္ဘာ့လူဦးရေနေ့ အထိမ်းအမှတ် ပိုစတာပန်းချီပြိုင်ပွဲ အဆင့်(၄)တွင် ပထမဆုရ ရန်ကုန်တိုင်း စမ်းချောင်းမြို့နယ် အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်း ဒသမတန်းမှ မနှင်းလဲ့ဖြူ၊ ဒုတိယဆုရ မွန်ပြည်နယ် သံဖြူဇရပ်မြို့နယ် အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်း ဒသမတန်းမှ မောင်ဝိုင်းချစ်ဖုနှင့် တတိယဆုရ ရန်ကုန်တိုင်း တာမွေမြို့နယ် အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်း ဒသမတန်းမှ မောင်ရဲကိုကိုအောင်

စာမျက်နှာ ၁၃ ကော်လံ ၆ သို့ ➪

၂၀၀၄ခုနှစ် ကမ္ဘာ့လူဦးရေနေ့ အထိမ်းအမှတ် အခမ်းအနားတွင် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်အောင် ဆုရရှိသူတစ်ဦးအား ဆုပေးအပ်ချီးမြှင့်စဉ်။

(သတင်းစဉ်)

ဝါတွင်းတရားပွဲ

ရန်ကုန် ဇူလိုင် ၁၂

မြောက်ဥက္ကလာပမြို့နယ် (၈၂)ရပ်ကွက် ဇမ္ဗူအေး ကျောင်းတိုက်အတွင်းရှိ ရွှေမင်းဝံမဟာသတိပဋ္ဌာန် ပရိယတ္တိစာသင်တိုက်၌ ပဓာန နာယက ကမ္မဋ္ဌာနာစရိယ ဘဒ္ဒန္တ ပညာလင်္ကာရ ဆရာတော်က ဥပုသ်နေ့တိုင်း နံနက် ၉နာရီမှစ၍ မဂ္ဂင်ရှစ်ပါး ကာယနုပဿနာ သတိပဋ္ဌာန် အလုပ်ပေးတရားတော်များကို ဟောကြားပြီး မွန်းတည့် ၁၂နာရီမှစ၍ အနန္တဂုဏ်ရောင် ဦးဘမြင့်က သစ္စာလေးပါးပိုင်းခြားဝေဖြာသိကောင်းစရာ ဟောကြားပြသမည်ဖြစ်ကြောင်း သိရသည်။ (က-ပ)

✡ **ရုပ်မြင်သံကြားမှ**

ဦးဆောင်ညွှန်ကြားရေးမှူးများ၊ သတင်းနှင့် စာနယ်ဇင်းလုပ်ငန်းမှ အကြံပေးပုဂ္ဂိုလ်များ၊ ညွှန်ကြားရေးမှူးများ၊ ဒုတိယညွှန်ကြားရေးမှူးများ၊ သတင်းစာတိုက်များမှ စာတည်းမှူးချုပ်များ၊ အကြံပေးအရာရှိများ၊ စာတည်းမှူးများ၊ မန်နေဂျာများ၊ မြန်မာနိုင်ငံ နိုင်ငံခြားသတင်းထောက်များအသင်း နာယက၊ ဥက္ကဋ္ဌ၊ ဝါရင့်သတင်းစာဆရာကြီးများ၊ သတင်းစာပညာသင်တန်း ကျောင်းအုပ်ကြီးနှင့် သင်တန်းဆရာများ၊ သင်တန်းသား၊ သင်တန်းသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် သတင်းနှင့် စာနယ်ဇင်းလုပ်ငန်းမှ ညွှန်ကြားရေးမှူး (သတင်း) ဦးဝင်းတင်က အခမ်းအနားမှူးအဖြစ် ဆောင်ရွက်သည်။

ရည်ရွယ်ချက်သုံးရပ်

ရှေးဦးစွာ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းက သင်တန်းဖွင့် အမှာစကားပြောကြားရာတွင် ယနေ့ဖွင့်လှစ်သည့် သတင်းစာပညာသင်တန်းသည် ဌာနအတွက်လည်းကောင်း၊ သတင်းစာလောကအတွက်လည်းကောင်း၊ နိုင်ငံနှင့် လူမျိုးအတွက်လည်းကောင်း အရေးကြီးသည့် သင်တန်းဖြစ်ကြောင်း၊ သို့ပါ၍ သင်တန်း၏ ရည်ရွယ်ချက် သုံးရပ် ချမှတ်ထားကြောင်း၊ ၎င်းတို့မှာ- သင်တန်းသားများအနေဖြင့် သတင်းစာပညာနှင့် သတင်းစာလုပ်ငန်းကို အခြေခံအားဖြင့် တတ်မြောက်စေရန်၊ သင်တန်းသားများ၏ လုပ်ငန်းကျွမ်းကျင်မှု အရည်အသွေး ပိုမိုမြင့်မားစေရန်နှင့် စိတ်ပိုင်းဆိုင်ရာ အရည်အသွေး ပိုမိုမြင့်မားစေရန်၊ တိုင်းပြည်နှင့် လူမျိုး အကျိုးဘက်က အမြဲတမ်းရပ်တည်ပြီး အရည်အသွေးမြင့်မားသော သတင်းစာများကို အမြဲထုတ်လုပ်သွားနိုင်ရန်တို့ ဖြစ်ကြောင်း။

ထိုရည်ရွယ်ချက်များ အောင်မြင်အောင် ဒုတိယဝန်ကြီးများနှင့်တကွ ဝါရင့် သတင်းစာ ဆရာကြီးများ၊ စာပေ၊ ဂျာနယ်ပညာရှင်များက သတင်းစာပညာများ ပို့ချသွားရန် စီစဉ်ထားကြောင်း၊ ဘာသာရပ်များကိုလည်း သတင်းစာပညာနှင့် ပတ်သက်သော အခြေခံဘာသာရပ်များအပြင် ယနေ့ သတင်းစာလုပ်ငန်းတွင် တွဲဖက်အသုံးပြုနေသည့် ကွန်ပျူတာ၊ Information and Communication Technology စသည့် ဘာသာရပ်များကို စာတွေ့၊ လက်တွေ့သင်ကြားပေးရန် စီစဉ်ထားကြောင်း။

လိုက်နာကျင့်သုံး

သို့ပါ၍ သင်တန်းသားများအနေဖြင့် ကြိုးစား၍ လေ့လာသင်ယူကြရန် လိုအပ်ကြောင်း၊ အထက်ပါ ရည်ရွယ်ချက်များကို သင်တန်းကာလတွင် အောင်မြင်အောင် ကြိုးပမ်းဆောင်ရွက်ရုံသာမက မိမိတို့ လုပ်ငန်းခွင်နယ်ပယ်ရောက်သည့်အခါတွင်လည်း ဆက်လက်၍ လိုက်နာကျင့်သုံး ဆောင်ရွက်သွားကြရန် လိုအပ်ကြောင်း၊ သင်တန်းသားများသည် သင်တန်းကာလနှင့် လက်တွေ့နယ်ပယ်များ၌ တာဝန်ထမ်းဆောင်ကြရာတွင် နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်များ ဖြစ်သော မြန်မာနိုင်ငံအတွင်း နယ်စပ်ဒေသများပါမကျန် ပြန်ကြားရေးလုပ်ငန်းများ ပျံ့နှံ့ရောက်ရှိရေး၊ မြန်မာနိုင်ငံ၏ သတင်းအချက်အလက် အမှန်များ ကမ္ဘာသို့ပါ ပျံ့နှံ့ရောက်ရှိရေး၊ မိမိတို့၏ ရုပ်မြင်သံကြား၊ ရေဒီယို၊ သတင်းစာများသည် အမြဲတမ်း သွက်လက်ထက်မြက်ပြီး အရည်အသွေး မြင့်မားစေရေး၊ ပြန်ကြားရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် အမြဲတမ်း တစ်သမတ်တည်း မဆောင်ရွက်ဘဲ အမြဲရှင်သန်ဆန်းသစ်အောင် ဆောင်ရွက်ရေး၊ မူဝါဒကိုထိန်းပြီး အကြံကောင်း ဉာဏ်ကောင်းများထုတ်၍ လွတ်လွတ်လပ်လပ် ဆောင်ရွက်ရေး စသည့် အချက်များအတိုင်း လိုက်နာဆောင်ရွက်ကြရန် လိုအပ်ကြောင်းစသည်ဖြင့် တိုက်တွန်းမှာကြားပြီး အခမ်းအနားကိုရုပ်သိမ်းလိုက်သည်။

၄၇ဦး

အဆိုပါ သင်တန်းသို့ ဝန်ကြီးဌာနများနှင့် အဖွဲ့အစည်းများမှ သင်တန်းသား၊ သင်တန်းသူ ၄၇ဦး တက်ရောက်ကြပြီး သင်တန်းကာလမှာ လေးလ ဖြစ်သည်။ (သတင်းစဉ်)

ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း သတင်းနှင့် စာနယ်ဇင်းလုပ်ငန်းက ကြီးမှူးဖွင့်လှစ်သော သတင်းစာပညာသင်တန်း အမှတ်စဉ်(၁/၂၀၀၄)ဖွင့်ပွဲ အခမ်းအနားတွင် သင်တန်းဖွင့်အမှာစကား ပြောကြားစဉ်။ (သတင်းစဉ်)

ပြန်ကြားရေးဝန်ကြီးဌာန သတင်းနှင့် စာနယ်ဇင်းလုပ်ငန်း သတင်းစာပညာသင်တန်းအမှတ်စဉ်(၁/၂၀၀၄) သင်တန်းဖွင့်ပွဲ အခမ်းအနားတွင် အခမ်းအနားမှူးအဖြစ် သတင်းနှင့် စာနယ်ဇင်းလုပ်ငန်း ညွှန်ကြားရေးမှူး(သတင်း) ဦးဝင်းတင်က ဆောင်ရွက်စဉ်။ (သတင်းစဉ်)

ပညာသင်ထောက်ပံ့ကြေး ပေးအပ်

ရန်ကုန် ဇူလိုင် ၁၂

ပို့ဆောင်ရေးဝန်ကြီးဌာန ပြည်တွင်းရေကြောင်းပို့ဆောင်ရေး ဝန်ထမ်းသားသမီးများအတွက် ပညာသင်ထောက်ပံ့ကြေး ပေးအပ်ပွဲအခမ်းအနားကို ဇူလိုင် ၇ရက် နံနက် ၁၀နာရီတွင် ရန်ကုန်တိုင်း ကျောက်တံတားမြို့နယ် ပြည်တွင်းရေကြောင်း ပို့ဆောင်ရေး အစည်းအဝေးခန်းမ၌ ကျင်းပရာ ပြည်တွင်းရေကြောင်း ပို့ဆောင်ရေး ဦးဆောင်ညွှန်ကြားရေးမှူး ဦးစိုးတင့်၊ အထွေထွေမန်နေဂျာ၊ ဒုတိယ အထွေထွေမန်နေဂျာများ၊ ရန်ကုန် အခြေပြုဌာနခွဲ အသီးသီးရှိ အရာထမ်းများနှင့် ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ဦးဆောင်ညွှန်ကြားရေးမှူး ဦးစိုးတင့်က ပညာသင်ထောက်ပံ့ကြေး ပေးအပ်ရခြင်းနှင့် စပ်လျဉ်း၍ အမှာစကားပြောကြားပြီး အခြေခံပညာအထက်တန်း၊ အလယ်တန်း၊ မူလတန်းအဆင့် ကျောင်းသားကျောင်းသူများကို ပညာသင် ထောက်ပံ့ကြေးငွေများ ပေးအပ်ကြသည်။ (သတင်းစဉ်)

စွမ်းအင်ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သန်းဌေး တက်မကိုင် မွမ်းမံသင်တန်းဖွင့်ပွဲ တက်ရောက်

ရန်ကုန် ဇူလိုင် ၁၂

မြန်မာ့ရေနံ ဓာတုဗေဒလုပ်ငန်း၊ ရေနံနှင့် ရေနံဓာတုဗေဒပစ္စည်းများ သယ်ယူပို့ဆောင်ရေးဌာန ဝန်ထမ်းများ အရည်အသွေးမြင့်မားရေးကို ရည်ရွယ်၍ တက်မကိုင် မွမ်းမံသင်တန်း အမှတ်စဉ်(၁) ဖွင့်ပွဲကို ယနေ့နံနက်ပိုင်းတွင် သန်လျက်စွန်းရှိရေနံနှင့် ရေနံဓာတုဗေဒပစ္စည်းများ သယ်ယူပို့ဆောင်ရေးဌာန သင်တန်းခန်းမ၌ကျင်းပရာ စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီးကိုယ်စား ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သန်းဌေး တက်ရောက်၍ သင်တန်းဖွင့်အမှာစကား ပြောကြားသည်။

သင်တန်းဖွင့်ပွဲသို့ စွမ်းအင်ဝန်ကြီးဌာနမှ ဦးဆောင်ညွှန်ကြားရေးမှူးများ၊ ဒုတိယ ညွှန်ကြားရေးမှူးချုပ်နှင့် ညွှန်ကြားရေးမှူးများ၊ ရေနံသယ်ပို့ဌာနမှ ဌာနမှူးများ တက်ရောက်ကြသည်။ သင်တန်းကာလမှာ ရက်သတ္တ လေးပတ်ကြာမြင့်မည်ဖြစ်ပြီး သင်တန်းသား ၂၉ဦး တက်ရောက်ကြသည်။

၂၀၀၂-၂၀၀၃ခုနှစ်အတွင်း ရေနံဓာတုဗေဒပစ္စည်းများ သယ်ယူပို့ဆောင်ရေးဌာနမှ သင်္ဘောသားနှင့် ဒုတိယဆီလောင်းများအား မွမ်းမံသင်တန်း လေးကြိမ် ဖွင့်လှစ်လေ့ကျင့်သင်ကြားပေးခဲ့ပြီး ယင်းသင်တန်းသားများထဲမှ ထူးချွန်သူများအား ရွေးချယ်ကာ တက်မကိုင် မွမ်းမံသင်တန်းကို အဆင့်မြင့် ဖွင့်လှစ်ခြင်းဖြစ်ကြောင်း သိရှိရသည်။ (သတင်းစဉ်)

စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သန်းဌေး မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း၊ ရေနံနှင့် ရေနံဓာတုပစ္စည်းများ သယ်ယူပို့ဆောင်ရေးဌာန၊ တက်မကိုင် မွမ်းမံသင်တန်းအမှတ်စဉ်(၁) သင်တန်းဖွင့်ပွဲတွင် အမှာစကားပြောကြားစဉ်။ (စွမ်းအင်)

အေအိုင်ဒီအက်စ်တိုက်ဖျက်ရေး ဉာဏ်ရည်ပြိုင်ပွဲကျင်းပ

ရန်ကုန် ဇူလိုင် ၁၂

မြန်မာနိုင်ငံဆရာဝန်အသင်း အထွေထွေရောဂါကု ဆရာဝန်များအဖွဲ့နှင့် ကုလသမဂ္ဂ လူဦးရေရန်ပုံငွေအဖွဲ့ (UNFPA)(FHAM)တို့ ကြီးမှူးကျင်းပသော HIV၊ AIDS တိုက်ဖျက်ရေး လူငယ်များ ဉာဏ်ရည်ပြိုင်ပွဲ (လူငယ်စွမ်းအားပိုမြင့်မား၊ တားဆီးတိုက်ဖျက် အေအိုင်ဒီအက်စ်) အခမ်းအနားကို ယမန်နေ့ မွန်းလွဲ ၂နာရီတွင် ရန်ကုန်မြို့ သိမ်ဖြူလမ်းရှိ ဆရာဝန်အသင်း အဆောက်အအုံ၌ ကျင်းပရာ မြန်မာနိုင်ငံ ဆရာဝန်အသင်း(ဗဟို)ဥက္ကဋ္ဌ ပါမောက္ခ ဦးမျိုးမြင့်က အဖွင့်အမှာစကားပြောကြားပြီး မြန်မာနိုင်ငံဆရာဝန်အသင်း အထွေထွေရောဂါကု ဆရာဝန်များအဖွဲ့ အတွင်းရေးမှူး ဒေါက်တာနေဝင်းက ပြိုင်ပွဲနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် ဇူလိုင် ၁၀ရက် ပဏာမရေးဖြေ ပြိုင်ပွဲဝင်ခဲ့သူ လူငယ် ၁၀၀ဦး အနက်မှ ရွေးချယ်ခံရသူ လူငယ် ၁၀ဦး အသက် ၁၅နှစ်မှ ၂၄နှစ်အတွင်းတို့က နှုတ်ဖြေအဆင့်ပြိုင်ပွဲ ယှဉ်ပြိုင်ပြီး ညနေ ၄နာရီတွင် ဆုရရှိသူများအား တာဝန်ရှိသူများက ဆုများချီးမြှင့်သည်။ (သတင်းစဉ်)

မှတ်သားဖွယ်ရာ မိုးရေချိန်များ

(၁၂-၇-၂၀၀၄)

မုဒုံ	-	၅ ဒသမ ၀၄ လက်မ
ဝ	-	၄ ဒသမ ၆၁ လက်မ
မော်လမြိုင်	-	၄ ဒသမ ၅၃ လက်မ
ရေး	-	၄ ဒသမ ၂၉ လက်မ
စစ်တွေ	-	၄ ဒသမ ၀၉ လက်မ
ခန္တီး	-	၂ ဒသမ ၆၈ လက်မ

တစ်ချက်တည်းကျင်းဝင်

ရန်ကုန် ဇူလိုင် ၁၂

ဦးဝင်းဇော်ဦးသည် ကစားဖော်များဖြစ်ကြသော ဦးရဲထွဋ်၊ ဦးဇော်မြင့်၊ ဦးကျော်ကျော်တို့နှင့်အတူ ဥက္ကလာဂေါက်ကွင်း၌ ဇူလိုင် ၂ရက် ညနေ ၄နာရီခွဲတွင် ဂေါက်သီးရိုက် ကစားနေစဉ် ကျင်းအမှတ်(၁၂)သို့ ၁၆၅ကိုက်အကွာမှ Precept-10 ဘောလုံးကို Bridgestone Eagle Iron-7 ဖြင့် ရိုက်လိုက်ရာ တစ်ချက်တည်း ကျင်းဝင်သွားကြောင်း သိရသည်။ (က-ပ)

မြဝတီရုပ်မြင်သံကြားအစီအစဉ်

၁၃-၇-၂၀၀၄ (အင်္ဂါနေ့)

နံနက်ပိုင်း

- ၇:၀၀ ၁။ မြဝတီအဖွင့်
- ၇:၀၅ ၂။ အဖွင့်သီချင်း
- ၇:၁၀ ၃။ မျိုးချစ်တပ်မတော်
- ၇:၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
- ၇:၃၀ ၅။ မြန်မာသံစဉ်ချိုနားဝင်
- ၇:၄၀ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
- ၇:၅၅ ၇။ ဖွံ့ဖြိုးသာယာ ပြည်မြန်မာ
- ၈:၀၀ ၈။ မြဝတီရုပ်မြင်သံကြားသတင်း
- ၈:၁၀ ၉။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၈:၁၅ ၁၀။ အပိတ်နှုတ်ဆက်စကား
- ၈:၁၆ ၁၁။ ပြီးပါပြီ။

ညပိုင်း

- ၄:၀၀ ၁။ မြဝတီအဖွင့်
- ၄:၀၅ ၂။ အဖွင့်သီချင်း
- ၄:၁၀ ၃။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၄:၁၅ ၄။ လက်စွမ်းပြပဟန်ဂီတသံ
- ၄:၂၅ ၅။ အလွမ်းတေးပန်းချီချစ်သူဆီ
- ၄:၃၅ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
- ၄:၅၀ ၇။ မျိုးချစ်တပ်မတော်
- ၅:၀၀ ၈။ **အဝေးသင်ပညာရေးပို့ချမှု အစီအစဉ်** - Klinds ပထမနှစ် (ပထဝီဝင်အထူးပြု)
- ၅:၃၀ ၉။ သာယာသီကြွေးခေတ်ဆန်းတေး
- ၆:၀၀ ၁၀။ မြဝတီရုပ်မြင်သံကြားသတင်း
- ၆:၁၀ ၁၁။ နိုင်ငံတကာသတင်း
- ၆:၂၀ ၁၂။ မိုးလေဝသသတင်း
- ၆:၂၅ ၁၃။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၆:၃၀ ၁၄။ မြန်မာ့ရှုခင်း
- ၆:၄၀ ၁၅။ လျှပ်တစ်ပြက်ရိုက်ချက်
- ၇:၀၀ ၁၆။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "အသည်းစိမ်းသလားကွယ် ပွဲသိမ်းကစားမယ်" (အပိုင်း-၆)**
- ၈:၀၀ ၁၇။ မြဝတီရုပ်မြင်သံကြားသတင်း
- ၁၈။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၁၉။ လျှပ်တစ်ပြက်ရိုက်ချက်
- ၂၀။ တိုင်းကျိုးပြည်ပြုတည်ထောင်မှု
- ၂၁။ အရှင်ဇနကာဘိဝံသ၏ ထေရုပ္ပတ္တိ "စည်းကမ်းလည်းကျစာလည်းတတ်စေ"
- ၂၂။ ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
- ၂၃။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "အမှန်တရားဘက်က လှုပ်ရှားသမား" (အပိုင်း-၁၉)**
- ၂၄။ သင့်အတွက်မနက်ဖြန်
- ၂၅။ အပိတ်နှုတ်ဆက်စကား
- ၂၆။ ပြီးပါပြီ။

မြန်မာနိုင်ငံ အိုလံပစ်ကော်မတီဥက္ကဋ္ဌ၊ အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ် သူရအေးမြင့် အနိုင်ရဗိုလ်စွဲသွားသော ဘဏ္ဍာ/အခွန်အသင်းအား တံခွန်စိုက်ဆုဖလား ချီးမြှင့်စဉ်။ [ဓာတ်ပုံ–စိုးညွန့်(ကြေးမုံ)]

အနိုင်ရဗိုလ်စွဲသွားသည့် ဘဏ္ဍာ/အခွန်အသင်းအား ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်လှထွန်း ဂုဏ်ပြုဆုငွေ ကျပ်သုံးသိန်း ပေးအပ်ချီးမြှင့်စဉ်။ [ဓာတ်ပုံ–စိုးညွန့်(ကြေးမုံ)]

❍ **အဆင့်မြင့်တန်းမှ**

ထပ်မံဆွတ်ခူးရေးအတွက် ရေကုန်ရေခမ်းကစားခဲ့ကြရာ ပွဲကောင်းတစ်ပွဲ ဖြစ်ခဲ့သည်။

ဂိုးမသွင်းနိုင်

ပထမပိုင်းတွင် ဘဏ္ဍာ/အခွန်က ကစားကွက်မိမိဖြင့် ကစားနိုင်သော်လည်း စွမ်းအင်နောက်တန်းသို့ ရောက်လျှင် ဘောလုံးအပျက်များနေ၍ တိုက်စစ်အား ထင်သလောက်မကောင်းဘဲ ဖြစ်နေသည်။ စွမ်းအင်အသင်းက အမြန်နှုန်းတင်ကာ နေရာစုံမှ ထိုးဖောက်မှုကိုလည်း ဘဏ္ဍာ/အခွန် ခံစစ်ကြောင်းက ကြံ့ကြံ့ခံ ဖျက်ထုတ်နိုင်ခဲ့သည်။ နှစ်သင်းစလုံး ဂိုးရရှိနိုင်သည့် အခွင့်အရေးများ ရရှိခဲ့သော်လည်း ဂိုးဝင်အောင်မသွင်းနိုင်၍ ပထမပိုင်းတွင် ဂိုးမရှိ သရေဖြစ်နေသည်။

ဒုတိယပိုင်းတွင် နှစ်သင်းစလုံး ကစားအား ပိုမြှင့်ပြီး အနိုင်ရရှိရန် အားထည့်လာကြသည်။ ကြိုးစားကစားခဲ့ကြသော်လည်း ဂိုးမသွင်းနိုင်၍ အချိန်ပိုကစားရသည်။

အချိန်ပို ပထမပိုင်းတွင် စွမ်းအင်က ပိုဖိကစားနိုင်ခဲ့ပြီး ခြောက်မိနစ်တွင် ကျော်ခိုင်ဝင်း၏ အပိုင်ကန်သွင်းချက်ကို ဘဏ္ဍာ/အခွန် နောက်တန်းလူ ဖျက်ထုတ်လိုက်ရသကဲ့သို့ ၁၀မိနစ်တွင် ထောင့်ကန်ဘောလုံးကို ကျော်ခိုင်ဝင်း ခေါင်းတိုက်သွင်းရာ ဂိုးထဲဝင်ခါနီးဆဲဆဲ သန်းဝေ ခေါင်းတိုက်ဖျက်ထုတ်လိုက်၍ ဘဏ္ဍာ/အခွန်အသင်း ဂိုးမပေးရခြင်းဖြစ်သည်။ အချိန်ပို ဒုတိယပိုင်း နှစ်မိနစ်တွင် စွမ်းအင်မှ ထွန်းထွန်းအေး အနီးကပ် အပိုင်ကန်သွင်းချက်ကို ဘဏ္ဍာ/အခွန်ဂိုးသမား အောင်အောင်ဦးနှင့် နောက်ခံလူ စိုးမြတ်မင်းတို့ အနာခံ ကာကွယ်လိုက်ရသည်။ စွမ်းအင်ဗိုလ်စွဲမည့် အခွင့်အရေး ဆုံးရှုံးသွားသကဲ့သို့ ဘဏ္ဍာ/အခွန်လည်း ကံကောင်းသွားခဲ့သည်။

ပိုင်နယ်တီကန်

အချိန်ပိုပြီးသည်အထိ သရေဖြစ်နေ၍ ပိုင်နယ်တီငါးဂိုးစီ ကန်ရသည်။ ဘဏ္ဍာ/အခွန်မှ ထွန်းထွန်းဝင်း စကန်ရာ စွမ်းအင်ဂိုးသမား ကျော်မင်းလှိုင် ပုတ်ထုတ်လိုက်သည်။ စွမ်းအင်မှ ဇော်ထက်အောင်ကန်ရာ ဂိုးဝင်သွားသည်။ ဒုတိယမြောက် ပိုင်နယ်တီတွင် ဘဏ္ဍာ/အခွန်မှ စိုးလင်းထွန်း ကန်သွင်းရာ ဂိုးဝင်သွားပြီး စွမ်းအင်မှ ကျော်ခိုင်ဝင်းကန်သွင်းရာ ဘားထိထွက်သွား၍ တစ်ဂိုးစီ သရေဖြစ်သွားသည်။ တတိယပိုင်နယ်တီကို ဘဏ္ဍာ/အခွန်မှ အောင်ကျော်မိုး၏ ကန်သွင်းချက်ကို ကျော်မင်းလှိုင်က ကာကွယ်လိုက်သည်။ စွမ်းအင်မှ မင်းမင်းထွန်း၏ ကန်သွင်းချက်ကို အောင်အောင်ဦးက ကာကွယ်လိုက်နိုင်၍ အကြိတ်အနယ် ပိုရှိလာသည်။ ဘဏ္ဍာ/အခွန်မှ စိုးမြတ်မင်းနှင့် စွမ်းအင်မှ နှင်းဝေတို့ ဂိုးဝင်အောင်ကန်နိုင်ကြ၍ နှစ်ဂိုးစီ သရေဖြစ်သွားသည်။ ပဉ္စမမြောက်ပိုင်နယ်တီကို ဘဏ္ဍာ/အခွန်မှ ကျော်သူရ ဂိုးဝင်အောင် ကန်နိုင်ပြီး စွမ်းအင်မှ နိုင်ဝင်း၏ ကန်သွင်းချက်ကို အောင်အောင်ဦး ကာကွယ်လိုက်နိုင်၍ ဘဏ္ဍာ/အခွန်က သုံးဂိုး–နှစ်ဂိုးဖြင့် အနိုင်ရ ဗိုလ်စွဲသွားသည်။

ဗိုလ်လုပွဲအပြီး ဆုချီးမြှင့်ပွဲကျင်းပရာ ရှေးဦးစွာ မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးဝင်းအောင်က ဒုတိယဆုရရှိသွားသော စွမ်းအင်အသင်းအား တစ်ဦးချင်း ဆုတံဆိပ်နှင့် ငွေသား ကျပ်သိန်း ၂၀ ပေးအပ်ချီးမြှင့်သည်။

ထို့နောက် မြန်မာနိုင်ငံ အိုလံပစ်ကော်မတီဥက္ကဋ္ဌ၊ အားကစားဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့်က ပထမဆုရရှိသွားသော ဘဏ္ဍာ/အခွန် အသင်းအား တစ်ဦးချင်း ဆုတံဆိပ်၊ ငွေသား ကျပ်သိန်း ၃၀ နှင့် တံခွန်စိုက်ဆုဖလား၊ ဆင့်ပွားဆုဖလားတို့ကို ပေးအပ်ချီးမြှင့်ခဲ့သည်။

ဘဏ္ဍာ/အခွန်အသင်းအား ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်လှထွန်းက ဂုဏ်ပြုဆုငွေကျပ်သုံးသိန်း၊ အကောက်ခွန်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဗိုလ်မှူးကြီး ခင်မောင်လင်းက ကျပ်နှစ်သိန်း၊ ကမ္ဘောဇဘဏ် လီမိတက်က ကျပ် ၁၀သိန်း အသီးသီး ချီးမြှင့်ကြသည်။

ကမ္ဘောဇဘဏ်လီမိတက်မှ ချီးမြှင့်သည့် ဂုဏ်ပြုဆုငွေ ကျပ် ၁၀သိန်းကို ဘဏ္ဍာ/အခွန် ဘောလုံးဆပ်ကော်မတီဥက္ကဋ္ဌ၊ အကောက်ခွန်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဗိုလ်မှူးကြီး ခင်မောင်လင်း အနိုင်ရဗိုလ်စွဲသွားသည့် ဘဏ္ဍာ/အခွန်အသင်းအား ပေးအပ်ချီးမြှင့်စဉ်။

[ဓာတ်ပုံ–စိုးညွန့်(ကြေးမုံ)]

နှစ်သင်းစလုံးကောင်း

ယနေ့ပွဲနှင့်ပတ်သက်၍ ကြေးမုံက နှစ်ဖက်အသင်းအား တွေ့ဆုံမေးမြန်းရာ ဘဏ္ဍာ/အခွန် ဘောလုံးဆပ်ကော်မတီ ဥက္ကဋ္ဌ၊ အကောက်ခွန်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဗိုလ်မှူးကြီး ခင်မောင်လင်းက နှစ်သင်းစလုံးကစားပုံ ကောင်းပါကြောင်း၊ မိမိတို့လို လက်ရွေးစင် အများဆုံးပါသည့် အသင်းကို စွမ်းအင်အသင်းအနေဖြင့် ခံကစားနိုင်ခဲ့ကြောင်း၊ ကလေးတွေအားလုံး ကြိုးစား၍သာ မိမိတို့ချန်ပီယံဆု ကာကွယ်နိုင်ခြင်းဖြစ်ကြောင်း၊ မိမိတို့အနေဖြင့် ချန်ပီယံဆုကို ရေရှည်ကာကွယ်နိုင်အောင် လိုအပ်သည်များ ပြုပြင်သွားမည်ဖြစ်ကြောင်း၊ အသင်းကို မိမိတို့ဌာနက ဂုဏ်ပြုပွဲလုပ်ပေးမည်ဖြစ်သလို ဝန်ကြီးဌာနကလည်း သီးခြားဂုဏ်ပြုပွဲ ကျင်းပပေးမည်ဖြစ်ကြောင်း၊ မိမိတို့ အသင်းကို အနိုင်ရရန် ကြိုးစားကစားလာသည့်အသင်းများ ပေါ်ထွက်လာ၍ မြန်မာ့ဘောလုံးလောက တိုးတက်ရန် တစ်ဖက်တစ်လမ်းမှ အထောက်အကူပြုနိုင်မည်ဖြစ်သဖြင့် ဝမ်းသာမိပါကြောင်း ပြောကြားသွားသည်။

သန့်သန့်ရှင်းရှင်းကစား

ဘဏ္ဍာ/အခွန်အသင်း အုပ်ချုပ်သူ ဦးခင်မောင်ကြိုင်က စွမ်းအင်အသင်းနှင့် တွေ့သည့်ပွဲများတွင် ယခုပွဲသည် နှစ်သင်းစလုံး သန့်သန့်ရှင်းရှင်းဖြင့် ကြိုးစားကစားခဲ့ကြောင်း၊ မိမိတို့က ဘောလုံးပိုင်ဆိုင်မှု ပိုများသော်လည်း ဂိုးရနိုင်သည့်အခွင့်အရေးမှာ တန်းတူရှိကြောင်း၊ ပိုင်နယ်တီမှာ ကံတရားပါသလို ခေါင်းအေးအေးဖြင့်ကန်ရန် လိုပါကြောင်း၊ ပိုင်နယ်တီတွင် ကလေးတွေ အနိုင်ရလိုစိတ်ဖြင့် ကန်ခဲ့ကြောင်း၊ ယမန်နှစ် ဘောလုံးရာသီအပြီး ရက်အနည်းငယ်အကြာမှာပင် ယခုကွင်းဖွင့်ပွဲကို ဆက်လက်ကျင်းပ၍ ကလေးတွေ ပွဲပန်းနေကြောင်း၊ ဌာနဆိုင်ရာ၏ ပံ့ပိုးမှုက အရမ်းကောင်းပါကြောင်း ပြောကြားသွားသည်။

အသင်းအုပ်ချုပ်သူ ဦးခင်မောင်ကြိုင် ရှင်းလင်းပြောကြားစဉ်။

[ဓာတ်ပုံ–စိုးညွန့်(ကြေးမုံ)]

ဘဏ္ဍာ/အခွန်အသင်း ဗိုလ်စွဲအောင် ပိုင်နယ်တီဘောလုံးများကို အစွမ်းပြ ကာကွယ်ခဲ့သူ ဂိုးသမား အောင်အောင်ဦးက မိမိတို့အသင်း ပထမဦးဆုံး ပိုင်နယ်တီမဝင်၍ ရှုံးနိမ့်သွားမည်ကို စိုးရိမ်ခဲ့ကြောင်း၊ သို့သော် မိမိက တစ်ဖက်မှကန်သွင်းသော ဘောလုံးများကို ကာကွယ်နိုင်ရမည်ဟူသော ရည်မှန်းချက်ဖြင့် ဖမ်းခဲ့ရာ နှစ်ဂိုး ကာကွယ်နိုင်ခဲ့ပြီး တစ်လုံးမှာ ဘားထိထွက်သွားကြောင်း၊ ယခုပြိုင်ပွဲတွင် ဗိုလ်စွဲခြင်းမှာ တစ်သင်းလုံး၏ ကြိုးစားမှုကြောင့်ဖြစ်ကြောင်း၊ ရှေ့လာမည့် ပြိုင်ပွဲများတွင် ဘဏ္ဍာ/အခွန်အတွက် အောင်ပွဲများ ရယူနိုင်ရန်နှင့် ဂိုးသမားကောင်းတစ်ယောက်ဖြစ်အောင် ကြိုးစားမည်ဟု ပရိသတ်ကြီးကို ပြောကြားလိုကြောင်းဖြင့် ပြောကြားသွားသည်။

ပဉ္စမမြောက်ပိုင်နယ်တီကန်သွင်းပြီး ဘဏ္ဍာ/အခွန်ကိုအနိုင်ရရှိရန် တစ်ဖက်တစ်လမ်းမှ အထောက်အကူပြုခဲ့သူ ကျော်သူရက မိမိတို့ကန်သွင်းမည့် ပဉ္စမမြောက်အလုံးသည် အသင်းအတွက် အလွန်အရေးကြီးကြောင်း၊ ဝင်ရမည်ဆိုသည့်စိတ်သွင်းကာ ကန်ခဲ့ကြောင်း၊ စွမ်းအင်မှ နိုင်ဝင်းကန်သွင်းသည့် ပဉ္စမမြောက်အလုံးကို အောင်အောင်ဦး ကာကွယ်နိုင်လိုက်ပြီး မိမိတို့အသင်း ဗိုလ်စွဲပြီကို သိလိုက်ရချိန်တွင် အတိုင်းမသိ ဝမ်းသာခဲ့ရကြောင်း ပြောကြားသွားသည်။

စွမ်းအင်နည်းပြ ဦးမျိုးဝင်းက ယခုပွဲနှင့်ပတ်သက်၍ ပြောကြားရာတွင် မိမိတို့အသင်း ကံမကောင်းခဲ့ကြောင်း၊ ကလေးတွေကစားပုံ ကောင်းသလို တစ်ဖက်အသင်းကလည်း ကောင်းပါကြောင်း၊ နိုင်ဝင်းကန်သည့်ပိုင်နယ်တီ နောက်ဆုံးအလုံးမှာ ကန်ချက်ပျော့သွား၍ အောင်အောင်ဦး ကာကွယ်သွားနိုင်ကြောင်း၊ ရှေ့ယှဉ်ပြိုင်ရမည့် ပြိုင်ပွဲများတွင် အောင်မြင်မှုရအောင် ဆက်လက်ကြိုးစားသွားမည်ဖြစ်ကြောင်း ပြောကြားသွားသည်။ (ကြေးမုံ)

ပိုင်နယ်တီ ငါးလုံးစီ အပြိုင်ကန်သွင်းရာ စွမ်းအင်မှ ကန်သွင်းသော ပိုင်နယ်တီနှစ်ဂိုးကို အစွမ်းပြ ကာကွယ်ခဲ့သူ ဘဏ္ဍာ/အခွန် ဂိုးသမား အောင်အောင်ဦး။

[ဓာတ်ပုံ–စိုးညွန့်(ကြေးမုံ)]

➪ **စာမျက်နှာ ၁၁ မှ**

တို့အား လည်းကောင်း၊ ပိစတာပန်းချီပြိုင်ပွဲ အဆင့်(၃)တွင် ပထမဆုရ ရန်ကုန်တိုင်း ကမာရွတ်မြို့နယ် ပညာရေးတက္ကသိုလ် လေ့ကျင့်ရေး အထက်တန်းကျောင်း နဝမတန်းမှ မခင်ချမ်းမြေ့သူ၊ ဒုတိယဆုရ ရန်ကုန်တိုင်း အလုံမြို့နယ် အမှတ်(၄) အခြေခံပညာ အထက်တန်းကျောင်း နဝမတန်းမှ မောင်ဇင်ကိုကိုနှင့် တတိယဆုရ ရန်ကုန်တိုင်း ပညာရေးတက္ကသိုလ် လေ့ကျင့်ရေး အထက်တန်းကျောင်း အဋ္ဌမတန်းမှ မောင်အောင်နိုင်ဦး တို့အားလည်းကောင်း ဆုများချီးမြှင့်သည်။

ဆက်လက်၍ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်အောင်က ၂၀၀၄ခုနှစ် ကမ္ဘာ့လူဦးရေနေ့ အထိမ်းအမှတ် ပိစတာပန်းချီပြိုင်ပွဲ အဆင့်(၂)တွင် ရန်ကုန်တိုင်း ကမာရွတ်မြို့နယ် ပညာရေးတက္ကသိုလ် လေ့ကျင့်ရေး အထက်တန်းကျောင်းမှ သတ္တမတန်းကျောင်းသူ၊ ကျောင်းသားများ ဖြစ်ကြသည့် ပထမဆုရ မခိုင်မြတ်မျိုးထွန်းလင်း၊ ဒုတိယဆုရ မောင်ဟိန်းထက်အောင်နှင့် တတိယဆုရ မောင်ကောင်းထက်တို့အားလည်းကောင်း၊ ပိစတာပန်းချီပြိုင်ပွဲ အဆင့်(၁)တွင် ပထမဆုရ ရန်ကုန်တိုင်း ကျောက်တန်းမြို့နယ် ရွှေကုန်း အခြေခံပညာ မူလတန်းကျောင်း တတိယတန်းမှ မနှင်းနွယ်နွယ်အောင်၊ ဒုတိယဆုရ ရန်ကုန်တိုင်း ကျောက်တန်းမြို့နယ် မြို့မအခြေခံပညာ အလယ်တန်းကျောင်း တတိယတန်းမှ မမေထူးမြတ်မွန်နှင့် တတိယဆုရ ပဲခူးတိုင်း ရွှေတောင်မြို့ အခြေခံပညာ အထက်တန်းကျောင်း စတုတ္ထတန်းမှ မောင်ကုဋေပိုင်စိုးတို့အား ဆုများ ချီးမြှင့်သည်။

ဆက်လက်၍ မြန်မာနိုင်ငံဆိုင်ရာ ကုလသမဂ္ဂလူဦးရေ ရန်ပုံငွေအဖွဲ့မှ ဌာနေကိုယ်စားလှယ် Mr. Najib M.Assifi က ၂၀၀၄ခုနှစ် ကမ္ဘာ့လူဦးရေနေ့ အထိမ်းအမှတ် အခြေခံပညာ အထက်တန်းဆင့် စာစီစာကုံးပြိုင်ပွဲ ပထမဆုရ မွန်ပြည်နယ် မော်လမြိုင်မြို့ အမှတ်(၆) အခြေခံပညာ အထက်တန်းကျောင်း နဝမတန်းမှ မထူးထူးထက်၊ ဒုတိယဆုရ ရန်ကုန်တိုင်း ရန်ကင်းမြို့နယ် အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်း အဋ္ဌမတန်းမှ မခင်မြတ်နိုးဟန်နှင့် တတိယဆုရ ကချင်ပြည်နယ် မြစ်ကြီးနားမြို့ အမှတ်(၁) အခြေခံပညာ အလယ်တန်းကျောင်း တတိယတန်းမှ မောင်အောင်မြင့်တို့အား လည်းကောင်း၊ အခြေခံပညာ အလယ်တန်းအဆင့် စာစီစာကုံးပြိုင်ပွဲ ပထမဆုရ တနင်္သာရီတိုင်း ထားဝယ်မြို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း သတ္တမတန်းမှ မအိဇာခြည်သက်၊ ဒုတိယဆုရ ကချင်ပြည်နယ် မြစ်ကြီးနားမြို့ အမှတ်(၃) အခြေခံပညာအလယ်တန်းကျောင်း သတ္တမတန်းမှ မရွှေရွှေအိနှင့် တတိယဆုရ ရန်ကုန်တိုင်း လသာမြို့နယ် အမှတ်(၂) အခြေခံပညာ အထက်တန်းကျောင်း သတ္တမတန်းမှ မအိအိထွန်းတို့အား လည်းကောင်း ဆုများ ချီးမြှင့်ပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။ (သတင်းစဉ်)

ထိုင်းနိုင်ငံ ချင်းရိုင်မြို့၌ ကျင်းပမည့် International Workshop on Global Aspects and Approach to Competency Based Training သင်တန်းသို့ တက်ရောက်မည့် ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များ အသင်းချုပ်မှ ဒေါ်ဌေးဌေးမြင့်အား ရန်ကုန် အပြည်ပြည်ဆိုင်ရာ လေဆိပ်တွင် ဇူလိုင် ၁၁ရက်က ပို့ဆောင်နှုတ်ဆက်ကြစဉ်။ (က–ပ)



ကျမ်းစာအုပ်များလှူဒါန်း

ရန်ကုန် ဇူလိုင် ၁၂

ရန်ကုန်တိုင်း ဗဟန်းမြို့နယ် ခမ္မသုကျောင်းတိုက် အောင်သိဒ္ဓိကျောင်း စာချကထိက အာဂုံဆောင်ကျမ်းများ ကျမ်းပြုအရှင်စန္ဒောဘာသိ (ပါဠိပါရဂူ၊ ပိဋကတ်တစ်ပုံဆောင်) အရှင်မြတ်ရေးသားပြုစုသော ပါဠိပထမပြန်စာမေးပွဲပြဋ္ဌာန်း ကျမ်းစာအုပ်များကို ဇူလိုင် ၉ ရက်တွင် ညောင်ရွှေမြို့ပေါ်ရှိ စာသင်တိုက်ကြီးများသို့ ပေးပို့လှူဒါန်းရာ အင်းလေးဖောင်တော်ဦး နန်းဦးကျောင်း လက်ထောက်ဆရာတော် ဦးဝိဇယက လက်ခံရယူသည်။ (က-ပ)

အင်အားအသင့်အတင့် မြေငလျင်လှုပ်ရှား

ရန်ကုန် ဇူလိုင် ၁၂

၂၀၀၄ခုနှစ် ဇူလိုင်၁၂ရက် မြန်မာစံတော်ချိန် ဝ၅ နာရီ၊ ၄၂မိနစ်၊ ၁၆စက္ကန့်အချိန်တွင် ကမ္ဘာအေး မြေငလျင်စခန်း၏ အနောက်မြောက်ဘက် ၁၁၇၀ မိုင်ခန့်ကွာဝေးသော မြန်မာနိုင်ငံပြင်ပနေရာကို ဗဟိုပြု၍ အင်အားရစ်ချ်တာစကေး ၆ အဆင့်ရှိအင်အားအသင့်အတင့်ရှိသော မြေငလျင်တစ်ခုလှုပ်ရှားသွားကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက ထုတ်ပြန်သည်။

ကမာရွတ် အမှတ်(၂)အခြေခံပညာမူလတန်းကျောင်း ကျောင်းနှင့်ဝန်းကျင် စိမ်းလန်းစိုပြည်ရေးနေ့ကျင်းပ

ရန်ကုန် ဇူလိုင် ၁၂

ကမာရွတ်မြို့နယ် အမှတ်(၂)အခြေခံပညာမူလတန်းကျောင်း၏ ၂၀၀၄-၂၀၀၅ ပညာသင်နှစ် ကျောင်းနှင့်ဝန်းကျင်စိမ်းလန်းစိုပြည်ရေးနေ့ အခမ်းအနားကို ဇူလိုင် ၁၁ ရက် နံနက် ၈ နာရီတွင် ကျင်းပရာ ကျောင်းအုပ်ကြီး ဒေါ်ကေသီစိုးသိမ်းနှင့် ကျောင်းအကျိုးတော်ဆောင်ဥက္ကဋ္ဌ ဦးမြငွေ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ဆရာမများ၊ ကျောင်းသားကျောင်းသူများနှင့်ကျောင်းသားမိဘများ တက်ရောက်ကြသည်။**(အပေါ်ပုံ)**

အခမ်းအနားတွင် ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများ၊ ကျောင်းသားမိဘများသည် ကျောင်းဝင်းအတွင်း သစ်ပင်များ စိုက်ပျိုးခြင်း၊ ပေါင်းသင်ခြင်းနှင့် သစ်ပင်၊ ပန်းပင်များစိမ်းလန်းစိုပြည်ရေးလုပ်ငန်းများကို စုပေါင်းဆောင်ရွက်ကြသည်။ (သတင်းစဉ်)

သာကေတမြို့နယ် အထက(၄)တွင် ကျောင်းနှင့်ဝန်းကျင် စိမ်းလန်းစိုပြည်ရေးနေ့ အထိမ်းအမှတ်အဖြစ် ကျောင်းအုပ်ဆရာကြီး ဦးအောင်ဖြိုး၊ ကျောင်းအကျိုးတော်ဆောင်အဖွဲ့ဝင်များ၊ မိဘဆရာအသင်း အဖွဲ့ဝင်များ၊ ဆရာဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများ စုပေါင်း၍ သစ်ပင်ပန်းမန်များ စိုက်ပျိုးကြစဉ်။ (က-ပ)



ကရပိုက် သက်နှင်းတိုက်

Summit Goal Co.,Ltd. ၏
ကုန်အမှတ်တံဆိပ်မူပိုင်ဖြစ်ကြောင်း သတိပေးကြေညာချက်

ရန်ကုန်မြို့၊ လှိုင်သာယာမြို့နယ်၊ စက်မှုဇုန်(၁)၊ ပန်းလှိုင်ဂေါက်ကွင်းလမ်း၊ အမှတ် ၁၅(ခ)တွင် တည်ရှိဖွင့်လှစ်ထားသော Summit Goal Co.,Ltd. သည် အောက်ဖော်ပြပါ ကုန်အမှတ်တံဆိပ်များ၏ တစ်ဦးတည်းမူပိုင်ရှင်ဖြစ်ပြီး၊ ရန်ကုန်မြို့ စာချုပ်စာတမ်းများမှတ်ပုံတင်ရုံးတွင် မှတ်ပုံတင်စာချုပ်အမှတ်(၂၈၁၇/၂၀၀၃)နှင့် မှတ်ပုံတင်စာချုပ်အမှတ်(၅၅/၂၀၀၄)တို့ဖြင့် တစ်ဦးတည်း မူပိုင်အဖြစ် မှတ်ပုံတင်ထားပြီးဖြစ်ပါသည်။

၁။ မှတ်ပုံတင်စာချုပ်အမှတ် (၂၈၁၇/၂၀၀၃) **၂။ မှတ်ပုံတင်စာချုပ်အမှတ် (၅၅/၂၀၀၄)**

Summit Goal Co., Ltd. သည် အထက်ဖော်ပြပါ မှတ်ပုံတင်ကုန်အမှတ်တံဆိပ်အမှတ်(၂)ဖြင့် M.B သံစားကျောက်ပြား (Abrasive Grinding Wheel)၊ M.B သံဖြတ်ကျောက်ပြားလွှ (Abrasive Cutting Wheel)တို့ကို အရွယ်အစားအမျိုးမျိုးထုတ်လုပ်ပြီး၊ ကုန်အမှတ်တံဆိပ် အမှတ်(၁)ဖြင့် M.B သံစားကျောက်ပြား၊ M.B သံဖြတ်ကျောက်ပြား၊ ဝရိန်ဖုံး Welder's၊ ဝရိန်သုံးပစ္စည်းများ Welder's Accessories၊ ဝရိန်ကြိုး Welding Cable ၊ လေပိုက် Air Hose၊ နှစ်ချောင်းပူးလေပိုက် Twin Hose ၊ ကွန်ပရက်ဆာလေအိုး Air Compressior ၊ ကျောက်တိုက်မော်တာ Angle Grinder ၊ ရိုးရိုးမော်တာ၊ မတ်တပ်ဖောက်စက် Stand drill၊ လက်ကိုင်ဖောက်စက် Hand drill၊ အုတ်ဖောက်စက် lmpace drill၊ သံဘရပ်ကုန်း Cut Brushes၊ ဘီလူးခေါင်း Foot valve၊ ဖြတ်စက် Delta Cut Off Saw ၊ မိန်းထုတ်အရှင် Amature ၊သံဖြတ်လွှကိုင်း Saw Frame၊ ကွင်းခွ Combination Wrench Set၊ ပလာရာ Pliers၊ ကတ်ကြေး Bolt Cutter Type၊ ခွရှင် Ajd Wrench၊ ကားဘီးဖြုတ်ကြက်ခြေခွ Cross rim Wrench၊ရေချိန် Sprit Level၊ အုတ်ဖြတ်စက် Circular Saw ၊ရွှေဘော်ထိုးစက် Power Planer၊ အတွင်းတိုက်စားစက် Rotary Tool၊သံဖြတ်လွှ High Speed Saw စသည်တို့ကို အရွယ်အစားအမျိုးမျိုးထုတ်လုပ်ပြီး အဆိုပါပစ္စည်းအမျိုးမျိုး ထည့်သွင်းအသုံးပြုသော ပလတ်စတစ်ဘူး၊ ကော်ဘူး၊ သံဘူး၊ ပလတ်စတစ်အိတ်၊ စက္ကူအိတ်၊ စက္ကူဘူး၊စက္ကူပုတ်၊ စက္ကူအရွက်၊ ပါဆယ်ထုပ်များနှင့် ထည့်သွင်းပစ္စည်း၊ ထုပ်ပိုးပစ္စည်းအမျိုးမျိုးတို့အပေါ်တွင် ၎င်းကုန်အမှတ်တံဆိပ်များကို အရောင်အမျိုးမျိုး၊ အရွယ်အစားအမျိုးမျိုးတို့ဖြင့် ပြုလုပ်ပြီး ဖိနှိပ်၊ကပ်နှိပ်၊ရိုက်နှိပ် အသားတံဆိပ်ပြုလုပ်၍ ရန်ကုန်မြို့နှင့်တကွ မြန်မာနိုင်ငံတစ်ဝန်းလုံးသို့ ဖြန့်ချိရောင်းချသွားမည်ဖြစ်ပါသည်။

သို့ပါ၍ အဆိုပါကုန်အမှတ်တံဆိပ်များနှင့် အမည်အမှတ်အသားများကို မည်သူတစ်ဦး တစ်ယောက်ကမျှ တစ်စိတ်တစ်ဒေသကိုဖြစ်စေ၊ တစ်ခုလုံးကိုဖြစ်စေ၊ တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ၊ ဆင်တူယိုးမှားတုပ၍ဖြစ်စေ၊ ထင်ယောင်ထင်မှား ဖြစ်စေ၊ ပုံတူပုံမှားဖြစ်စေ ပြုလုပ်သုံးစွဲခြင်း၊ရောင်းချခြင်းများ မပြုလုပ်ကြရန်နှင့် အခြားနည်းဖြင့် မူပိုင်အခွင့်အရေးကို ချိုးဖောက်ပါက၊ တုပပြုလုပ်ရောင်းချပါက ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူဆောင်ရွက် သွားမည်ဖြစ်ကြောင်း သတိပေးကြေညာအပ်ပါသည်။

Summit Goal Co.,Ltd. ၏ လွှဲအပ်ညွှန်ကြားချက်အရ-

ဦးသောင်းလှိုင်ဦး
B.A.,Dip. Ed., R.L., C.B.L., D.B.L., D.A.Psy.,D.M.L
တရားရုံးချုပ်ရှေ့နေ(စဉ် ၂၀၃၂)
အမှတ် ၄၈(မြေညီထပ်)၊ ဘဏ်လမ်း၊
ကျောက်တံတားမြို့နယ်၊ရန်ကုန်မြို့။
ဦးငြိမ်းတင်(LL.B)
တရားရုံးချုပ်ရှေ့နေ(စဉ် ၇၀၆၃)
တိုက်(၁၆)၊အခန်း(၁၄)၊
ပြည်ရိပ်မွန်အိမ်ရာ၊ ကမာရွတ်မြို့နယ်၊ရန်ကုန်မြို့။

FAME Bee Pollen
ပျားဝတ်မှုန်ဆေးတောင့်

Tour ... Guide License
M.G.W Center, Room. 606, 6th Floor,
Bo Aung Kyaw Street, Botataung Tsp, Yangon.

International Beverages Trading Co., Ltd ၏
Tel : 95-1-662512, 244795, 651741 Fax : 95-1-663675
E-mail: ibtcygn@mptmail.net.mm http://www.royalwhisky.com

ဝယ်လိုသည်
WIDE BELT SANDER
Max-Working Width 48"
0980-21374,0950-12500

INFORMATICS
THE LEADER IN IT EDUCATION AND TRAINING
Start of Course: 26 / 7 / 2004
✔ Diploma in Computer Studies by UCLES, UK
✔ Diploma in Info-Comm Technology, NCC, UK
20 / 7 / 2004 ... Discount ... mail4u e-mail

GROUP
CAR & GENSET FACTORY

❖ Auto Governor
❖ Over Load Protector
❖ Silent Type
❖ ATS (Auto Transfer System)
❖ RSS (Remote Starter System)
Yangon Sales & Service Centre ☎01 - 663209, 706575
Mandalay Sales & Service Centre ☎09 - 90 60314
Factory & Sales Centre ☎02 - 53233, 53234, 54233, 54234, 54714
အမှတ် - ၁၄ ၊ ပါရမီလမ်း နှင့် အင်းစိန်မိဘိုင်လမ်းထောင့် ၁၆ ရပ်ကွက် ၊ လှိုင်မြို့နယ် ၊ ရန်ကုန်မြို့။

KHIND ခင်ကမ္ဘာ
Electrical Home Appliances
❖ 6Amp Switches (1Gang to 5 Gang)
❖ 13Amp -15 Amp Socket
❖ Telephone Socket
❖ 20 Amp Double Pole Switch with Neon
★ Project ★
ShowRoom & Service Centre ☎: (01) 380475, (01) 240935, (01) 700904

သွားရေးသာ၍ လာရေးဖြောင့်ကာ ဖွံ့ဖြိုးတိုးတက် မြန်မာ့ကျေးလက်

အနွယ်တူ သွေးသောက် တစ်မိပေါက် တည်ဆောက်ချစ်ကြည် ပဝေသဏီ။
မြေမခြားအောင် တွေ့မရှောင် တောတောင်လမ်းများ ဖောက်ခဲ့ပြီ။
ရေမခြားအောင် တို့ပြည်ထောင် တည်ထောင်တံတားဆောက်ခဲ့ပြီ။
ရာသီအေးမြ "သောက်" "သုံး"ရအောင် ဆည်ပေါင်ခံ့ခံ့ တည်ခဲ့ပြီ။
တစ်မြေတည်းနေ တစ်ရေသောက် တစ်မိပေါက်တွေ စည်းလုံးညီ။

အမျိုးသားစာပေဆုရ ကျော်စောဟန်၏ **ရေမကွာ မြေမကွာ ပြည်ထောင်စုရွာ** ကဗျာကို ဖတ်ရှုရင်း သွားလာဆက်သွယ်မှု အရေးပါမှုကို ဂရုပြုမိသည်။ တစ်နေရာနှင့် တစ်နေရာ၊ တစ်ဒေသနှင့် တစ်ဒေသ ဆက်သွယ်မှု လွယ်ကူပါက ထိတွေ့မှုများကာ ချစ်ကြည်ရင်းနှီးမှု ပိုစေသည်။ ကျေးရွာတစ်ရွာနှင့်တစ်ရွာ၊ တစ်မြို့နှင့် တစ်မြို့၊ ပြည်နယ်/တိုင်းတစ်ခုနှင့် တစ်ခု ရေမခြား မြေမခြား သွားလာဆက်သွယ်နိုင်ပါက ထိတွေ့ ဆက်ဆံမှု၊ ရောင်းဝယ်ဖောက်ကားမှုများ တိုးပွားကာ ကူးလူးဆက်သွယ် ချစ်ကြိုးသွယ်နိုင်ကြမည်ဖြစ်သည်။

ထို့ကြောင့် နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေက **ကျေးလက်ဒေသမှ ထုတ်လုပ်သော ကုန်ပစ္စည်းများကို သက်ဆိုင်ရာမြို့ပေါ်ရှိ ဈေးကွက်များသို့ လွယ်လင့်တကူ ချောချောမောမော ရောက်ရှိလာအောင် ကျေးရွာလမ်းများ ပြုပြင်ဆောက်ရွက်ပေးရမည်ဖြစ်ကြောင်း၊ ကျေးရွာနှင့်မြို့ ဆက်သွယ်သည့် ယခင် ဒိစတြိတ်ကောင်စီလမ်းများကို ထိရောက်စွာ ပြုပြင်နိုင်ရေးအတွက် ပြန်လည်ညှိနှိုင်း ဆောင်ရွက်ရမှာဖြစ်ကြောင်း၊ ကျေးလက်လမ်းများ တိုးတက်ကောင်းမွန်မှသာ သွားလာရေး အဆင်ပြေချောမွေ့ပြီး ကျေးလက်ဒေသနေ ပြည်သူလူထုအများစု၏ စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေးအဆင့်အတန်းများ တိုးတက်လာမှာဖြစ်၍ ကျေးလက်ဒေသလမ်းများကို တစ်ဆင့်ပြီးတစ်ဆင့် စီမံချက်ချ၍ ပြုပြင်ပေးရန် အလေးထားရမည်** ဖြစ်ကြောင်း ၁၉၉၅ ခုနှစ်က လမ်းညွှန်မှာကြားခဲ့သည်။

တိုင်းပြည်လူဦးရေ၏ ၇၀ရာခိုင်နှုန်းကျော်သည် ကျေးလက်ဒေသတွင် နေထိုင်ကြသည်။ လူဦးရေအများစု နေထိုင်သော ကျေးလက်သည် အခြေခံအကျဆုံးဖြစ်သည်။ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်မှ မြို့ပြများ စည်ပင်လာမည်။ မြို့ပြစည်ပင်မှလည်း နိုင်ငံတော်ကြီး စည်ပင်ဖွံ့ဖြိုးခေတ်မီတိုးတက်လာမည်ဖြစ်သည်။ ကျေးလက်ဒေသ ဖွံ့ဖြိုးရေးဆောင်ရွက်ရာတွင် ကျေးရွာချင်းဆက်လမ်းများ၊ ကျေးလက်နှင့်မြို့ပြ ဆက်သွယ်သည့်လမ်းများ၊ တံတားများ ကောင်းမွန်ချောမွေ့ရေးသည် အဓိကကျသည်။

၁၉၉၇ ခုနှစ်မှ စတင်၍ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေး ဝန်ကြီးဌာနက **မြို့ရွာများ အမြန်ခေတ်မီဖွံ့ဖြိုးတိုးတက်စေရမည်** ဟူသော ဆောင်ပုဒ်ချမှတ်၍ စည်ပင်သာယာရေးအဖွဲ့များသည် ကြိုးပမ်းဆောင်ရွက်ခဲ့ကြသည်။ ၁၉၉၈–၉၉ ခု ဘဏ္ဍာရေးနှစ်ကို လမ်းတံတားနှစ်အဖြစ်လည်းကောင်း၊ ၁၉၉၉–၂၀၀၀ ပြည့် ဘဏ္ဍာရေးနှစ်ကို လမ်းတံတားနှင့်ရေပေးရေးနှစ်အဖြစ်လည်းကောင်း သတ်မှတ်ဆောင်ရွက်ခဲ့သည်။

ကျေးလက်လမ်းများ ချောမွေ့ကောင်းမွန်ရေးသည် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်ငါးရပ်အနက်ပထမဆုံးလုပ်ငန်းစဉ်ဖြစ်သည်။ထို့ကြောင့် နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန စည်ပင်သာယာရေးဦးစီးဌာနသည် ကျေးလက်ဒေသလမ်းနှင့် တံတား ကောင်းမွန်တိုးတက်စေရန် ၂၀၀၁–၂၀၀၂ ခု ဘဏ္ဍာရေးနှစ်မှ ၂၀၃၀–၂၀၃၁ ခု ဘဏ္ဍာရေးနှစ်အထိ နှစ် ၃၀ စီမံကိန်းရေးဆွဲကာ ငါးနှစ်စီမံကိန်း ခြောက်ကြိမ်ခွဲခြား၍ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။

ပထမနှစ်ဖြစ်သော ၂၀၀၁–၂၀၀၂ ခု ဘဏ္ဍာရေးနှစ်တွင် ကတ္တရာလမ်း ၄၅မိုင်၊ ကျောက်လမ်း ၃၄၅မိုင်၊ ဂဝံလမ်း ၁၁၃မိုင်၊ မြေသားလမ်း ၈၆၉မိုင် စုစုပေါင်း ၁၃၇၃ မိုင် ဆောင်ရွက်နိုင်ခဲ့သည်။

ဒုတိယနှစ်ဖြစ်သော ၂၀၀၂–၂၀၀၃ ခု ဘဏ္ဍာရေးနှစ်တွင် ကတ္တရာလမ်း ၁၀၈ မိုင်၊ ကျောက်လမ်း ၄၄၄ မိုင်၊ ဂဝံလမ်း ၁၇၁ မိုင်၊ မြေသားလမ်း ၁၄၇၉ မိုင် စုစုပေါင်း ၂၂၀၂မိုင် ဆောင်ရွက်နိုင်ခဲ့သည်။

တတိယနှစ်ဖြစ်သော ၂၀၀၃–၂၀၀၄ ခု ဘဏ္ဍာရေးနှစ်တွင် ကတ္တရာလမ်း ၃၈၄ မိုင်၊ ကျောက်လမ်း ၄၄၉ မိုင်၊ ဂဝံလမ်း ၁၂၁ မိုင်၊ မြေသားလမ်း ၁၅၁၂ မိုင် စုစုပေါင်း ၂၄၆၆မိုင် ဆောင်ရွက်နိုင်ခဲ့သည်။

စည်ပင်သာယာရေးအဖွဲ့များအနေဖြင့် မြို့ပြနှင့်ကျေးလက်လမ်းတံတားများ ကောင်းမွန်ရေးအတွက် ၁၉၉၇–၉၈ ခု ဘဏ္ဍာရေးနှစ်မှ ၂၀၀၂–၂၀၀၃ ခု ဘဏ္ဍာရေးနှစ်အထိ ခြောက်နှစ်တာကာလအတွင်းလည်း မြို့ပြလမ်း ၂၀၇၈ မိုင် ၂ ဖာလုံ၊ မြို့ပြတံတား ၁၂၄၂ စင်း၊ ကျေးလက်လမ်း ၆၅၁၀ မိုင် ၇ ဖာလုံ၊ ကျေးလက်တံတား ၁၈၀၀ စင်း၊ စုစုပေါင်းလမ်းအရှည် ၈၅၈၉ မိုင် ၁ ဖာလုံ၊ တံတား ၃၀၄၂ စင်းကို အဆင့်မြှင့်တိုးချဲ့ဆောင်ရွက်နိုင်ခဲ့သည်။

၂၀၀၃–၂၀၀၄ ခု ဘဏ္ဍာရေးနှစ်တွင် မြို့ပြကတ္တရာလမ်း ၃၈မိုင် ၇ဖာလုံ၊ ကျောက်လမ်း–ဂဝံလမ်း ၆၃ မိုင် ၇ဖာလုံ ပြီးစီးအောင် ဆောင်ရွက်နိုင်ခဲ့ပြီး ငွေကျပ် ၁၂၁၂ ဒသမ ၃၀ သန်း ကုန်ကျခဲ့သည်။ မြို့ပြတံတားများ ဖြစ်သော ကွန်ကရစ်၊ သစ်သား၊ ရေပြွန်နှင့်အခြား ၂၁၀ စင်း ပြီးစီးအောင် တည်ဆောက်နိုင်ခဲ့ပြီး ငွေကျပ် ၁၃၅၂ ဒသမ ၄၉ သန်းကုန်ကျခဲ့သည်။ ၂၀၀၃–၂၀၀၄ခု ဘဏ္ဍာရေးနှစ်အတွင်း ကျေးလက်ကတ္တရာလမ်း၊ ကျောက်လမ်း၊ ဂဝံလမ်း၊ အမာခံအဆင့်မြှင့်ခြင်း ၉၄၅မိုင်၊ လမ်းသစ်ဖောက်လုပ်ခြင်း ၁၅၁၂မိုင် ၄ဖာလုံ ဖောက်လုပ်ခဲ့ရာ ငွေကျပ် ၁၀၀၂ ဒသမ ၄၄၅ သန်းကုန်ကျခဲ့သည်။ ကျေးလက်တံတားများဖြစ်သော ကွန်ကရစ်၊ သစ်သား၊ ရေပြွန်နှင့် အခြား ၄၇၃ စင်း တည်ဆောက်နိုင်ခဲ့ရာ ငွေကျပ် ၁၀၀၃ ဒသမ ၄၀ သန်း ကုန်ကျခဲ့သည်။

စည်ပင်သာယာရေးအဖွဲ့များသည် နယ်မြေစည်ပင်ဖွံ့ဖြိုးရေး၊ သွားလာမှုလွယ်ကူချောမွေ့ရေးအတွက် အထူးဖွံ့ဖြိုးရေး ဇုန်ကြီးများတွင် အသစ်တည်ဆောက်နေသော သိပ္ပံ၊ ကောလိပ်၊ တက္ကသိုလ်ကျောင်းသူ၊ ကျောင်းသားများ အဆင်ပြေစွာ သွားရောက်နိုင်ရေးအတွက် အထူးတာဝန်အနေဖြင့် လမ်းများ ဖောက်ရသည်လည်းရှိသည်။ ၂၀၀၃–၂၀၀၄ ခုနှစ်အတွင်း ကချင်ပြည်နယ် မြစ်ကြီးနားကွန်ပျူတာကောလိပ်မှ ပြည်ထောင်စုကျေးရွာဆက်သွယ်သော ကျေးလက်လမ်း ကျောက်ချောခင်းခြင်း ၆မိုင်၊ ကတ္တရာလမ်းအဆင့်မြှင့်ခြင်း ၁မိုင် ၂ ဒသမ ၆ဖာလုံ၊ မိုးညှင်း ဒီဂရီ ကောလိပ်သွားကျောက်ချောလမ်း ၁မိုင် ၀ ဒသမ ၂ ဖာလုံ၊ မိုးညှင်းစက်မှုသိပ္ပံသွား ကျောက်ချောလမ်း ၄ဖာလုံဆောင်ရွက်ပြီးစီးခဲ့သည်။ မန္တလေးတိုင်း၊ မြင်းခြံ အစိုးရနည်းပညာကောလိပ်သွား ကျောက်ချောလမ်း ၁မိုင် ဆောင်ရွက်ပြီးစီးခဲ့သည်။ ကရင်ပြည်နယ် ဘားအံတက္ကသိုလ် အဝင်လမ်းမကြီး အရှည် ၂ ဒသမ ၅ ဖာလုံကို အကျယ် ၂၂ ပေ တိုးချဲ့ဆောင်ရွက်ခဲ့သည်။ ရွှေတောင်မြို့နယ် ရွှေနတ်တောင်–ကျီးသဲကတ္တရာလမ်း ၂မိုင်၆ဖာလုံ ဖောက်လုပ်ခဲ့သည်။ မကွေးတိုင်း မကွေး ကွန်ပျူတာကောလိပ်အဝင် အမာခံလမ်း ၁ မိုင်၊ အစိုးရစက်မှုလက်မှုသိပ္ပံ ကျောက်ချောလမ်းခင်းခြင်း ၁ မိုင် ဆောင်ရွက်ပြီးစီးခဲ့သည်။

ထို့အပြင် အထူးစီမံကိန်းများအနေဖြင့် ပဲခူးတိုင်း၊ ကဝမြို့နယ်မှ ဆံတော်ရှင်စေတီများတည်ရှိရာ ကျိုက်ပဒိုင်–တာဝ–ဖလေး–ဇွဲကိုက်ကျေးရွာသို့ ဂဝံလမ်း အဆင့်မြှင့်တင်ခြင်း ဆောင်ရွက်ခဲ့သည်။ သနပ်ပင်မြို့နယ် ပဲခူး–စစ်တောင်း တူးမြောင်းကို ဆက်သွယ်သော မင်းရွာ–ကျောင်းစု သစ်သားတံတား ၂၅၀ပေ X၁၄ပေ X၁၆ပေဆောက်လုပ်ပြီးစီးခဲ့သည်။ ရန်ကုန်တိုင်း မှော်ဘီမြို့နယ် စိုက်ပျိုးရေးဇုန်အဝင် ကတ္တရာလမ်း ၅ မိုင် ၂ဖာလုံ၊ မှော်ဘီ–ဆပ်သွားတော–ကြာကန်စု–လှည်းကူး–ငါးဆူတောင် ကတ္တရာလမ်း ၅မိုင် ၃ဖာလုံနှင့် ၃ မိုင် ၆ ဖာလုံ လမ်းနှစ်လမ်း ဖောက်လုပ်ခဲ့သည်။ စည်ပင်သာယာရေးအဖွဲ့များသည် နိုင်ငံတော် အကြီးအကဲ၏ လမ်းညွှန်ချက်နှင့်အညီ မြို့ရွာများအမြန်ဖွံ့ဖြိုးတိုးတက်စေရန် လမ်းပန်းဆက်သွယ်မှု ချောမွေ့ကောင်းမွန်ရေးကို ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။ လမ်းများ အဆင့်မြှင့်တင်ခြင်း၊ လမ်းသစ်များ ဖောက်လုပ်ခြင်းအတွက် စည်ပင်သာယာရေးရန်ပုံငွေ ကျပ် ၁၀၀၂ဒသမ၄၄၅ သန်း အကုန်အကျခံပြီး တိုင်းရင်းသားပြည်သူများက ငွေကျပ်၂၇ဒသမ၉၈၀ သန်း ပါဝင်ကာ နိုင်ငံတော်ထောက်ပံ့ငွေကျပ် ၃၀၉၂ ဒသမ ၈၆ သန်း အကုန်အကျခံ ဆောင်ရွက်ခဲ့သည်။

ငြိမ်းမင်းစံ (မဟာအောင်မြေ)

သနပ်ပင်မြို့နယ် ပဲခူး–စစ်တောင်းတူးမြောင်းကို ဖြတ်ကျော်တည်ဆောက်ထားသည့် မင်းရွာ–ကျောင်းစု သစ်သားတံတားကြီးပေါ်မှ ကျောင်းသူ၊ ကျောင်းသားကလေးငယ်များ ဖြတ်သန်း၍ ကျောင်းတက်ကြစဉ်။
(ဓာတ်ပုံ–နယ်စပ်/စည်ပင်)

လက်ရှိ မြန်မာနိုင်ငံတွင် လူဦးရေ၅၂သန်းကျော်ရှိရာ ကျေးလက်ဒေသတွင် နေထိုင်သော လူဦးရေမှာ ၃၆ သန်းခန့်ရှိနေသည်။ စည်ပင်သာယာရေးအဖွဲ့များက ကျေးလက်လမ်းများ ဖောက်လုပ်ပေးခြင်းဖြင့် ယခုအချိန်တွင် ကျေးလက်ပြည်သူ ၁၁ သန်းခန့် အကျိုးသက်ရောက်မှု ရှိနေပြီဖြစ်သည်။

ကျေးလက်ဒေသလမ်းများကို စည်ပင်သာယာရေးအဖွဲ့များက ဆောင်ရွက်ပေးခဲ့ရာ ကျေးရွာများ လုံခြုံရေး၊ ပညာရေး၊ ကျန်းမာရေး ကောင်းမွန်လာသည့်အပြင် ဒေသမှ စိုက်ပျိုးထားသော သီးနှံများ၊ မွေးမြူရေးလုပ်ငန်းမှ ထွက်ရှိသော အသား၊ ငါးများကိုမြို့ပြဈေးကွက်များသို့ တင်ပို့ရောင်းချနိုင်ခြင်းဖြင့် ကျေးလက်စီးပွားရေး တိုးတက်လာမည်ဖြစ်သည်။

စည်ပင်သာယာရေးအဖွဲ့အစည်းများသည် မြို့ပြနှင့် ကျေးလက် ဖွံ့ဖြိုးစည်ပင်ရေးအတွက် လမ်းတံတားများကို အစွမ်းကုန် ကြိုးပမ်းတည်ဆောက်ပေးလျက်ရှိရာ သွားရေးကသာ၊ လာရေးကဖြောင့်ပြီး ကူးလူးဆက်သွယ် ချစ်ကြိုးသွယ်နိုင်ကြပြီဖြစ်သည်။

ကျေးရွာချင်းဆက် ကျေးလက်လမ်းများ၊ မြို့နယ်ပတ်လမ်းများ၊ မြို့နယ်ချင်းဆက်လမ်းများ၊ ခရိုင်ပတ်လမ်းများ၊ ခရိုင်ချင်းဆက်လမ်းများ ကွန်ရက်ပမာ ပေါ်ပေါက်လာ၍ တစ်ရွာနှင့်တစ်ရွာ၊ တစ်နေရာနှင့် တစ်နေရာ၊ တစ်မြို့နှင့် တစ်မြို့ သွားလာဆက်သွယ်မှုများ လွယ်ကူအဆင်ပြေကာ စိတ်သွားတိုင်း ကိုယ်ပါ လိုရာခရီးကို အချိန်တိုအတွင်း ရောက်ရှိနိုင်ပြီဖြစ်သဖြင့် ဘယ်ခေတ် ဘယ်အခါနှင့်မျှမတူ မြန်မာ့ကျေးလက်များသည် ရေမခြား၊ မြေမခြား ပြည်သူများ ချစ်ကြည်ရင်းနှီး သွေးစည်းကာ အမှန်တကယ် ဖွံ့ဖြိုးတိုးတက်နေပြီဖြစ်သည်။ ။

မြန်မာပြေးခုန်ပစ်အဖွဲ့

အီတလီနိုင်ငံတွင် ဇူလိုင်၁၃ရက်မှ ၁၈ရက်အထိ ကျင်းပမည့် ကမ္ဘာ့လူငယ် တံခွန်စိုက် ပြေးခုန်ပစ်ပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်မည့် မြန်မာပြေးခုန်ပစ်အဖွဲ့မှ အုပ်ချုပ်သူ ဦးမြသန်းထိုက်(အထွေထွေအတွင်းရေးမှူး၊ အဖွဲ့ချုပ်)နှင့် အားကစားသမားများအဖြစ် မောင်ဝေဖြိုးအောင်နှင့် မဖြူဝါသက်တို့အား တွေ့ရစဉ်။
(ကြေးမုံ)

ရန်ကုန်မြို့တောင်ဥက္ကလာပမြို့နယ် (၃)ရပ်ကွက်ငွေကြာရံရိပ်သာ (၁၅) လမ်း အမှတ်(၄၄၅)နေ နှစ်ဖက်သော မိဘများအား အမှူးထားပြီး ဗိုလ်မှူးကျော်လင်း၊ဒေါ်သီသီနွဲ့(သမီး)မမေမြတ်ကျော်မိသားစုတို့ကဗိုလ်မှူးကျော်လင်း၏ မွေးနေ့အထိမ်းအမှတ် ဆွမ်းပဒေသာပင်၊ ဆေးပဒေသာပင်နှင့် သုံးထပ်ဘိုးဘွားဆေးရုံသစ်ကြီး တည်ဆောက်ရန်အတွက်ငွေကျပ်တစ်သိန်းကို ဇွန် ၃၀ ရက်က နှင်းဆီကုန်း ဘိုးဘွားရိပ်သာ အုပ်ချုပ်ရေးအဖွဲ့ အတွင်းရေးမှူး ဗိုလ်မှူးအောင်သန်း(ငြိမ်း)သို့ ပေးအပ်လှူဒါန်းစဉ်။
(က–ပ)

ကသာ၊ ကောလင်းမြို့များ၌ သမဝါယမထုတ်ကုန်ပစ္စည်းပြပွဲနှင့် ဈေးရောင်းပွဲတော် ကျင်းပမည်

စစ်ကိုင်း ဇွန် ၃၀

စစ်ကိုင်းတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ ခွင့်ပြုချက်၊ သမဝါယမဦးစီးဌာန "ညွှန်ကြားရေးမှူးချုပ်ရုံး"၏ ပံ့ပိုးမှုဖြင့် ရန်ကုန်တိုင်းရွှေခြည်သဲ့သမဝါယမအသင်းလီမိတက်မှ စုစည်း၍ သမဝါယမ ထုတ်ကုန်ပစ္စည်းပြပွဲနှင့် ဈေးရောင်းပွဲတော်ကို ကသာမြို့ ခရိုင်အားကစားကွင်း၌ ဇူလိုင် ၂၁ ရက်မှ ၂၅ ရက်အထိလည်းကောင်း၊ ကောလင်းမြို့ မြို့နယ်အားကစားကွင်း၌ ဇူလိုင် ၃၀ ရက်မှ ဩဂုတ် ၃ ရက်အထိ လည်းကောင်း နေ့စဉ် နံနက် ၉ နာရီမှ ည ၉ နာရီအထိ ကျင်းပမည်ဖြစ်သည်။

အဆိုပါ ဈေးရောင်းပွဲတော်၌ ဖိုးလပြည့် ကုမ္ပဏီလီမိတက်က အဓိက ပံ့ပိုးကူညီပြီး စားသောက်ကုန်များ၊ အလှကုန်များ၊ စိုက်ပျိုးရေးလုပ်ငန်းသုံးပစ္စည်းများ၊ မွေးမြူရေးနှင့် ရေလုပ်ငန်း ပစ္စည်းများ၊ လျှပ်စစ်နှင့် အီလက်ထရွန်နစ် ပစ္စည်းအမျိုးမျိုး၊ ပလတ်စတစ်နှင့် ဖိုင်ဘာပစ္စည်းများ၊ ရုံးသုံးကျောင်းသုံး စာရေးကိရိယာများ၊ စက်မှုလက်မှု နည်းပညာဆိုင်ရာ ပြခန်းများ၊ ပြည်တွင်းဖြစ် တိုင်းရင်းဆေးဝါးနှင့် နိုင်ငံခြားဆေးအမျိုးမျိုး၊ အိမ်အလှဆင် ပစ္စည်းအမျိုးမျိုး၊ အဝတ်အထည်နှင့် ဖက်ရှင်အသုံးအဆောင် ပစ္စည်းအမျိုးမျိုးနှင့် လူသုံးကုန်ပစ္စည်းများကို အထူးဈေးနှုန်းများဖြင့် ရောင်းချပေးသွားမည်ဖြစ်သည်။

ဖျော်ဖြေပေးမည်

ပြပွဲလာ ပြည်သူများအား အဆင့်မြင့် ထုတ်ကုန်ပစ္စည်းများကို လက်တွေ့ သရုပ်ပြ ကြော်ငြာခြင်းများ၊ အရောင်းမြှင့်တင်ရေး အစီအစဉ်များကို နေ့စဉ် အခမဲ့ ဖျော်ဖြေတင်ဆက်ပေးမည် ဖြစ်သည်။ အဆိုပါ ဈေးရောင်းပွဲတော်တွင် မည်သူမဆို အခမဲ့ ဝင်ရောက်ကြည့်ရှု ဝယ်ယူနိုင်မည်ဖြစ်သည်။

ဆက်သွယ်ဆောင်ရွက်နိုင်

ပါဝင်ပြသလိုသော ကုမ္ပဏီများ၊ သမဝါယမအသင်းများ၊ စက်မှုလက်မှု လုပ်ငန်းရှင်များသည် ရန်ကုန်တိုင်း ရွှေခြည်သဲ့သမဝါယမအသင်း လီမိတက် ဖုန်း-၃၇၁၈၀၀(လိုင်းခွဲ)-၃၉၄၊ ၄၀၈၊ ၂၄၀၆၀၀(လိုင်းခွဲ)-၄၃၂၊ ရုံးချိန်ပြင်ပ ၆၃၅၂၆၄ သို့ ဆက်သွယ်ဆောင်ရွက်နိုင်ကြောင်း သိရသည်။ **(က-ပ)**

မြို့နယ်သတင်းများ

အထူးကုဆရာဝန်ကြီးများ တောင်ငူ၌ ကွင်းဆင်းကုသ ကျေးရွာပြည်သူများအား ကျန်းမာရေးပညာပေး ဟောပြော

တောင်ငူ ဇွန် ၃၀

ပဲခူးတိုင်း မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း ကြီးကြပ်မှု ကော်မတီ နာယက၊ တောင်ငူမြို့ အထွေထွေရောဂါကုဆေးရုံကြီးမှ ဆေးရုံအုပ်ကြီးနှင့် အထူးကု ဆရာဝန်ကြီးများအဖွဲ့သည် ဇွန် ၂၇ ရက်က တောင်ငူမြို့နယ် ကေတုမတီမြို့သစ်အခြေခံပညာအထက်တန်းကျောင်း၌ မြို့သစ်နှင့် ပတ်ဝန်းကျင်ကျေးရွာနေ ပြည်သူလူထုအား ကွင်းဆင်း ဆေးကုသပေးပြီး ကျန်းမာရေး ပညာပေးဟောပြောကြသည်။

ကြည့်ရှုအားပေး

အခမ်းအနားသို့ တောင်ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူး၏ ဇနီး၊ ပဲခူးတိုင်းမိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း ကြီးကြပ်မှုကော်မတီ နာယကနှင့် အဖွဲ့ဝင်များ တက်ရောက်ကြည့်ရှုအားပေးကြပြီး တောင်ငူမြို့ အထွေထွေရောဂါကုဆေးရုံအုပ်ကြီး ဒေါက်တာမြင့်မြင့်သန်းနှင့် မြို့နယ်ကျန်းမာရေး အရာရှိ ဒေါက်တာဒေါ်ခင်လေးရီတို့က ကျန်းမာရေး ပညာပေးဟောပြောကြသည်။ **(ဝဲပုံ)**

အဆိုပါ အထူးကုအဖွဲ့သည် ကျွန်းကုန်း ကျေးလက်ကျန်းမာရေးဌာနပိုင် ကေတုမတီမြို့သစ်အတွင်းရှိ လူနာ ၇၈၈ဦးတို့အား အထူးကုဆရာဝန်ကြီးများက ဆေးဝါးအခမဲ့ကုသပေးခဲ့ကြသည်။ ဆက်လက်၍ ဆေးဝါးများ အခမဲ့ထောက်ပံ့ရန် ပဲခူးတိုင်း မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း ကြီးကြပ်မှုကော်မတီက လှူဒါန်းခဲ့သော ငွေကျပ်တစ်သိန်းကို တိုင်းမှူး၏ ဇနီးက မြို့နယ် ကျန်းမာရေးအရာရှိ ဒေါက်တာဒေါ်ခင်လေးရီထံသို့ ပေးအပ်လှူဒါန်းသည်။ (၄၇၂)

ဟသ်ာတမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ၂၀၀၃-၂၀၀၄ ခု ဘဏ္ဍာရေးနှစ်တွင် နိုင်ငံတော် ထောက်ပံ့ငွေဖြင့် ဆောင်ရွက်ပြီးစီးခဲ့သော တက္ကသိုလ်လမ်း ကတ္တရာ ထပ်ပိုးလွှာ ခင်းခြင်းလုပ်ငန်းကို ဇွန် ၃၀ ရက်က ဧရာဝတီတိုင်း စည်ပင်သာယာရေးအဖွဲ့မှ ညွှန်ကြားရေးမှူး ဦးအုန်းသွင်နှင့် အဖွဲ့က ကွင်းဆင်း စစ်ဆေးစဉ်။ (မြို့နယ်စည်ပင်)

မြန်မာအမျိုးသမီးများနေ့ သစ်ပင်စိုက်ပျိုး စာစီစာကုံးပြိုင်ပွဲ ဆုရသူများ ဆုများချီးမြှင့်

ဖျာပုံ ဇူလိုင် ၄

ဖျာပုံခရိုင်နှင့် မြို့နယ် အမျိုးသမီးရေးရာအဖွဲ့က ကြီးမှူး၍ မြန်မာအမျိုးသမီးများနေ့ အထိမ်းအမှတ် ဖျာပုံမြို့ (၁၂)ရပ်ကွက် ဂေါက်ကွင်း၌ ဇူလိုင် ၃ ရက်က သစ်ပင်စိုက်ပျိုးပွဲ ကျင်းပရာ ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး ရဲထွဋ်နှင့် ဇနီး ခရိုင်အမျိုးသမီးရေးရာအဖွဲ့နာယက ဒေါ်မြမြ၊ ခရိုင်အဖွဲ့ဝင်များ၊ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ အသင်းအဖွဲ့ဝင်များ တက်ရောက်၍ သစ်ဆိမ့်ပင်များ စုပေါင်းစိုက်ပျိုးကြသည်။

တက်ရောက်

ထို့နောက် အမျိုးသမီးများနေ့ အခမ်းအနားကို ဖျာပုံမြို့ သီရိအဏ္ဏဝါခန်းမ၌ ကျင်းပရာ ခရိုင်ဥက္ကဋ္ဌ၊ ခရိုင်အမျိုးသမီးရေးရာအဖွဲ့နာယက ဒုတိယဗိုလ်မှူးကြီးရဲထွဋ်နှင့် ဇနီး၊ ခရိုင် အတွင်းရေးမှူးနှင့် ဇနီး၊ ခရိုင်အဖွဲ့ဝင်များ၊ မြို့နယ်ဥက္ကဋ္ဌ ဦးခင်မောင်ရီနှင့် အဖွဲ့ဝင်များ၊ ခရိုင်နှင့် မြို့နယ် အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များ၊ ခရိုင်နှင့်မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ၊ အမျိုးသမီးရေးရာ အဖွဲ့ဝင်များ၊ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းဝင်များ၊ ဌာနဆိုင်ရာများ၊ ကြက်ခြေနီ၊ မီးသတ်တပ်ဖွဲ့ဝင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

မြန်မာအမျိုးသမီးများနေ့ အထိမ်းအမှတ် စာစီစာကုံးပြိုင်ပွဲတွင် အထက်တန်းအဆင့်ပြိုင်ပွဲ ဆုရရှိသူများကို ခရိုင်ဥက္ကဋ္ဌကလည်းကောင်း၊ အလယ်တန်းအဆင့်ပြိုင်ပွဲ ဆုရရှိသူများကို ခရိုင်ဥက္ကဋ္ဌ၏ ဇနီးက လည်းကောင်း ဆုများ ပေးအပ်ချီးမြှင့်သည်။

အလှူငွေပေးအပ်

ထို့နောက် ခရိုင်နှင့်မြို့နယ် အမျိုးသမီးရေးရာအဖွဲ့များသို့ အလှူရှင်များက အလှူငွေများ ပေးအပ်ရာ ခရိုင်ဥက္ကဋ္ဌ၊ ခရိုင်နာယက၊ ခရိုင်နှင့်မြို့နယ် အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌများက လက်ခံရယူသည်။ **(ခရိုင်ပြန်/ဆက်)**

မအူပင်ခရိုင် ရဲတပ်ဖွဲ့မှူးရုံး ၂၀၀၄-၂၀၀၅ ခု ပညာသင်နှစ် တပ်ဖွဲ့ဝင် သား၊ သမီးများအား ပညာသင်စရိတ် ထောက်ပံ့ငွေ ပေးအပ်ပွဲ အခမ်းအနားကို ဇွန် ၂၃ရက်က ခရိုင်ရဲတပ်ဖွဲ့မှူးရုံးတွင် ကျင်းပရာ တပ်ဖွဲ့ဝင် သား၊ သမီး ၄၁ ဦးအတွက်ပညာသင်ထောက်ပံ့ငွေကျပ် ၈၁၂၀၀ ကို မအူပင်ခရိုင်ရဲတပ်ဖွဲ့မှူး ရဲမှူး စံမော်က ပေးအပ်စဉ်။ (၃၅၉)

ပုသိမ်ခရိုင် ကန်ကြီးထောင့်မြို့နယ် ဆိပ်သာကျေးရွာအုပ်စု ပညာရွှေအိုး ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်ဖွင့်ပွဲကို ဇွန် ၂၃ ရက်က ပြုလုပ်ရာ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်ခင်ခင်မူနှင့် ကျေးရွာအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးဝင်းမောင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးစဉ်။ (၄၀၁)

မိုးကောင်းမြို့နယ် ကျေးလက်လမ်း ကွင်းဆင်းကြည့်ရှု

မိုးကောင်း ဇွန် ၃၀

မိုးကောင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ၂၀၀၄-၂၀၀၅ ခု ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်မည့် ဆားမော်ကျေးရွာနှင့် ထီးချိုင့်ကျေးရွာသို့ ဆက်သွယ်သည့် မြေသားလမ်း အပိုင်း(၂) အား ကျောက်ချောလမ်းခင်းရန်အတွက် ကျောက်များ စုဆောင်းထားရှိမှု အခြေအနေနှင့် မြေသားလမ်း အခြေအနေတို့ကို မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးအေးမြင့်နှင့် လက်ထောက်အင်ဂျင်နီယာ ဦးဝင်းဆန်းတို့က ဇွန် ၂၆ ရက်က ကွင်းဆင်းကြည့်ရှုကြသည်။

ဆောင်ရွက်

အဆိုပါလမ်းအား မြို့နယ်စည်ပင်သာယာရေးအဖွဲ့က ငွေကျပ် ၂၁ ဒသမ ၅ သိန်း အကုန်အကျခံ ဆောင်ရွက်ပေးခြင်းဖြစ်သည်။

မိုးကောင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့အနေဖြင့် ၂၀၀၄-၂၀၀၅ ခု ဘဏ္ဍာရေးနှစ်တွင် ကျေးလက်ဒေသဖွံ့ဖြိုးရေးအတွက် ကျောက်ချောလမ်း နှစ်လမ်း၊ သစ်သားတံတားတစ်စင်း၊ ရေပေးရေးလုပ်ငန်း ၂၀ ခုတို့အား ငွေကျပ် ၁၆၇၅၀၀၀၀ အကုန်အကျခံကာ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။ **(ပြည်နယ်/စည်ပင်)**

ဒေးဒရဲမြို့တွင်း ရေနုတ်မြောင်းတူးဖော်

ဒေးဒရဲ ဇွန် ၂၈

ဒေးဒရဲမြို့တွင်း မိုးရာသီ ရေမြောင်းများ ရေစီးရေလာ ကောင်းမွန်ရေးအတွက် ဇွန် ၂၃ ရက်က မြို့နယ်ပြည်သူ့ဆေးရုံကြီးပတ်လည်ရှိ အဓိက ရေနုတ်မြောင်းမကြီးများအား တူးဖော်ခြင်းနှင့် သန့်ရှင်းရေးဆောင်ရွက်ခြင်း လုပ်ငန်းများအား မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးသက်အောင်နှင့် လက်ထောက်အင်ဂျင်နီယာ ဦးဇော်ဝင်းထွဋ်တို့ ကြပ်မတ်ဆောင်ရွက်ကြသည်။ **(မြို့နယ်ပြန်/ဆက်)**

အပြည်ပြည်ဆိုင်ရာမူးယစ်ဆေးဝါး အလွဲသုံးမှုနှင့် တရားမဝင် ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် စာစီစာကုံးပြိုင်ပွဲကို ဇွန် ၂၃ ရက်က တပ်ကုန်းမြို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပစဉ်။ (၈၂)

ပညာရေးတက္ကသိုလ်၌ သစ်ပင်စိုက်ပျိုး

စစ်ကိုင်း ဇွန် ၂၈

စစ်ကိုင်းမြို့ ပညာရေးတက္ကသိုလ်တွင် သစ်ပင်စိုက်ပျိုးပွဲကို ဇွန် ၂၀ ရက်က ကျင်းပသည်။ အဆိုပါ သစ်ပင်စိုက်ပျိုးပွဲသို့ စစ်ကိုင်း တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အဖွဲ့ဝင်(၂) တိုင်းရဲတပ်ဖွဲ့မှူး ရဲမှူးကြီး တင်မောင်မောင်၊ နယ်မြေခံတပ်မှ ဗိုလ်မှူးကြီးကျော်ထူးလွင်၊ စစ်ကိုင်းခရိုင်ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး စိုးနိုင်နှင့် တိုင်းအဆင့် ဌာနဆိုင်ရာများ၊ ပညာရေးတက္ကသိုလ်မှ ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများ၊ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းဝင်များ၊ အမျိုးသမီးရေးရာ အဖွဲ့ဝင်များ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ တက်ရောက်ကြသည်။ **(မြို့နယ်ပြန်/ဆက်)**

ရခိုင်ပြည်နယ် လေပြင်းဒဏ်သင့်ကျေးရွာများသို့ ထောက်ပံ့ပစ္စည်းများ ပေးအပ်

မြေပုံ ဇူလိုင် ၇

ရခိုင်ပြည်နယ် အမျိုးသမီးရေးရာအဖွဲ့နာယက၊ ရခိုင်ပြည်နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်မှုကော်မတီနာယက (အနောက်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး၏ဇနီး) ဒေါက်တာဒေါ်ညွှန့်ညွှန့်ဦးသည် ရခိုင်ပြည်နယ် အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ ပြည်နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်မှုကော်မတီဝင်များနှင့် ပြည်သူ့ဆေးရုံကြီးမှ အထူးကုဆရာဝန်ကြီးများလိုက်ပါ၍ ဇွန် ၁၂ ရက်မှ ၁၃ ရက်ထိ မြေပုံမြို့ပေါ်နှင့် မြေပုံမြို့နယ် လွန်းလုံး ပိုက်ကျေးရွာနှင့်မင်းပြားမြို့နယ် တောကန်ကျေးရွာများသို့ သွားရောက်ပြီး လေပြင်းဒဏ်ကြောင့် ပျက်စီးဆုံးရှုံးခံခဲ့ရသော ကျေးရွာများမှ အိမ်ထောင်စုများအား ထောက်ပံ့ပစ္စည်းများ ပေးအပ်ပြီး ဆေးဝါးကုသပေးခဲ့သည်။

ဆက်လက်၍ မြေပုံမြို့ပေါ် ကိုးရပ်ကွက်မှ အိမ်ထောင်စု ၂၂၉ စု၊ မြေပုံမြို့နယ် ကျေးရွာခုနစ်ရွာမှ အိမ်ထောင်စု ၁၁၂စု၊ မင်းပြားမြို့နယ် ကျေးရွာ ၁၁ ရွာမှ အိမ်ထောင်စု ၂၄၂ စုအား ပြည်နယ် အမျိုးသမီးရေးရာအဖွဲ့နာယက၊ ပြည်နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်မှုကော်မတီနာယကနှင့် အဖွဲ့ဝင်များက ထောက်ပံ့ပစ္စည်းများ ပေးအပ်ကြသည်။

ထို့နောက် စစ်တွေမြို့ ပြည်နယ်ပြည်သူ့ဆေးရုံကြီးမှ အထူးကုဆရာဝန်ကြီးများက ဆေးဝါးများ အခမဲ့ကုသပေးခဲ့သည်။ **(ခရိုင်ပြန်/ဆက်)**

ပဲခူးရိုးမ စိမ်းလန်းစိုပြည်ရေး သစ်ပင်စိုက်ပျိုးပွဲကျင်းပ

ကြို့ပင်ကောက် ဇူလိုင် ၁၀

ပဲခူးရိုးမ စိမ်းလန်းစိုပြည်ရေးစီမံကိန်း သစ်ပင်စိုက်ပွဲနှင့် လူထုပညာပေးဟောပြောပွဲကို ဇူလိုင် ၈ ရက်က ကြို့ပင်ကောက်မြို့နယ် ဥယျာဉ်ကြီးကျေးရွာ ရန်အောင်မြင် ဘုရားအနီး၌ ကျင်းပသည်။ **(အပေါ်ပုံ)**

အဆိုပါ သစ်ပင်စိုက်ပျိုးပွဲသို့ သာယာဝတီခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး ခင်ဝင်းနှင့်အဖွဲ့ဝင်များ၊ ပဲခူးတိုင်း(အနောက်ပိုင်း) သစ်တောဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးမြင့်ငွေ၊ ကြို့ပင်ကောက်မြို့နယ် အေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးဦးခိုင်နှင့် ဌာနဆိုင်ရာများ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ၊ ကံဦး၊ ကုန်းရွာ၊ မြို့တွင်း၊ဥယျာဉ်ကြီး၊မြို့ကိုင်း၊ရုံးချောင်းကျေးရွာအုပ်စုများမှ ဒေသခံပြည်သူများ စုစုပေါင်းအင်အား ၈၀၀ ဦးတို့သည် သာယာဝတီခရိုင် သစ်တောဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးကျော်ကျော်၊ ကြို့ပင်ကောက်မြို့နယ်သစ်တောဦးစီးအရာရှိ ဦးလှမင်းဦးဆောင်သော သစ်တောဝန်ထမ်းများနှင့်အတူ ကျွန်းပင်၊ မယ်ဇလီပင်၊ သစ်ဆိမ့်ပင် စုစုပေါင်း အပင် ၄၀၀၀၀ကို စုပေါင်းစိုက်ပျိုးကြသည်။ သာယာဝတီခရိုင်အတွင်း ၂၀၀၄ ခုနှစ် မိုးရာသီတွင် သစ်ဆိမ့်ပင် တစ်သိန်းခွဲနှင့် ကျွန်းနှင့်အခြား အရိပ်ရပင် တစ်သိန်းခွဲ စုစုပေါင်းပျိုးပင် သုံးသိန်းစိုက်ပျိုးရန် စီစဉ်ထားကြောင်း သိရသည်။ **(က–ပ)**

ဘိုကလေးမြို့ သာယာလှပရေးဆောင်ရွက်

ဘိုကလေး ဇူလိုင် ၈

ဘိုကလေးမြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးဆောင်ကြီးကြပ်မှုဖြင့် တာဝန်ခံအင်ဂျင်နီယာဦးအောင်ကိုဦး၊ အငယ်တန်း အင်ဂျင်နီယာ–၂ (မြို့ပြ) ဒေါ်သီတာစိုးနှင့် အဖွဲ့ဝင်ထမ်းများသည် မြို့သန့်ရှင်းသာယာလှပရေး အကောင်အထည်ဖော် ဆောင်ရွက်မှု အစီအစဉ်အရ ဇူလိုင် ၅ ရက်က ဘိုကလေး မြို့မ (၇)ရပ်ကွက် အောင်ဩဘာ(၁၈)လမ်းတစ်လျှောက် ပန်းအလှပင်များကို စနစ်တကျ အကွက်ကျပုံစံဖြင့် စိုက်ပျိုးခဲ့သည်။ **(ယာပုံ)**

ထို့အပြင် မြို့ဝင်လမ်းဘေး ဝဲ၊ ယာတွင်လည်း မြေခင်းအလှပန်းပြုပြင်မှုနှင့် ပန်းအလှစိုက်ပျိုးမှုများကို အကွက်ချပုံစံဖြင့် အကောင်အထည်ဖော် ဆောင်ရွက်ခဲ့သည်။ **(ဘိုကလေး/စည်ပင်)**

ပြည်မြို့ မဟာသုဒဿနာရာမစာသင်တိုက် ဝါဆိုသင်္ကန်း ဆက်ကပ်မည်

ပြည် ဇူလိုင် ၁၁

ပဲခူးတိုင်း(အနောက်ပိုင်း) ပြည်မြို့ ဆံတော်ရပ် မဟာသုဒဿနာရာမစာသင်တိုက် ပဓာနနာယက ဆရာတော် ဘဒ္ဒန္တ သေဋ္ဌိလ (မဟာဂန္ထဝါစက ပဏ္ဍိတ နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်) အမှူးပြုသည့် စာချစာသင်သံဃာတော်အပါး၂၀၀ကျော်တို့အား ပရိယတ္တိသာသနပါလအဖွဲ့ကြီးကကြီးမှူး၍ စေတနာရှင်များ၏ စုပေါင်းဝါဆိုသင်္ကန်းဆက်ကပ်ပွဲကို ၁၃၆၆ ခု ဒုတိယဝါဆိုလပြည့်၊ (စနေနေ့)တွင် မဟာသုဒဿနာရာမစာသင်တိုက်၌ ကျင်းပမည်ဖြစ်ရာ ဝါဆိုသင်္ကန်းတစ်စုံလျှင် ကျပ် ၃၀၀၀ နှုန်းဖြင့် ပရိယတ္တိသာသနာပါလအဖွဲ့ ဖုန်း ၀၅၃–၂၄၄၇၀နှင့် ၂၁၆၄၅ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်းသိရသည်။ (က–ပ)

မှော်ဘီမြို့နယ် တပ်ကြီးကုန်းကျေးရွာ ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်ဖွင့်

မှော်ဘီ ဇူလိုင် ၅

မှော်ဘီမြို့နယ် တပ်ကြီးကုန်းကျေးရွာအုပ်စု ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်ဖွင့်ပွဲ အခမ်းအနားကို ဇူလိုင် ၂ ရက်က တပ်ကြီးကုန်းကျေးရွာ မိခင်နှင့်ကလေးစောင့်ရှောက်ရေးရုံးတွင် ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးစိုးမြင့်အောင်၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်သန်းသန်းလှနှင့် တပ်ကြီးကုန်း ကျေးရွာအုပ်စုအေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးညိုတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

မှော်ဘီမြို့နယ်အတွင်း ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်ဖွင့်ပွဲများကို ဇူလိုင် ၂ ရက်မှ ၂၆ ရက်အထိ မြို့နယ်အတွင်းရှိ ကျေးရွာအုပ်စုများဖြစ်သော အောက်ဝါးနက်ချောင်း လှည်းငုတ်ချောင်း၊ ဘန့်ဘွေးကုန်း၊ ကုလားကုန်း၊ မြို့ချောင်း၊ ကံကလေး၊ ဆတ်သွားတော၊ ဘွက်ကြီး၊ ဖူးကြီးကျေးရွာ အုပ်စုများတွင် ကျင်းပသွားမည်ဖြစ်သည်။ **(မြို့နယ်ပြန်/ဆက်)**

မွေးနေ့ဆုတောင်း

၁၃–၇–၂၀၀၄ရက်တွင် ကျရောက်သော ချစ်ခင်ပွန်း **ဗိုလ်ကြီး မင်းသိမ်းထွဋ်** ၏ မွေးနေ့မှသည် နောင်နှစ်ပေါင်းများစွာတိုင် ချစ်ဇနီး၊ ချစ်သမီးလေးနှင့်အတူ သာယာချမ်းမြေ့သော မိသားစုဘဝကို ပိုင်ဆိုင်ပြီး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာစွာဖြင့် နိုင်ငံအကျိုးကို ဆတက်ထမ်းပိုးထမ်းဆောင်နိုင်ပါစေလို့ ဆုမွန်ကောင်းတောင်းလျက်–––။

ချစ်ဇနီး–မဝေဝေခိုင်
ချစ်သမီး–ရွှန်းလဲ့ရည်သန့်။

(၅)နှစ်ပြည့်မွေးနေ့ဆုတောင်း

အမြွှာညီအစ်မ ငယ်ငယ်(စုမြတ်နိုး)နဲ့ ထွေးထွေး (စုမြတ်နွယ်)တို့ရဲ့ ၁၃–၇–၂၀၀၄မှာ ကျရောက်တဲ့ (၅)နှစ်မြောက် မွေးနေ့မင်္ဂလာမှသည် နောင်နှစ်ပေါင်းရာကျော်တိုင် ကျန်းမာပျော်ရွှင်ပါစေ။ ထူးချွန်လိမ္မာသော သမီးကောင်းရတနာလေးများဖြစ်ကြပါစေလို့ ဆုတောင်းလိုက်ပါတယ်။

ဖေဖေကြီး – ကိုထိုက်စိုး၊ မာမား–ဒေါ်သီတာမြင့်
(ရွှေဖားစည်စတိုး၊ ဘားအံမြို့)
ကိုကိုကြီး၊ ကိုကိုငယ်၊ မမသဲသဲ
နှစ်ဖက်သောဘိုးဘိုးဘွားဘွား၊ ဦးဦးဒေါ်ဒေါ်များ။

MCC STANDARD Computer Centre

☑Basic Windows Course
☑D.T.P Course , Graphic Design Course
☑Web Design Course , E-mail & Internet Course
☑Computerized Accounting , Programming , A+ Hardware Courses
☑LCCI (Level I & II)
☑English (4 skills) Course

☎ 578673, 09-80-23756

အလယ်တန်းနှင့် အထက်တန်းအင်္ဂလိပ်စာ အထောက်အကူပြု Student's Companion စာစဉ်အမှတ်(၁) ထွက်ပါပြီ

နယူးလိုက်အော့ဖ်မြန်မာသတင်းစာ၊ စာတည်းအဖွဲ့ကပြုစုသည့် အလယ်တန်းနှင့်အထက်တန်း စာသင်သားများအတွက် အင်္ဂလိပ်စာအထောက်အကူပြု Student's Companionစာစဉ်အမှတ်(၁) ထွက်ပါပြီ။

ရန်ကုန်မြို့၊ နယူးလိုက်အော့ဖ်မြန်မာသတင်းစာတိုက် ဖြန့်ချိရေးဌာန အမှတ်–၂၂/၂၃၊ ကမ်းနားလမ်း၊ ဖုန်း–၂၉၇၀၉၃သို့ဖြစ်စေ၊ သတင်းစာကိုယ်စားလှယ်များမှတစ်ဆင့်ဖြစ်စေ ဆက်သွယ်ဝယ်ယူနိုင်ပါပြီ။



တိုက်ခန်းရောင်းရန်

လမ်းမတော်၊ ဝါးတန်း (အောက်လမ်း) ၉/၁၀ HK နှစ်လွှာ၊ ကိုယ်ပိုင် မော်တာ၊ ရေ၊ မီး၊ ဖုန်း၊ ညှိနှိုင်းဈေး၊ ပွဲစားမလို၊

ဖုန်း–၅၀၀၃၅၄။

သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

ကျွန်မ၏သားဖြစ်သူ မောင်ပေါင်ခန့်မှန်[၁၂/စခန(နိုင်)၀၀၈၃၇၄]သည် မိဘ၏ ဆိုဆုံးမမှုကို မနာခံဘဲ မိမိသဘောဆန္ဒအလျောက် ပြုမူသွားပါသဖြင့် ယနေ့မှစ၍ သားအဖြစ်မှ အမွေပြတ် စွန့်လွှတ်လိုက်ပါသည်။ နောက်နောင် ငွေနှင့်ပတ်သက်သောကိစ္စအဝဝကို လုံးဝတာဝန်မယူပါ။

(စုံစမ်းမေးမြန်းခြင်းသည်းခံပါ)
မိခင်–ဒေါ်နဲမ်ခေါ်ဟွဲ
[၁၂/စခန(နိုင်)၀၀၈၅၈၅]

ဝမ်းနည်းကြေကွဲခြင်း ဒေါ်လှစိန် (မုဒုံ) အသက်(၈၀)

သူငယ်ချင်း အောင်မြင့်ဦး (တွဲဖက်ပါမောက္ခ ရန်ကုန်တက္ကသိုလ်မြန်မာစာဌာန)၏မိခင်ဒေါ်လှစိန်(မုဒုံ) ကွယ်လွန်ကြောင်း ကြားသိရသဖြင့် မိသားစုနှင့်ထပ်တူဝမ်းနည်းကြေကွဲရပါကြောင်း။

ဦးစိုးလှထွန်း–ဒေါ်ခင်နန္ဒာဝင်း
(အာကဲမိစံ) မိသားစု။

ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ
ပညာရေးဝန်ကြီးဌာန
အဆင့်မြင့်ပညာဦးစီးဌာန(အထက်မြန်မာပြည်)
ရတနာပုံတက္ကသိုလ်
“ဘွဲ့နှင်းသဘင်လျှောက်လွှာခေါ်ယူခြင်း”

၁။ ရတနာပုံတက္ကသိုလ်၊ ရတနာပုံတက္ကသိုလ်နှင့် ပေါင်းစည်းဆက်သွယ်ထားသော လားရှိုးဒီဂရီကောလိပ်၏ ၂၀၀၂–၂၀၀၃ပညာသင်နှစ်အတွက် **၂၀၀၃ခုနှစ် စက်တင်ဘာလတွင် ကျင်းပခဲ့သော နောက်ဆုံးနှစ်(၁၉၉၇အောင်) ဝိဇ္ဇာ/သိပ္ပံ(ဘွဲ့)၊ ဘွဲ့ကြိုပေါင်းစပ်ဘာသာရပ်(ဘွဲ့) ဘွဲ့ရစာမေးပွဲအသီးသီးကို အောင်မြင်ခဲ့ကြသူများ (နောက်ဆက်တွဲစာမေးပွဲအောင်မြင်ပြီးသူများအပါအဝင်)** အတွက် **စတုတ္ထအကြိမ်မြောက်** ဘွဲ့နှင်းသဘင်အခမ်းအနားကို ကျင်းပပြုလုပ်မည်ဖြစ်ပါသည်။

၂။ ဘွဲ့နှင်းသဘင်တက်ရောက်ဘွဲ့၊ အဝေးရောက်ဘွဲ့ လျှောက်ထားလိုပါက ဘွဲ့နှင်းသဘင်လျှောက်လွှာပုံစံများကို ဤတက္ကသိုလ်စာမေးပွဲနှင့်ဘွဲ့နှင်းဌာနမှ ဝယ်ယူဖြည့်စွက်ပြီး **၆–၇–၂၀၀၄ရက်နေ့မှ ၅–၈–၂၀၀၄ရက်နေ့အထိ** စာမေးပွဲနှင့် ဘွဲ့နှင်းဌာနတွင် (၂"X၁ ½")ဓာတ်ပုံ(၃)ပုံနှင့်အတူ လျှောက်ထားတင်သွင်းနိုင်ကြပါသည်။ ဘွဲ့နှင်းသဘင်ကြေးမှာ တက်ရောက်ဘွဲ့ယူသူများအတွက် (၁၅၀၀ိ/–)ဖြစ်ပြီး အဝေးရောက်ဘွဲ့ယူသူများအတွက် (၁၀၀၀ိ/–)ဖြစ်ပါသည်။

၃။ ဘွဲ့နှင်းသဘင်ကြေးများကို ရတနာပုံတက္ကသိုလ် ငွေလက်ခံဌာနတွင်ဖြစ်စေ၊ ရပ်ဝေးမှ ပေးပို့လိုသူများသည် စာတိုက်ငွေပို့လွှာဖြင့်ဖြစ်စေ ပေးသွင်းနိုင်ကြပါသည်။

၄။ စာတိုက်မှပေးပို့သည့်အခါ ငွေပို့လွှာတွင် **“ဘွဲ့နှင်းသဘင်ကြေးပေးပို့ခြင်း”** ဟုဖော်ပြပြီး ပါမောက္ခချုပ်၊ ရတနာပုံတက္ကသိုလ်သို့လိပ်မူ၍ **လျှောက်လွှာရှင်၏အမည်၊ ဘွဲ့ရစာမေးပွဲခုံအမှတ်၊ အောင်မြင်သည့် ခုနှစ်နှင့်လ၊ ပညာသင်နှစ်၊ အထူးပြုဘာသာ၊ တက်ရောက်ခဲ့သည့် တက္ကသိုလ်/ဒီဂရီကောလိပ်နှင့် နေရပ်လိပ်စာအပြည့်အစုံ** ကို တိကျစွာဖော်ပြရပါမည်။ ပြည့်စုံစွာဖော်ပြထားခြင်းမရှိသည့် ငွေပို့လွှာများကို လက်ခံမည်မဟုတ်ပါ။

၅။ တက်ရောက်ဘွဲ့လျှောက်ထားပြီး ဘွဲ့နှင်းသဘင်အခမ်းအနားသို့ တက်ရောက်ရန် ပျက်ကွက်သူများ၏ ဘွဲ့လက်မှတ်များကို အဝေးရောက်ဘွဲ့လက်မှတ်များ ထုတ်ပေးသည့်အချိန်တွင်မှသာ ထုတ်ပေးမည်ဖြစ်ပါသည်။

ဝင်းမောင်(မော်ကွန်းထိန်း)
စာမေးပွဲနှင့် ဘွဲ့နှင်းဌာန
ရက်စွဲ ၂၀၀၄ ခုနှစ်၊ ဇူလိုင်လ(၅)ရက်။ **ရတနာပုံတက္ကသိုလ်။**

ပိုင်ရှင်ကိုယ်တိုင်အမြန်ရောင်းမည်

ရန်ကုန်မြို့လယ် လူစည်ကားနေရာ ပန်းဘဲတန်းမြို့နယ်၊ ၂၉–လမ်း (အလယ်) တော်ဝင်မြန်မာတိုက်ခန်းသစ်၊ ပဉ္စမထပ်၊ ဝရန်တာ အရှေ့လှည့်၊ အနေအထားအကောင်းဆုံးအခန်း (၃၀ပေX၅၀ပေ) ဧည့်ခန်း၊ အိပ်ခန်း(၃)ခန်း၊ (ရေချိုးခန်း၊ အိမ်သာတွဲလျက်)၊ ရေချိုးခန်း(၂)ခန်း၊ ရေပူရေအေးပေးစက်အပါအဝင်၊ အဲယားကွန်း၊ Satellite၊ တီဗွီ၊ ရေခဲသေတ္တာ၊ ပရိဘောဂ အပြည့်အစုံ၊ ကိုယ်ပိုင်မီတာ၊ ရေမော်တာ (Pressure Pumpအပါအဝင်)၊ ကြမ်းခင်းလျှာထိုးအပြည့်၊ အဆင့်မြင့်ပြင်ဆင်ပြီး၊ လူနေထိုင်ရန်အသင့်၊ အရှုပ်အရှင်းကင်း၊ ပိုင်ရှင်အမည်ပေါက်၊ ဦးရာလူရောင်းချပေးမည်။

ဆက်သွယ်ရန်–မန္တလေး–၀၉၆၉၇၁၀၉၂။

ဝန်ထမ်းအလိုရှိသည်
(ပြည်တွင်း၌သာခန့်ထားရန်)

ကန်တော်ကြီးတွင် မကြာမီဖွင့်လှစ်တော့မည့် စားသောက်ဆိုင်တွင် အောက်ဖော်ပြပါဝန်ထမ်းများ အလိုရှိပါသည်။

Hot Pot ဆရာ ကျား(၂)ဦး/Dim Sum ဆရာ–ကျား(၂)ဦး

လျှောက်ထားလိုသူများသည် အလုပ်သမားမှတ်ပုံတင်မိတ္တူနှင့်လိုအပ်သော အထောက်အထားများယူဆောင်၍ ကြော်ငြာပါသည့်နေ့မှ တစ်ပတ်အတွင်း ကန်တော်ကြီးပတ်လမ်း၊ မြိုင်မာလာကျွန်း၊ (Hotel Nikko ရှေ့)သို့ နံနက် (၁၀း၀၀)နာရီမှ မွန်းလွဲ (၂း၀၀)နာရီအတွင်း လူကိုယ်တိုင်လာရောက် လျှောက်ထားနိုင်ပါသည်။

Ph:710650
TREASURE ISLAND RESTAURANT.

ဝမ်းနည်းကြေကွဲခြင်း
ဦးအောင်ကျော်(ခ)ကိုအိသောင်

ရွှေသံလွင်ဆောက်လုပ်ရေးကုမ္ပဏီလီမိတက်မှ Deputy Managing Director ဦးအောင်ကျော်(ခ)ကိုအိသောင် ကွယ်လွန်သွားသည့်အတွက် မိသားစုနှင့်ထပ်တူဝမ်းနည်းကြေကွဲမိပါကြောင်း။

ဒေါ်သန်းနွယ်
(B.A, LL.B)
တရားရုံးချုပ်ရှေ့နေ။

ပုလောမြို့နယ်အသင်း (ရန်ကုန်)
ဒေါ်ထူးသက်
အပူဇော်ခံပုဂ္ဂိုလ်
အသက်(၈၇)နှစ်
အသင်းဝင်အမှတ်(၁၇၀)

ရန်ကုန်မြို့၊ တောင်လုံးပြန်ရပ်ကွက်၊ ခန်းမဆောင်လမ်း၊ အမှတ်–၁၄နေ (ဦးလှဖေ) ဒေါ်မြသန်း အသင်းဝင်အမှတ်–၉၉၀တို့၏မိခင် ဒေါ်ထူးသက်သည် ၁၀–၇–၂၀၀၄ရက်တွင် ကွယ်လွန်ပါ၍ ၁၂–၇–၂၀၀၄ရက် ညနေ ၄ နာရီတွင် ရေဝေးသုသာန်၌ သင်္ဂြိုဟ်ပြီးစီးပါကြောင်း အသင်းဝင်များအား အကြောင်းကြားအပ်ပါသည်။

အမှုဆောင်အဖွဲ့။

ဟင်္သာတအသင်း
ဦးစောနွယ်(ဆရာစော)
အသက်(၆၄)နှစ်
(ဝပ်ရှော့ဆရာ)

ဦးတင်သန်း–ဒေါ်အေးကျင်တို့၏သား၊ အမှတ်(၁၀)၊ ထီးတန်း(၄)လမ်း၊ ကြည့်မြင်တိုင်နေ ဒေါ်သန်းရွှေ၏ချစ်လှစွာသောခင်ပွန်း၊ ဦးဝင်းနိုင်၊ ဒေါ်ပြုံးပြုံးဦးတို့၏ဖခင် ဦးစောနွယ် ဟင်္သာတအသင်းရာသက်ပန် အသင်းဝင်သည် ၁၀–၇–၂၀၀၄ရက်တွင် အကယ်ဒမီဆေးခန်း၌ ကွယ်လွန်ပါ၍ ၁၂–၇–၂၀၀၄ရက် မွန်းလွဲ၂နာရီတွင် ထိန်ပင်သုသာန်၌ မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း။

အမှုဆောင်အဖွဲ့။

ပေမြင့်
တန်ဖိုးထားအပ်သော အရာများ

စာအုပ်သစ် ထွက်ပြီ

Job Opportunities
(For Local Service only)

Well established training center is looking for right candidates for the following positions both full/ part time:

(1) English trainers **male /female**
- Age 40 years and above
- Must have at least 10 years experience in teaching
- Must be a degree holder (B.A English preferable)

(2) Front Office trainers **male/female**
- Age 30 years and above
- Must have relevant experience of not less than 5 years in a managerial capacity
- Good command of English(spoken and written.)

(3)**Food & Beverage Service trainers** **male/ female**
- Age between 30 years and above
- Must have relevant experience of not less than 5 years in a managerial capacity
- Good command of English(spoken and written)

Apply within one week of this advertisement. Interested Applicants may send their CV, copy of certificates labour registration and 2ID photos to the following address: Rm 225, # 350, Ahlone Road, Dagon TSP, Yangon. Ph:211888 Ext: 188, 189

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
ဒေါ်သိန်းတင်
အသက်(၈၅)နှစ်

မော်လမြိုင်မြို့၊ ထားဝယ်စုရပ်၊ အောက်လမ်းမကြီး၊ အမှတ်(၅၁၉)နေ (ဦးပန်းဒွေး–ဒေါ်နှင်းဖြူ)တို့၏သမီး၊ (ဦးငွေအေး)၏ဇနီး၊ (ဦးယုရှိန်)–ဒေါ်ခင်မြဝင်း၊ (ဦးရန်အောင်)–ဒေါ်ရှမ်းမ၊ ဦးရဲတင့်–ဒေါ်ကြည်သန်း၊ ဦးနွယ်ဦး–ဒေါ်ခင်သန်းမြင့်၊ (ဦးထိန်ဝင်း)–ဒေါ်လွင်လွင်ဝေ၊ ဦးအောင်စိုးအေး၊ ဦးအောင်နိုင်ဝင်း–ဒေါ်မီမီထွေးတို့၏မိခင်ကြီး၊ မြေး ၂၁ယောက်၊ မြစ်သုံးယောက်တို့၏အဘွားသည် ၉–၇–၂၀၀၄ရက်တွင် ကွယ်လွန်သွားပါ၍ ၁၁–၇–၂၀၀၄တွင် ပိန္နဲကုန်းသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း။

ကျန်ရစ်သူမိသားစု။

ဒေါ်ငြိမ်းငွေ
အသက်(၈၃)နှစ်

ရန်ကုန်မြို့၊ သဃ်န်းကျွန်းမြို့နယ်၊ ၃၂–အေ၊ သုနန္ဒာ(၂)လမ်း၊ သုမင်္ဂလာအိမ်ရာနေ (ဦးမောင်ခင်–ဒေါ်အုန်းမြိုင်)တို့၏သမီး၊ (ဦးလှခိုင်)၏ဇနီး၊ (ဦးသန်းအေး)–ဒေါ်စိန်တင်၊ ဦးအောင်သန်း–ဒေါ်လှညွန့်၊ ဦးရဲမြင့်–ဒေါ်တင်လှ၊ ဦးမောင်မောင်တိုး–ဒေါ်သန်းသန်းဌေး၊ (ဦးလှမြင့်)–ဒေါ်ချိုချို၊ ဦးစန်းဦး–ဒေါ်နီနီဝင်းတို့၏မိခင်၊ မြေး ၂၇ယောက်၊ မြစ် ၁၅ယောက်တို့၏အဘွားသည် ၁၁–၇–၂၀၀၄ နံနက် ၆နာရီတွင် ကွယ်လွန်သွားပါ၍ ၁၃–၇–၂၀၀၄ (အင်္ဂါနေ့) မွန်းလွဲ၁နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ နေအိမ်မှကားများ နံနက် ၁၁း၃၀နာရီတွင် ထွက်ပါမည်။

ကျန်ရစ်သူမြေးမြစ်များ။

ကိုစိုးနိုင်ဦး
အသက်(၃၅)နှစ်
(နတ်မြောင်း)

စစ်ကိုင်းတိုင်း၊ ကလေးမြို့နယ်၊ နတ်မြောင်းရွာနေ (ဦးဘသိန်း–ဒေါ်စိန်တင်)၏သားထွေး၊ နတ်ချောင်းရွာနေ ဦးစိုးလှိုင်–ဒေါ်မေအဲတို့၏သား၊ သမက်၊ မအေးညို၏ခင်ပွန်း၊ မသိင်္ဂီထက်၏ဖခင်၊ နတ်ချောင်းရွာနေ ဒေါ်ခင်ဌေး၊ ဦးမောင်မောင်–ဒေါ်စန်းစန်းဌေး၊ ရန်ကုန်မြို့နေ ဦးအောင်မင်း–ဒေါ်ကြူကြူဝင်း၊ နတ်မြောင်းရွာနေ ဦးစိုးလွင်ဦး–ဒေါ်ဖြူဖြူဝင်းတို့၏ညီငယ်၊ မဆွေဆွေလှိုင်၏အစ်ကိုသည် ၁၁–၇–၂၀၀၄ (တနင်္ဂနွေနေ့)နံနက်၆း၃၀နာရီတွင် ကွယ်လွန်သွားပါ၍ ယင်းနေ့တွင် ရေဝေးသုသာန်၌ သင်္ဂြိုဟ်ပြီးစီးပါကြောင်း။

ကျန်ရစ်သူမိသားစု။

မောင်နေဝင်းထွန်း
အသက်(၂၆)နှစ်

အင်းစိန်မြို့နယ်၊ ရွာမအနောက်၊ သံမဏိစက်ရုံဝင်းနေ ဦးမောင်တင်–(ဒေါ်တင်ရီ)၊ ဦးစိန်–(ဒေါ်ကြည်ကြည်)တို့၏မြေး၊ ဦးမြကြည်–ဒေါ်စန်းစန်းမြင့်၊ ဦးစံသိန်း၊ ဦးမြသန်း–ဒေါ်တင်တင်ဝင်း၊ ဦးဖိုးသေး–ဒေါ်တင်တင်မြ၊ ဦးစန်းဝင်း–ဒေါ်အေးအေးမော်၊ ဦးမိုး–ဒေါ်မြမြထွေး၊ ဦးအေးကို–ဒေါ်မြင့်မြင့်သန်း၊ ဦးလှမင်း–ဒေါ်နွဲ့နွဲ့မူ၊ ဦးသိန်းဆွေ–ဒေါ်သန်းသန်းမြင့်၊ ဦးစန်းလွင်–ဒေါ်ယဉ်ယဉ်ဌေး၊ ဦးညွန့်လွင်–ဒေါ်ကြည်ကြည်မာ၊ဦးဝင်းနိုင်–ဒေါ်တူးတူးမာ၊ ဦးသောင်းလှိုင်–ဒေါ်သန်းသန်းဌေး၊ ဦးလှထွေး–ဒေါ်အေးအေးမော်တို့၏တူ၊ မောင်ဝင်းမင်းထွန်း၊ (ဆ–သ–ရ)–မမြသူဇာလွင်၊ မောင်စိုးသူဝင်း (အဌမတန်း(A) အောင်ဆန်းသူရိယ လှသောင်းကျောင်း)တို့၏အစ်ကို၊ မောင်မင်းသိန်းခိုင်၏ဘကြီး၊ ၄၅/၁၀၉၀(က)၊ ထုံးပုံစုနေ ဦးခင်မောင်ဝင်း–ဒေါ်ပြုံးပြုံးကြည်တို့၏ ချစ်စွာသောသားကြီးဖြစ်သူသည် ၉–၇–၂၀၀၄(သောကြာနေ့)တွင် ကွယ်လွန်သွားပါ၍ ၁၃–၇–၂၀၀၄ (အင်္ဂါနေ့) မွန်းလွဲ ၂နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။

နေအိမ်မှကားများ မွန်းလွဲ ၁နာရီတွင် ထွက်ပါမည်။ ကျန်ရစ်သူမိသားစု။

စားပွဲနှင့်ကုလားထိုင်များငှားရန်

အလှူ၊ ထိမ်းမြားမင်္ဂလာ၊ အစည်းအဝေး အခမ်းအနားများတွင် ခေတ်မီ ပလတ်စတစ် စားပွဲနှင့် ကုလားထိုင်များ ဈေးနှုန်းသက်သာစွာဖြင့် ငှားရမ်းနေပါသည်။ နံနက်၉း၃၀နာရီမှ ညနေ ၄း၃၀နာရီ အတွင်း ဆက်သွယ်နိုင်ပါသည်။ **၂၂၈၊ သိမ်ဖြူလမ်း၊ ဗိုလ်တထောင်မြို့နယ်၊ဖုန်း–၂၄၅၆၄၅။**

ဘုရား၊ ကျောင်း၊ ရဟန်းဒါယိကာမကြီး
ဒေါ်ကျင်ဟုန်
အသက်(၈၄)နှစ်

ပဲခူးတိုင်း၊ ဖြူးမြို့၊ အမှတ်–၇၃၊ ပဲခူးလမ်းမြောက်ပိုင်းနေ(ဦးလေးကန်)၏ဇနီး၊ ဦးအောင်ကြည်–ဒေါ်ရှုဝ့်၊ ဦးတင်လှိုင်–ဒေါ်ရင်မော်၊ ဦးတင်ကြီး–ဒေါ်ခင်ရွှေ၊ ဦးတင်စိန်–ဒေါ်မြသီ၊ ဦးတင်အေး–ဒေါ်ကျင်ထွေး၊ မလှမြင့်၊ ကိုဟုတ်စိန်–မအေးအေးခိုင်၊ ကိုထိန်လင်း–မအေးအေးရီတို့၏ကျေးဇူးရှင်မိခင်ကြီး၊ မြေး(၂၄)ယောက်၊ မြစ်(၂)ယောက်တို့၏အဘွားသည် ၁၀–၇–၂၀၀၄ရက်တွင် အထက်ပါနေအိမ်၌ ကွယ်လွန်သွားပါ၍ ၁၂–၇–၂၀၀၄(တနင်္လာနေ့)မွန်းလွဲ ၁နာရီတွင် အရှေ့သုသာန်၌ ဂူသွင်းသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း။

ကျန်ရစ်သူမိသားစု။

ခရစ်တော်၌အိပ်ပျော်ခြင်း
Tg Zam Khan Dal
အသက်(၂၀)

စစ်ကိုင်းတိုင်း၊ ကလေးမြို့၊ တာဟန်းရပ်ကွက်နေ U Suan Hen Thang-Daw Vung Nuam တို့၏သားကြီး၊ Tg.Vungh Lam Khai Vungh Sian Saw Cing, Tg Cin Khan Muan၊ Vungh Khan Huai တို့၏အစ်ကိုကြီးသည် လှည်းကူးပြည်သူ့ဆေးရုံတွင် ၁၀–၇–၂၀၀၄နေ့ မွန်းတည့်၁၂နာရီတွင် ခရစ်တော်၌ အိပ်ပျော်သွားပါ၍ ၁၄–၇–၂၀၀၄ (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၁နာရီတွင် ရေဝေးခရစ်ယာန်သချိုင်း၌ ဝတ်ပြုဆုတောင်းပြီး သင်္ဂြိုဟ်ပါမည်။ (ကားများကို ရန်ကုန်စီးယင်းနှစ်ခြင်း အသင်းတော် အမှတ်–၁၅၂၊ ဗိုလ်မြတ်ထွန်းလမ်း၊ ဗိုလ်တထောင်နှင့် တိုက်အမှတ်–၂၅၃၊ အခန်း(၁၀)၊ အရှေ့ရန်ကင်း(၂) ရပ်ကွက်တို့မှ မွန်းတည့် ၁၂နာရီတွင် ထွက်ပါမည်။

ကျန်ရစ်သူမိသားစု။

ပုလောမြို့နယ်အသင်း(ရန်ကုန်)
ဦးဟုန်ရှင်
အသက်(၈၀)
အသင်းဝင်အမှတ်(၂၄၁)
တိုင်းမြေစာရင်းဦးစီးဌာနမှူး(ငြိမ်း)

တနင်္သာရီတိုင်း၊ ပုလောမြို့၊ အမှတ်(၂)ရပ်ကွက်၊ အား/ကာလမ်းနေ(ဒေါ်သန်းပို)၏ခင်ပွန်း ဦးဟုန်ရှင်သည် ၉–၇–၂၀၀၄ရက်တွင် ကွယ်လွန်ပါ၍ ၁၁–၇–၂၀၀၄ရက် မွန်းတည့် ၁၂နာရီတွင် ပုလောမြို့ သုသာန်၌ သင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း၊ အသင်းသားများအား အကြောင်းကြားပါသည်။

အမှုဆောင်အဖွဲ့။

ရဟန်း၊ ကျောင်း ဒါယိကာမကြီး
ဒေါ်လှလေး (၆၉)နှစ်
(တောပု၊ မုံရွာ၊ နှင်းဆီကုန်း)

ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ အောင်မင်းခေါင်(၁)လမ်း၊ အိမ်အမှတ်(၅၀)နေ (ဦးကံမင်း–ဒေါ်ရွှံ)တို့၏သမီး၊ (ဦးတင်)၏ဇနီး၊ ဦးမြင့်ဆွေဆွေ–ဒေါ်ခင်ဝင်း၊ ဦးညွန့်ဆွေ–ဒေါ်နီလာရွှေ၊ ဦးသန်း ဆွေ–ဒေါ်သန်းသန်းမြင့် (ပါဝါ အီလက်ထရွန်နစ်)၊ ဦးစိုးမြင့်နိုင်–ဒေါ်ခင်မမကြီးတို့၏မွေးသမိခင်၊ မောင်မြတ်သူ၊ မအေးအေးမွန်၊ မောင်နေဇော်၊ မောင်နန္ဒ၊ မောင်စည်သူတို့၏ချစ်လှစွာသောအဘွားသည် ၉–၇–၂၀၀၄ရက်တွင် အထက်ပါနေအိမ်၌ ကွယ်လွန်သွားပါ၍ ၁၃–၇–၂၀၀၄(အင်္ဂါနေ့) မွန်းတည့် ၁၂နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၁၀း၃၀နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

(မြစ်ကြီးနားအသင်း)
ဦးရွှေဒေါင်း (၆၄)နှစ်
(မိုးကောင်း)
(ညွှန်မှူး၊ ငြိမ်း၊ စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာန

မိုးကောင်းမြို့(ဦးကံဆောင်၊ ဒေါ်အေးရင်)တို့၏သား၊ မြစ်ကြီးနားမြို့ (ဦးဝမ်ကင်း)၊ ဒေါ်ရင်တို့၏သားသမက်၊ (ဦးစောလွင်)၊ ဦးသန်းလွင် (လထအင်ယာ၊ ရေသန့်)၊ ဒေါ်ခင်မြဝင်း၊ ဒေါ်ခင်မြဆွေတို့၏အစ်ကို၊ ရန်ကုန်မြို့၊ ဒဂုံမြို့နယ်၊ နဝဒေးလမ်း၊ အမှတ်–၁၇(အေ)၊ တိုက်(ဘီ)၊ အခန်း(၅၀၂)နေ ဒေါ်စိန်စိန်ကြည်၏ခင်ပွန်းသည် ၉–၇–၂၀၀၄ရက်တွင် ကွယ်လွန်ပါ၍ ၁၁–၇–၂၀၀၄တွင်ရေဝေးသုသာန်၌မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း အသင်းသားများအား အကြောင်းကြားပါသည်။

အမှုဆောင်အဖွဲ့။

သထုံအသင်း
ဦးအုန်းကြိုင် (၉၃)နှစ်
ယစ်မျိုးမှူး (ငြိမ်း)

ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ ဘောက်ထော်၊ အမှတ်–၇(က)၊ စွန်းလွန်းဂူကျောင်းလမ်းနေ ရာသက်ပန်အသင်းဝင် ဦးကိုကိုလေး၏ဖခင်၊ရာသက်ပန်အသင်းဝင် ဦးအုန်းကြိုင် ယစ်မျိုးမှူး(ငြိမ်း)သည် ၉–၇–၂၀၀၄ရက် (သောကြာ)နေ့တွင် ကွယ်လွန်သွားပါ၍ ယင်းနေ့မွန်းလွဲ ၁း၃၀နာရီတွင် သင်္ဂြိုဟ်ပြီးစီးပါကြောင်း။

အမှုဆောင်အဖွဲ့။

ဘုရား၊ ကျောင်း၊ သိမ်၊ ဇရပ်၊ ရဟန်း ဒါယိကာမကြီး
ဒေါ်ခင်ပု
အသက်(၈၇)နှစ်

ရန်ကုန်တိုင်း၊ စမ်းချောင်းမြို့နယ်၊ လင်းလွန်း(တောင်)ရပ်ကွက်၊ အမှတ်(၆)၊ ကျိုက်လတ်လမ်းနေ(ဦးဘအုန်း–ဒေါ်အောင်)တို့၏သမီး၊ (ဦးလှမောင်)၏ဇနီး၊ မောင်ဇော်မိုးထွန်း၊ မောင်အောင်ဇော်မိုး၊ မောင်သန်းဇော်မိုး၊ မမိုးအေးသစ်၊ မမိုးစန္ဒာအေး၊ မောင်ဇော်ဟိန်းထိုက်၊ မောင်ကိုကိုလင်း–မသီတာဆွေ၊ သီဟန်လင်း၊ ကိုကိုကျော်၊ သဇင်မြင့်အောင်၊ မောင်ထိုက်စိုး၊ မောင်ထက်သူ၊ ဇွန်ပွင့်လှိုင်၊ ကိုကိုအောင်၊ ချယ်ရီလှိုင်၊ စိုးထက်ဦးတို့၏အဘွား၊ ဟန်နွေစော၏ဘွားဘွားကြီးသည် ၁၁–၇–၂၀၀၄(တနင်္ဂနွေ)နေ့ နံနက် ၉း၄၅နာရီတွင် ကွယ်လွန်သွားပါ၍ ၁၃–၇–၂၀၀၄ (အင်္ဂါနေ့) မွန်းလွဲ ၁ နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင် သုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပါမည်။ နေအိမ်မှကားများ မွန်းတည့် ၁၂နာရီတွင် ထွက်ပါမည်။

ကျန်ရစ်သူမြေးမြစ်များ။

(ဘုရားကျောင်း၊ သိမ်ဇရပ် ရဟန်းဒါယိကာမကြီး)
ဒေါ်ခင်ပု (၈၇)နှစ်

ရန်ကုန်တိုင်း၊ စမ်းချောင်းမြို့နယ်၊ လင်းလွန်း(တောင်)ရပ်ကွက်၊ အမှတ်(၆)၊ ကျိုက်လတ်လမ်းနေ(ဦးဘအုန်း–ဒေါ်အောင်)တို့၏သမီး၊(ဦးလှမောင်)၏ဇနီး၊ ဦးစိန်မြင့်(စာရင်းစစ်မှူး၊ ငြိမ်း)–ဒေါ်စန်းမြင့်–ဦးကြည်မြင့် (ညွှန်/မှူး သစ်တော)–ဒေါ်သောင်းရီ(စာရင်းစစ်မှူး၊ ငြိမ်း)–(ဦးဝင်းအောင်–ဒေါ်ခင်သန်းဆွေ)၊ ဦးမြင့်အောင်(မြန်မာ့မီးရထား)–ဒေါ်ဝင်းသိန်း၊ ဒုအရာခံဗိုလ်လှထွန်း(နည်းပြ အလေးမအဖွဲ့ချုပ်)–ဒေါ်ခင်အုန်းမြင့်၊ ဦးကြည်လှိုင်–ဒေါ်ရီရီချို၊ ဦးသန်းထိုက်စိုး–ဒေါ်အေးအေးချိုတို့၏မွေးသမိခင် မြေး၁၇ယောက်၊ မြစ်တစ်ယောက်တို့၏အဘွားသည် ၁၁–၇–၂၀၀၄(တနင်္ဂနွေ)နေ့ နံနက်၉း၄၅နာရီတွင် ကွယ်လွန်သွားပါ၍ ၁၃–၇–၂၀၀၄နေ့ မွန်းလွဲ ၁နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။

နေအိမ်မှကားများ မွန်းတည့်၁၂နာရီတွင် ထွက်ပါမည်။

ကျန်ရစ်သူသား၊ သမီးများ။

ဒေါ်သန်းစိန် အသက်(၉၀)
(BA.,DT)
အငြိမ်းစားကျောင်းဆရာမကြီး (စစ်ကိုင်း)

ရန်ကုန်မြို့၊ ဒဂုံမြို့နယ်၊ အမှတ်(၄၉)၊ ယောမင်းကြီးလမ်းနေ (ဦးမိုန်ကြူ–ဒေါ်မိမိ)တို့၏ သမီး၊ (ဦးလှမောင်)၏ ဇနီး၊ (ဦးအုန်းစိန်–ဒေါ်ခင်ပု)၊ (ဦးကျော်မြင့်–ဒေါ်မြစိန်)တို့၏ ညီမ၊ (ဦးဘိုနီ)–ဒေါ်လှစိန်၊ (ဗိုလ်မှူးကြီးထွန်းစိန်)–ဒေါ်သောင်းသောင်းတို့၏အစ်မ၊ ဒေါက်တာဦးခင်ဖေလင်း–(ဒေါက်တာဒေါ်အမာစိန်)၊ ဗိုလ်ကြီးမောင်တင်(ငြိမ်း)–ဒေါ်ခင်အေးကြည်၊ (ဒေါ်ခင်အေးစီ)၊ ဗိုလ်မှူးခင်မောင်သွင်(ငြိမ်း)–ဒေါ်ချိုချိုအေး(တိုးတိုး)တို့၏မိခင်၊ မြေး၁၁ယောက်တို့၏ အဘွား၊ မြစ်ငါးယောက်တို့၏ ဘွားဘွားကြီးသည် ၁၁–၇–၂၀၀၄ ရက်တွင် ကွယ်လွန်သွားပါ၍ ၁၃–၇–၂၀၀၄ (အင်္ဂါနေ့) ညနေ ၃ နာရီတွင် အထက်ပါနေအိမ်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှ ကားများ မွန်းလွဲ ၂နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

ဒေါ်သန်းစိန် အသက်(၉၀)
(B.A.,DT)
အငြိမ်းစားကျောင်းဆရာမကြီး (စစ်ကိုင်း)

ရန်ကုန်မြို့၊ အမှတ်(၄၉)၊ ယောမင်းကြီးလမ်း၊ ဒဂုံမြို့နယ်နေ (ဦးမိုန်ကြူ–ဒေါ်မိမိ)တို့၏သမီး၊(ဦးလှမောင်)၏ဇနီး၊ ဦးထွန်းဦး–Dr.ဒေါ်တင်နွယ်ဦး၊ ဦးတင်အောင်ဝင်း၊ ဒေါ်ခင်ဝင်းဝင်း၊ Dr.ဌေးဝင်း–Dr.တင်နွယ်အေး၊ Dr.တင်အောင်လင်း–ဒေါ်သင်းသင်းဝါ၊ (ဦးထွန်းခိုင်လင်း)၊ ဦးထွန်းကြိုင်လင်း၊ ဦးကျော်နိုင်လင်း၊ Dr.သဲမြတ်သွင်၊ ကိုနန္ဒသွင်၊ မသက်ဝေလင်းနှင့် မစုထွေးသွင်တို့၏အဘွား၊ ကျော့တင်ဇာ၊ သက်နွယ်ဦး၊ ပြည့်ဖြိုးမောင်၊ အေးစုတင်ဇာ၊ အေးအိန္ဒြာလင်းတို့၏ ဘွားဘွားကြီးသည် ၁၁–၇–၂၀၀၄ရက်တွင် ကွယ်လွန်ပါ၍ ၁၃–၇–၂၀၀၄ (အင်္ဂါနေ့) ညနေ၃နာရီတွင် အထက်ပါနေအိမ်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ၂နာရီတွင်ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

ဝမ်းနည်းကြေကွဲခြင်း
ဦးထွန်းအောင်(၇၂)နှစ်
(မန္တလေး)

မန္တလေးမြို့၊အမှတ်(၄၀၂)၊လမ်း(၈၀)၊(၂၄)လမ်းနှင့်(၂၅)လမ်းကြားနေ ဒေါ်မြသိန်း(ယူနီဗာဆယ် လက်ဖက်ခြောက်)၏ခင်ပွန်း၊ကိုစိုးမင်း–မသီဂီ၊ မမို့မို့၊ ကိုမြတ်ကောင်း–မနွယ်နီအေး၊ ကိုစိုင်းဝင်းလွင်– မနန်းမြတ်ကေခိုင်တို့၏ဖခင်၊ မြေးခြောက်ယောက်တို့၏ အဘိုးသည် ၄–၇–၂၀၀၄ရက်တွင် ကွယ်လွန်ကြောင်းသိရ၍ မိသားစုနှင့်ထပ်တူဝမ်းနည်းကြေကွဲရပါကြောင်း။

မန်နေးဂျင်းဒါရိုက်တာနှင့် ဝန်ထမ်းများ OWL TEA MIX.

ဦးအောင်မြင့် (၈၈)နှစ်
ရေနံ–မနိတော(အငြိမ်းစား)
(စစ်ကွင်း)

စစ်ကွင်းမြို့၊ သနာဘိုကျေးရွာနေ (ဦးဘိုးသီ–ဒေါ်စိုးမေ)တို့၏သား၊ ရန်ကုန်တိုင်း၊ ဒဂုံမြို့သစ်မြောက်ပိုင်း၊ (၄၆) ရပ်ကွက်၊ စံရိပ်ငြိမ်လမ်း၊ အမှတ် (၁၆၇)နေ (ဒေါ်ရင်မြ)၏ခင်ပွန်း၊ ဦးဝမ်းတင် (တွဲဖက်တိုင်းအခွန်ဦးစီးမှူး၊ ရန်ကုန်တိုင်း)၊ ဒေါ်ဌေးဌေးတင်တို့၏ဖခင်၊ မောင်ဇေယျာဝမ်း၊ မအိအိခိုင်၊ မောင်အောင်သူဟန်တို့၏ အဘိုးသည် ၁၂–၇–၂၀၀၄ရက်တွင် နေအိမ်၌ ကွယ်လွန်သွားပါ၍ ၁၄–၇–၂၀၀၄ (ဗုဒ္ဓဟူးနေ့) ညနေ ၄ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှ ကားများ ညနေ ၃နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ဘုရား၊ ရဟန်း၊ ကျောင်းဒါယကာကြီး
ဦးဘထွန်း (၈၆) နှစ်
(ကျိုက်လတ်–အောင်လံ)

အောင်လံမြို့၊ ကန်ကြီးရပ်၊ လမ်းမတော်လမ်းနေ (ဦးမောင်ငယ်–ဒေါ်ယု)တို့၏သား၊ (ဒေါ်အုံးကြည်)၏ခင်ပွန်း၊ ဦးတင်လွန်း–(ဒေါ်ခင်ညို)၊ (ဦးတင်ရွှေ)–ဒေါ်ထွေးတို့၏အစ်ကို၊ အောင်လံမြို့၊ ကျွဲခြံကျောင်းတိုက် ဦးတေဇ၏ ခမည်းတော်၊ ဦးဒေါ–ဒေါ်တင်အေး၊ ဒေါ်စန်းစန်းနွဲ့၊ ဦးအောင်ကျော်စိုး–ဒေါ်ကြည်ကြည်မြင့်၊ဒေါ်ခင်ဆွေ၊ဒေါ်အေးအေးဆွေတို့၏ဖခင်၊ မြေးငါးယောက်တို့၏ အဘိုးသည် ၁၁–၇–၂၀၀၄ ရက်တွင် ရန်ကုန်ဆေးရုံကြီး၌ ကွယ်လွန်သွားပါ၍ ၁၃–၇–၂၀၀၄ (အင်္ဂါနေ့) မွန်းလွဲ ၂နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပါမည်။ အမှတ်(90-2/B)အုန်းပင်လမ်း ကြည့်မြင်တိုင်မြို့နယ် နေအိမ်မှကားများ မွန်းလွဲ ၁၂း၃၀နာရီတွင် ထွက်ခွာပါမည်။

ကျန်ရစ်သူမိသားစု။

ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး
ဦးသောင်း (၇၈)နှစ်
(ကွမ်းခြံကုန်း၊ညောင်ငူကျေးရွာ)

ရန်ကုန်တိုင်း၊ ကွမ်းခြံကုန်းမြို့နယ်၊ ညောင်ငူကျေးရွာနေ(ဦးစိန်ခို–ဒေါ်လှမင်း)တို့၏သား၊ ရန်ကုန်တိုင်း၊ တောင်ဥက္ကလာပမြို့နယ်နေ (ဦးလှသိန်း–ဒေါ်ခင်ညွှန့်) တို့၏သားသမက်၊ ဦးလှမောင်(ခ) ဦးဝင်း–ဒေါ်တင်တင်တို့၏ အစ်ကိုကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ (၇)ရပ်ကွက်၊ မင်းရဲကျော်စွာ ၂လမ်း၊ အမှတ်(၄၉၈)နေ ဒေါ်ဝင်းရီ၏ ချစ်လှစွာသော ခင်ပွန်း၊ ကိုနိုင်စိုး(စည်ပင်)–မခင်ခင်ကြူ၊ ကိုသန်းဇော်–မသောင်းဌေး၊ ကိုမြင့်ဇော်–မဝင်းဌေး၊ ကိုအုံ့ဇော်(E/EPTL)–မခင်ခင်ဌေး၊ ကိုစောမြင့်ဆွေ–မသူဇာဝင်း၊ ကိုခန့်ဇော်–မနီလာတို့၏ချစ်လှစွာသော မွေးသဖခင်၊ မြေး ၁၅ယောက်၊ မြစ်တစ်ယောက်တို့ အဘိုးသည် ၁၁–၇–၂၀၀၄(တနင်္လာနေ့) နံနက် ၁၁း၅၀နာရီတွင် အထက်ပါနေအိမ်၌ ကွယ်လွန်သွားပါ၍ ၁၅–၇–၂၀၀၄ (ကြာသပတေးနေ့) မွန်းလွဲ၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင် မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းတည့် ၁၂နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူ မိသားစု။

ခရစ်တော်၌အိပ်ပျော်ခြင်း
ဒေါ်ချစ်စီ (၈၅) နှစ်
မော်ကွန်းဝင်တတိယဆင့်
သူနာပြုအုပ်(ငြိမ်း)၊
ရန်ကုန်အရှေ့ပိုင်းဆေးရုံကြီး

ရန်ကုန်မြို့၊ အမှတ်(၅/က)၊ သီရိမာလာလမ်း၊ သဃ်န်းကျွန်းမြို့နယ်နေ (Rev: O.B ဇက်ကီး–ဒေါ်အေးယဉ်)တို့၏ သမီး၊ (ဗိုလ်မှူးဒေါ်ခင်စီ)၏ ညီမ၊ (ဦးမိုး)၊ (ဒေါ်ထွေးစီ)၊ (ဦးညွှန့်)တို့၏ အစ်မ၊ ကိုပြည့်စုံအောင်–မခင်သန္တာတို့၏ မိခင်၊ တူ၊တူမ ၁၄ ယောက်တို့၏ အဒေါ်၊ မြေး ၃၆ ယောက်တို့၏အဘွားသည် ၁၂–၇–၂၀၀၄ရက် နံနက် ၁၂း၃၀ နာရီတွင် ခရစ်တော်၌ အိပ်ပျော်သွားပါ၍ ၁၄–၇–၂၀၀၄ ရက် မွန်းလွဲ၁နာရီတွင် ဒဂုံမြို့နယ်၊ အလံပြဘုရားလမ်း၊ မက်သဒစ် အင်္ဂလိပ် အသင်းတော်၌ ဝတ်ပြုကိုးကွယ်ပြီး မွန်းလွဲ ၂နာရီတွင် ရေဝေးခရစ်ယာန်သုသာန်သို့ ပို့ဆောင် ဂူသွင်းသင်္ဂြိုဟ်ပါမည်။

ကျန်ရစ်သူမိသားစု။

ဒေါ်ကျင်မြ (၆၈)နှစ်
ဦးစီးအရာရှိ(ငြိမ်း)
ပြည်တွင်းအခွန်များဦးစီးဌာန
(သန်လျင်)

ရန်ကုန်တိုင်း၊ သန်လျင်မြို့၊ ဈေးချိုလမ်း၊ အမှတ်(၁၀)နေ၊ (ဦးစီ–ဒေါ်လှခင်)တို့၏သမီး၊ (ဒေါ်မြစိန်)၏တူမ၊ ရန်ကုန်တိုင်း၊ အင်းစိန်မြို့နယ်၊ ဘုန်းကြီးလမ်းနေ ယစ်မျိုးအရာရှိ (ဦးဖိုးဝန်–ဒေါ်စိန်ခင်)တို့၏သမီးချွေးမ၊ ရန်ကုန်တိုင်း၊ သန်လျင်မြို့နေ ဦးကျော်လှ–ဒေါ်စိန်ကြည်၊ ဦးလှရွှေ– ဒေါ်ကြင်အေးတို့၏ညီမ၊ (ဦးမြဟန်၊ ဦးစီးအရာရှိ၊ ပြည်တွင်းအခွန်များဦးစီးဌာန–ငြိမ်း)၏ဇနီး၊ ဦးသန်းအောင်–ဒေါ်စန်းစန်းမြင့်၊ ဒေါ်မြင့်မြင့်ကြည်၊ ဦးမြင့်သူ–ဒေါ်ခင်စိုးရှိန်၊ ဦးဇော်မင်းဟန်–ဒေါ်ဝင်းမို့မို့အေးတို့၏မိခင်၊ မောင်ပြည့်ဖြိုးကျော်၊ မောင်မျိုးမင်းဟန်၊ မခိုင်ခိုင်ထွန်းတို့၏အဘွားသည် ၁၂–၇–၂၀၀၄ ရက်တွင် ကွယ်လွန်သွားပါ၍ ၁၄–၇–၂၀၀၄ (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၁ နာရီတွင် ဗိုလ်ချုပ်သုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပါမည်။

ကျန်ရစ်သူမိသားစု။

ကိုနေဝင်း (၄၆) နှစ်
ASIA Express Co., Ltd.

(ဦးတင်ရွှေ–ဒေါ်ခင်စောဦး) တို့၏ သား၊ ဦးအောင်မြင့်(MD, Moon Beam Travels & Tours)–ဗိုလ်ကြီးဒေါ်နွဲ့နွဲ့ (ငြိမ်း)၊ ဦးတင်မောင်ဝင်း (Manager၊ ASIA Express Co., Ltd)–ဒေါ်မူမူသိန်း (အထက–၆၊ အလုံ)၊ ဦးကျော်ဌေး–ဒေါ်မြင့်မြင့်သန်း၊ ရန်ကုန်မြို့၊ မြောက်ဥက္ကလာပမြို့နယ်၊ (င)ရပ်ကွက်၊ သန္တာ(၈)လမ်း၊ အမှတ်(၃၇)နေ ဦးရန်ကျော်–ဒေါ်ခင်အေးမြင့်တို့၏ ညီ/မောင်၊ တူ၊ တူမကိုးယောက်တို့၏ ဦးလေးသည် ၁၂–၇–၂၀၀၄ရက်တွင် ကွယ်လွန်သွားပါ၍ ၁၄–၇–၂၀၀၄(ဗုဒ္ဓဟူးနေ့) မွန်းလွဲ၂ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (အထက်ပါ နေအိမ်မှကားများ မွန်းလွဲ ၁ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

ဦးလွင်(၈၉)နှစ်
(ဇီးကုန်း)

ပဲခူးတိုင်း၊ ဇီးကုန်းမြို့နေ (ဦးစံတိုင်း–ဒေါ်ဒေါ်ညွှန့်) တို့၏သား၊ ရန်ကုန်မြို့တော်ဝန်ဟောင်း(ဦးဘကလေး–ဒေါ်တင်တင်အေး)တို့၏သားသမက်၊ ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ မြေနုလမ်း၊ အမှတ်(၁၄)၊(၇)လွှာနေ ဒေါ်တင်တင်ကလေး၏ ခင်ပွန်း၊ (ဦးသိန်းလွင်)၊ဦးအောင်စိုးသိန်း–ဒေါ်ပြုံးပြုံးလွင်၊ ဒေါ်ချိုချိုလွင်၊ ဦးသန်းထွဋ်–ဒေါ်စိုးစိုးလွင်၊ ဦးစိမ့်ကြီး–ဒေါ်အေးအေးလွင်၊ ဦးအောင်လွင်တို့၏ ကျေးဇူးရှင်မွေးသဖခင်၊ မြေး သုံးယောက်တို့၏ အဘိုးသည် ၁၁–၇–၂၀၀၄ ရက်တွင် ကွယ်လွန်သွားပါ၍ ယင်းနေ့တွင် ရေဝေးသုသာန်၌ သင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း။

ကျန်ရစ်သူမိသားစု။

ဘုရား၊ရဟန်း၊သိမ်၊ကျောင်း၊ဇရပ်ဒါယကာကြီး
ဦးကောက်သိန်း(၇၈) နှစ်

ရန်ကုန်တိုင်း၊ သာကေတမြို့နယ် (၁၀)ရပ်ကွက်၊ ရတနာပုံ၁လမ်း၊ တိုက်အမှတ်(၈၉)၊ အခန်း(၂၀၂)နေ ဒေါ်ခင်တုတ်၏ခင်ပွန်း၊ဒဂုံတောင်(၂၂)ရပ်ကွက်၊ ပဋ္ဌာန်ပတ္တိ ဘုရားလေးကျောင်းတိုက်၏ ကျောင်းထိုင်ဆရာတော် ဦးတေဇနိယ၊ ဦးသန်းထွန်း၊ ကိုအေးထွန်း–မသိန်းမြင့်၊ မချိုချိုမာ၊ ကိုမောင်မောင်မြင့်–မသူဇာသန်း၊ မလှလှချိုတို့၏ မွေးသဖခင်၊ မောင်ချစ်လင်းဦး၊ မချိုမီမီထွန်း၊ ဖူးဖူးမောင်တို့၏အဘိုးသည် ၁၁–၇–၂၀၀၄ ရက်တွင် ကွယ်လွန်ပါ၍ ၁၃–၇–၂၀၀၄ (အင်္ဂါနေ့) ညနေ ၄း၃၀ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (အထက်ပါနေအိမ်မှကားများ ညနေ ၃နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

ဘုရား၊ ရဟန်း၊ ထီး၊ သိမ်၊ ကျောင်း၊ ဇရပ်၊ တံတိုင်း၊ ရေကန် ဒါယကာကြီး
ဆရာကြီး ဦးဇော်ဖေ (၆၇)နှစ်
လူမှုဖူလုံရေးအဖွဲ့(ငြိမ်း)

ရန်ကုန်တိုင်း၊ ပုဇွန်တောင်မြို့နယ်၊ (၁၀)ရပ်ကွက်၊ အမှတ်(၁၁၇/၂၄)နေ (ဦးလှိုင်–ဒေါ်ညိုတင့်)တို့၏ သားကြီး၊ (ဦးစိုးလှိုင်–ဒေါ်ငြိမ်းငြိမ်း)တို့၏ သားသမက်၊ [ဒေါ်ဘေဘီ(ခ)ဒေါ်မြသန်း]၏ ခင်ပွန်း၊ ဦးဟန်သိန်း(မြန်မာ့မီးရထား–ငြိမ်း)–ဒေါ်ခင်ရီ၊ဦးဇော်ညွှန့် (ကုန်သွယ်/နယ်စပ်–ငြိမ်း)–ဒေါ်ယဉ်ကြည်၊ ဦးဇော်သိန်းတိုး(မြန်မာ့မီးရထား၊မော်တော်ယာဉ်)–ဒေါ်ဖွားကြည်၊ဦးတင်စိုး(ဆသရ၊ Auto တယ်လီဖုန်း)–ဒေါ်အမာကြည်၊ ဦးမျိုးညွှန့် – ဒေါ်ခင်သန်းအေး(မန်နေဂျာ၊ စက်မှု/စားကုန်)၊ (ဒုတိယဗိုလ်မှူးကြီး ခင်မောင်သန်း) – ဒေါ်မေစန်းမြင့်၊ ဒေါ်အေးမိစံတို့၏ ညီ/အစ်ကို၊ တူ၊တူမ ၂၀ ယောက်တို့၏ ဦးလေး၊ မြေး ၁၁ ယောက်တို့၏အဘိုးသည် ၁၁–၇–၂၀၀၄ ရက်တွင် ကွယ်လွန်သွားပါ၍ ၁၃–၇–၂၀၀၄(အင်္ဂါနေ့)ညနေ၅နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှ ကားများ ညနေ ၄နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူဆွေမျိုးတစ်စု။

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ပိဋကတ်သုံးပုံ၊ ဓမ္မာရုံ ဒါယိကာမကြီး
ဒေါ်ခင်မာလေး(ခ)Shirley Saw အသက် (၆၇) နှစ်
၉မိုင် မဟာစည်ယောဂီဟောင်း

ရန်ကုန်မြို့၊ ကမ္ဘာအေးစေတီလမ်း၊ ပြည်တော်အေးရိပ်သာ၊ ခြံအမှတ်(၄) (ရွက်လှမြိုင်)နေ [ဦးချိန်စွမ်(ခ)စောချစ်ကူး–ဒေါ်ကြင်မှုံ]တို့၏ သမီးလတ်၊ (တက္ကသိုလ်စိုးမြင့် – ဒေါ်အေးမြင့်)၊ ဦးကြည်–ဒေါ်ခင်မြင့်မြင့်၊ ဦးအောင်သွင်–ဒေါ်ခင်ငြိမ်းလွင်၊ (ဦးတင်ဝင်း)–ဒေါ်ပိုပိုတို့၏ညီမ၊ ဦးမောင်မောင်မြင့်–ဒေါ်ဌေးဌေးလှိုင်၊ ဦးအောင်ကျော်ဦး–ဒေါ်ခင်ကြည်ရွှေ၊ ဦးမြင့်စိုး–ဒေါ်ဝါဝါကြိုင်တို့၏ အစ်မ၊ တူ၊ တူမ ၂၈ ယောက်တို့၏ ကြီးဒေါ်၊ မြေးရစ်ယောက်တို့၏ ဘွားလေးသည် ၁၁–၇–၂၀၀၄ ရက်တွင် ရွှေဂုံတိုင် အထူးကုဆေးခန်း၌ ကွယ်လွန်သွားပါ၍ ၁၃–၇–၂၀၀၄(အင်္ဂါနေ့) နံနက်၁၀ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင် မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက်၉ နာရီတွင်ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ဦးသန်းစိုး(၄၃)နှစ်
(ဟင်္သာတ)

ဟင်္သာတမြို့၊ အေးမြသာယာရပ်ကွက်နေ (ဦးချစ်မောင်)–ဒေါ်ကြည်တို့၏သား၊ လားရှိုးမြို့နေ (ဦးခမ်းလူ–ဒေါ်ကြည်မြိုင်)တို့၏ သားသမက်၊ ရန်ကုန်တိုင်း၊ တောင်ဥက္ကလာပမြို့နယ်၊ (၉)ရပ်ကွက်၊ သူရ(၆)လမ်း၊ အမှတ်(၁၈၁/ခ)နေ ဒေါ်နန်းမြင့်မြင့်စိန်၏ ခင်ပွန်း၊ စိုင်းမြင့်မြတ်ကျော်၏ ချစ်လှစွာသောဖခင်သည် ၁၁–၇–၂၀၀၄ (တနင်္လာနေ့)တွင် အထက်ပါနေအိမ်၌ ကွယ်လွန်ပါ၍ ၁၃–၇–၂၀၀၄(အင်္ဂါနေ့) နံနက် ၁၀နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (အထက်ပါနေအိမ်မှကားများ နံနက် ၉နာရီထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ တန်ဆောင်း ဒါယကာကြီး
ဦးသိန်း အသက်(၁၀၀)
(တိုက်ကြီး)

ရန်ကုန်တိုင်း၊ တိုက်ကြီးမြို့၊ ဈေးရပ်ကွက်၊ အနောက်မြို့ပတ်လမ်း၊ အမှတ်(၁၂၀) နေ (ဒေါ်စောကြည်) ၏ခင်ပွန်း၊ ဦးစန်းမောင်–(ဒေါ်သန်းစိန်)တို့၏ဦးလေး၊ ဦးအောင်မြင့်–(ဒေါ်တင်အုန်း)၊ဦးထွန်းရီ–ဒေါ်အေးလှိုင်၊ဦးကြည်အုန်း–ဒေါ်အေးစန်းတို့၏ဖခင်၊ မြေး ၁၁ ယောက်၊ မြစ် ၁၁ ယောက်တို့၏ အဘိုး ဦးသိန်းသည် ၁၁–၇–၂၀၀၄ရက်တွင် ကွယ်လွန်သွားပါ၍ ၁၅–၇–၂၀၀၄ (ကြာသပတေးနေ့) မွန်းလွဲ ၂နာရီတွင် ဦးထွန်းရီ–ဒေါ်အေးလှိုင်တို့၏နေအိမ်မှ တိုက်ကြီးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပါမည်။

ကျန်ရစ်သူမိသားစု။

မအေးမြင့်မြတ်မောင် (၁၂)နှစ်
ဆဋ္ဌမတန်း (ရန်ကင်း၊ TTC)

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ အမှတ်(၈၅၀)၊ ဗြဟ္မစိုရ်လမ်း၊ (၄)ရပ်ကွက်နေ ဦးဘအုန်း–ဒေါ်စောမြိုင်၊ မန္တလေးမြို့နေ (ဦးစံတင်)–ဒေါ်အုံးကြည်တို့၏မြေး၊ ဗိုလ်မှူးကြီးဝင်းမောင်–ဒေါ်မြင့်မြင့်ကြည်တို့၏ ချစ်လှစွာသော သမီးထွေး၊ ဦးသန်းကြည်–ဒေါ်နုနုစိန်၊ ဦးဆန်းအောင်–ဒေါ်စန်းစန်းနွယ်၊ ဦးကိုကြီး–ဒေါ်အုံးကြင်၊ ဒေါ်ခင်ဝင်း၊ ဒေါ်ကြည်ကြည်ဝင်း၊ ဦးမောင်မောင်လေး၊ ဒေါ်အေးအေးမြင့်၊ ဒေါ်အေးအေးသိန်းတို့၏ တူမ၊ မောင်ရဲသူရဝင်း၊ မမေမြင့်မြတ်မောင် (အထက–၂၊ ဗဟန်း)တို့၏ ချစ်လှစွာသောညီမ မအေးမြင့်မြတ်မောင်သည် ၁၀–၇–၂၀၀၄ရက်တွင် ကွယ်လွန်သွားပါ၍ ၁၄–၇–၂၀၀၄ (ဗုဒ္ဓဟူးနေ့) မွန်းတည့် ၁၂နာရီတွင် တပ်မတော်ဆေးရုံကြီးမင်္ဂလာဒုံအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (တောင်ဥက္ကလာပနေအိမ်မှကားများ မွန်းတည့် ၁၂နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း အမကြီး
ဒေါ်အမာ(၇၈)နှစ်
ဂုဏ်ပိုးထည်တိုက်

ရန်ကုန်မြို့၊ အမှတ်၁/၃၊ (က) ရွှေတောင်ကြားရိပ်သာ၊ ဗဟန်းမြို့နယ်နေ (ဦးလှကြည်–ဒေါ်နှင်းညွှန့်)တို့၏ သမီး၊ ဦးဘုန်းမြင့်(လ/ထညွှန်မှူး၊ငြိမ်း၊ ရွှေနေချုပ်ရုံး)၏ ဇနီး၊ (ဦးညွှန့်မောင်–ဒေါ်ကြည်ကြည်)၊ ဦးကျော်ညွှန့်–ဒေါ်တင်ညွှန့်၊ (ဦးအေးကျော်)–ဒေါ်သန်းကြည် တို့၏ ညီမ၊ ဦးညွှန့်အောင် – (ဒေါ်မြင့်မြင့်)၊ ဒေါ်တင်ကြည်၊ ဦးမောင်မောင်–(ဒေါ်ဖူကြီ ကိုကြည်)တို့၏အစ်မ၊ ဒေါက်တာ မင်းဘုန်းမြင့်–မဥမ္မာဝင်း၊ မရတနာ ဘုန်းမြင့်၊ ကိုဘုန်းမင်းထွဋ်(ခန့်ထူးဖိနပ်လုပ်ငန်း)–မတင်ရီရီဦး(ပိုးပိုး)တို့၏မိခင်၊ မတင်ဇာမင်းမင်း(ဖူးဖူး)၊ မဆင်းစံဝတီ(ပူးပူး)တို့၏အဘွားသည်၁၂–၇–၂၀၀၄ ရက်တွင် ရွှေဂုံတိုင်အထူးကုဆေးခန်း၌ ကွယ်လွန်သွားပါ၍ ၁၆–၇–၂၀၀၄ (သောကြာနေ့) မွန်းလွဲ၂နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (အထက်ပါနေအိမ်မှကားများ မွန်းတည့်၁၂နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

ဒေါ်နုနု (၇၈)နှစ်
(ဝါးခယ်မ)

ရန်ကုန်တိုင်း၊ ရွှေပေါက်ကံမြို့သစ်၊ ကျန်စစ်သားလမ်း၊ အမှတ်(၂၀/၁၁၁)နေ ဦးစစ်ပု–ဒေါ်မယ်သီတို့၏သမီး၊ ဒုတိယဗိုလ်မှူးကြီးလှမြင့်(ငြိမ်း) – ဗိုလ်ကြီးဒေါ်မိုးမိုး(ငြိမ်း)တို့၏အဒေါ် ဒေါ်နုနုသည် ၁၂–၇–၂၀၀၄ရက်တွင်ကွယ်လွန်သွားပါ၍ ၁၄–၇–၂၀၀၄ရက် နံနက် ၁၀နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (အထက်ပါနေအိမ်မှကားများ နံနက် ၉း၄၅နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ရဟန်းဒါယကာကြီး
ဦးလှသွင်(၇၂)နှစ်
အလုံမြို့နယ်ပညာရေးမှူး(ငြိမ်း)
ဥက္ကဋ္ဌ၊ဝေနေယျသုခရေချမ်းစင်အသင်း
(မော်လမြိုင်ကျွန်းမြို့)

မော်လမြိုင်ကျွန်းမြို့နေ (ဦးဗိုလ်ကြီး–ဒေါ်စိန်တင့်)တို့၏သား၊ ရန်ကုန်မြို့၊ လမ်းမတော်မြို့နယ်၊(၅)လမ်း၊ အမှတ်(၅၉)(ပထမထပ်)နေ (ဒေါ်ဝင်းကြွယ်)၏ ခင်ပွန်း၊ (ဦးညွှန့်မောင်–ဒေါ်သန်းကြွေ)၊ (ဦးသာဆန်း၊ဒေါ်တင်နု)၊ ဦးသန်းနွဲ့–ဒေါ်ကျင်သိန်း၊[ဦးချစ်ဆွေ(စစစ–ညွှန်မှူး)–ဒေါ်သန်းမြင့်]တို့၏ညီ/မောင်၊ ဦးဆွေမြင့်–ဒေါ်ယဉ်ယဉ်ခိုင်၊ ဦးအောင်မိုးကျော်–ဒေါ်အေးအေးခိုင်(ရှုပဗေဒဌာန၊ ပြည်တက္ကသိုလ်)တို့၏ဖခင်၊ မြေးငါးယောက်တို့၏အဘိုး(မော်ကျွန်း၊ သုဝဏ္ဏ၊အထက ကန်တော့ခံဆရာကြီး)သည် ၁၁–၇–၂၀၀၄ရက်တွင်ကွယ်လွန်ပါ၍ ၁၃–၇–၂၀၀၄(အင်္ဂါနေ့)နံနက်၁၁နာရီတွင်ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင် မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၉း၃၀နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

ဒေါ်စိုးကြည် (၆၇)နှစ်
(ပဲခူး–သနပ်ပင်)

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ် (ဆ/၇)၊ အမှတ်(၁၀၁)နေ ဦးမျိုးလှ၏ ချစ်လှစွာသော ဇနီး၊ ဒေါ်ခင်မျိုးမျိုးကြည် (အထပြ၊အမက–၁၁)၊ ဗိုလ်မှူးအောင်မျိုး (ဒုတပ်ရင်းမှူး) – ဒေါ်သင်းသင်းသန်းတို့၏ ချစ်လှစွာသော ကျေးဇူးရှင်မိခင်၊ မောင်ခိုင်ခန့်အောင်၊မအင်ကြင်းမမအောင်တို့၏အဘွားသည် ၇–၇–၂၀၀၄ရက်တွင် ကွယ်လွန်သွားပါ၍ ၉–၇–၂၀၀၄ (သောကြာနေ့)မွန်းလွဲ၂နာရီတွင် မန္တလေးတောင်မြို့သုသာန်၌ သင်္ဂြိုဟ်ပြီးစီးကြောင်း ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။

ကျန်သူမိသားစု။

ဘုရား၊ ရဟန်း၊ ထီး၊ သိမ်၊ ကျောင်း၊ ဇရပ်၊ တံတိုင်း၊ရေကန် ဒါယကာကြီး
ဆရာကြီးဦးဇော်ဖေ အသက်(၆၇)နှစ်
လူမှုဖူလုံရေးအဖွဲ့(ငြိမ်း)

ရန်ကုန်တိုင်း၊ ပုဇွန်တောင်မြို့နယ်၊ (၁၀)ရပ်ကွက်၊လမ်း(၅၀)အပေါ်ဘလောက်၊ အမှတ်(၁၅၅)၊ ၅/၆ လွှာနေ (ဦးလှိုင်–ဒေါ်ညိုတင့်)တို့၏သား၊ (ဦးစိုးလှိုင်–ဒေါ်ငြိမ်းငြိမ်း)တို့၏သားသမက်၊ [ဒေါ်ဘေဘီ(ခ)ဒေါ်မြသန်း]၏ ခင်ပွန်း၊ ဦးသန်းလွင် – ဒေါ်စိန်ရွှေမြ(ခ)မမီးမီး၊ ဦးဇော်လှိုင်–ဒေါ်ခင်စော၊ (ကိုတင်အောင်ချို)၊ ကိုကျော်ဝေ–မဖြူဖြူသိမ်း တို့၏ ဖခင်၊ မောင်ကောင်းမြတ်လွင်၊ မထက်ထက်အောင်(၂)၊အထက(၄)ပုဇွန်တောင်၊ မဖြူပုလဲသွယ် အမက(၈) ပုဇွန်တောင်တို့၏အဘိုးသည်၁၁–၇–၂၀၀၄ ရက်တွင် ကွယ်လွန်သွားပါ၍ ၁၃–၇–၂၀၀၄ (အင်္ဂါနေ့)ညနေ၅နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ ညနေ ၄နာရီတွင်ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ဦးမောင်မောင် (၆၉)နှစ်
ဒု–လ/ထ မန်နေဂျာ(ငြိမ်း)
မြန်မာ့စီးပွားရေးဘဏ်
အထက(၁)ကျောင်းသားဟောင်း(ပဲခူး)

ပဲခူးမြို့၊ ရွှေမော်ဓောဘုရားလမ်းနေ (ရေချမ်းဒါယကာဦးတန်ကီ)၏ မြေး၊ (ဦးစိန်ပွင့်–ဒေါ်အမာ)တို့၏သား၊ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ (၅)ရပ်ကွက်၊ (၈)မိုင်ခွဲ၊ နဂါးရုံဘုရားလမ်းနေ ဒေါ်ခင်ခင်၏မောင်၊ ရွှေပြည်သာမြို့၊ ၆/သံဒင်းရပ်ကွက်၊ စစ်တောင်းလမ်းသွယ်(၆)၊ အမှတ်(၉၄၅)နေ ဒေါ်သန်းနွဲ့၏ ခင်ပွန်း၊ ဦးမောင်မောင်ထွန်း၊ ဦးမောင်မောင်ခင်–ဒေါ်နိုင်နိုင်ဝင်း၊ ဦးနိုင်အောင်၊ ဒေါ်ဝေဝေလွင်(ဆသရ)၊မောင်သန့်ဇင်(ကကကြည်း)၊ မောင်အောင်သူရ(တပ်မတော်–ရေ)တို့၏ ဖခင်၊ အေးချမ်းမြင့်၏အဘိုးသည် ၁၁–၇–၂၀၀၄ ရက်တွင် ကွယ်လွန်သွားပါ၍ ၁၃–၇–၂၀၀၄(အင်္ဂါနေ့) မွန်းလွဲ ၁နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှ ကားများ နံနက်၁၁း၃၀ နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ဦးအောင်မင်းလွင် (ခ) ဦးစောမောတေ အသက်(၄၆)နှစ်
ဦးဆောင်ညွှန်ကြားရေးမှူးရုံး
မြန်မာ့သစ်လုပ်ငန်း

ပဲခူးတိုင်း(အရှေ့)၊ ညောင်လေးပင်မြို့နယ်၊ ဖဒိုမြို့နေ (ဦးစောဖိုးသော်–ဒေါ်ပု)တို့၏ သား၊ ရန်ကုန်တိုင်း၊ ရွှေပြည်သာမြို့နေ ဦးညွှန့်ခင်–ဒေါ်ဖွားတင်တို့၏သားသမက်၊ ဦးစိုးဒို၊ ဦးဘကြည်၊ ဦးဂျိုကွေး–ဒေါ်ထီးရာဖော၊ ဦးသံခဲတင်–ဒေါ်လှရင်၊ ဦးကေနာ–(ဒေါ်ဟယ်လင်)တို့၏ညီ/မောင်၊ ဦးအောင်ကျော်မြင့်–ဒေါ်တားလေး၊ ဦးစောတောမား–ဒေါ်မြင့်မြင့်ခိုင်၊ ဦးလှဝင်း – ဒေါ်ကေသွယ်၊ မောင်စန်းဝင်း – မခင်နိုင်နိုင်ထွန်း၊ မောင်ဇော်ဝင်းထွန်း (သစ်ထုတ်ရေး)–မရတနာ (သစ်ထုတ်ရေး)တို့၏အစ်ကို၊ နော်သဲလွိုထူး(စီမံကိန်း၊ မြန်မာ့သစ်လုပ်ငန်း)၏ ဦးလေး၊ မြန်မာ့သစ်လုပ်ငန်း သင်တန်းကျောင်းဝင်း၊ (၁၅)ရပ်ကွက်၊ အုတ်ကျင်း၊ လှိုင်မြို့နယ်နေ ဒေါ်ခင်ဌေးဝင်း(ခ)မဌေး၏ခင်ပွန်း၊ မမေသူထက်၏ မွေးသဖခင်သည် ၁၁–၇–၂၀၀၄ရက်တွင် ဗဟိုစည်အထူးကုဆေးခန်း၌ ကွယ်လွန်သွားပါသဖြင့် ၁၃–၇–၂၀၀၄(အင်္ဂါနေ့) မွန်းလွဲ၁နာရီတွင် ထိန်ပင်အအေးတိုက်မှထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းတည့် ၁၂နာရီ တွင်ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု။

ဘဝနတ်ထံပျံလွန်တော်မူခြင်း
ဘဒ္ဒန္တ ကေသရ(သဲတောကျောင်းဆရာတော်)
သာသနဓဇသိရီပဝရ၊ ဓမ္မာစရိယ
လှည်းပွဲကျေးရွာအုပ်စုသံဃာ့နာယကမိတ္ထီလာမြို့နယ်
သိက္ခာတော်(၆၂)ဝါ၊ သက်တော်(၈၅)နှစ်

မန္တလေးတိုင်း၊ မိတ္ထီလာမြို့နယ်၊ သဲတောကျေးရွာ၊သဲတောကျောင်းဦးစီးပဓာနနာယကဆရာတော်ဖြစ်တော်မူသော ဘဒ္ဒန္တကေသရသည် (၁၃၆၆ခုနှစ်၊ ပထမဝါဆိုလပြည့်ကျော်၆ရက်)၊ ၇–၇–၂၀၀၄(ဗုဒ္ဓဟူးနေ့)တွင် ဘဝနတ်ထံပျံလွန်တော်မူပါ၍ (၁၃၆၆ခုနှစ်၊ ပထမဝါဆိုလပြည့်ကျော်၁၀ရက်)၊ ၁၁–၇–၂၀၀၄(တနင်္ဂနွေနေ့)တွင် ကြွင်းကျန်ရစ်သော ဥတုဇရုပ်ကလာပ်တော်ကို သဲတောကျောင်းတိုက်အတွင်း၌ အန္တိမအဂ္ဂိစျာပနသာဓုကီဠနသဘင် ဆင်ယင်ကျင်းပပြီးဖြစ်ပါကြောင်း။ တပည့်ရဟန်းသံဃာများနှင့် ဒါယကာ၊ဒါယိကာမများ။

ဘဝနတ်ထံပျံလွန်တော်မူခြင်း
ဘဒ္ဒန္တ ခန္တီဝရ
သာသနဓဇဓမ္မာစရိယ၊ ဝိနယပါရဂူ
သိက္ခာတော်(၃၆)ဝါ၊ သက်တော်(၅၆)နှစ်
၁၂ရပ်ကွက်သံဃနာယကအဖွဲ့အကျိုးတော်ဆောင်
ရခိုင်ပြည်နယ်ပုဏ္ဏားကျွန်းမြို့နယ်အသင်းနာယက၊ (ပုဏ္ဏားကျွန်း)

ရန်ကုန်တိုင်း၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ အမှတ်(၁၂)ရပ်ကွက်၊ဒဂုံမြို့မ ပရိယတ္တိစာသင်တိုက်ကြီး၏ ဦးစီးပဓာနနာယက၊ စစ်တွေမြို့ မင်္ဂလသုခစာသင်တိုက်၏ ဦးစီးနာယကဖြစ်တော်မူသော ဘဒ္ဒန္တခန္တီဝရအရှင်သူမြတ်သည် (၁၃၆၆ခု ပထမဝါဆိုလပြည့်ကျော် ၈ရက်)၊ ၉–၇–၂၀၀၄(သောကြာနေ့) နံနက် ဝ၀း၄၅နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူသွားပါသဖြင့် (၁၃၆၆ခု၊ ပထမဝါဆိုလပြည့်ကျော် ၁၀ရက်)၊ ၁၁–၇–၂၀၀၄ရက် ညနေ ၃နာရီတွင် ကြွင်းကျန်ရစ်သောဥတုဇရုပ်ကလာပ်တော်ကို ရေဝေးသုသာန်သို့ ပင့်ဆောင်၍ အန္တိမစျာပနသာဓုကီဠနပူဇာသဘင် ဆင်ယင်ကျင်းပပြီးဖြစ်ပါကြောင်း။ တပည့်ဒါယကာ၊ ဒါယိကာမများ။

သထုံအသင်း
ဦးလှမြင့်(၈၃)နှစ်

ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ (၁၅) ရပ်ကွက်၊ ဘောက်ထော် စာရေးတန်းလမ်း၊အမှတ်(၁၅)နေ ရာသက်ပန်အသင်းဝင်ဦးလှမြင့်(အကြီးတန်းသတင်းထောက်၊ ငြိမ်း)သည် ၉–၇–၂၀၀၄ရက်က ကွယ်လွန်သွားပါ၍ ၁၃–၇–၂၀၀၄ရက် မွန်းလွဲ ၂ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါ၍ အသင်းဝင်များလိုက်ပါပို့ဆောင်ကြပါရန်။ အမှုဆောင်အဖွဲ့။

ဦးနှစ် အသက်(၇၀)

ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွှန့်မြို့နယ်နေ (ဦးမောင်ခင်–ဒေါ်ကျင်)တို့၏ သား၊ (ဦးစံညွှန့်–ဒေါ်ခင်မြင့်)တို့၏ သားသမက်၊ ပုသိမ်ညွှန့်ရပ်ကွက်၊ (၇)လမ်း၊ အမှတ်(၂၇)နေ ဒေါ်ရင်အေး၏ ခင်ပွန်း၊ ဒေါ်ခင်မာဝေ၊ ဦးစိုးဦး–ဒေါ်ခင်မာဆွေ၊ (ကိုကျင်သိန်း)၊ဦးသိန်းတန်(အုပ်ချုပ်ရေးမှူး၊ သဃ်န်းကျွန်းမြို့နယ်)–ဒေါ်သန်းသန်းစော၊ ကိုကျော်လွင်–မဆွေဆွေအေး၊ မနီနီလွင်၊ မချိုချိုသန်း(နည်းပြ၊ ပထဝီဝင်၊ မော်လမြိုင်တက္ကသိုလ်)၊ မောင်စိုးမြင့်နိုင်တို့၏ ဖခင်၊ မြေးခုနစ်ယောက်၊ မြစ်တစ်ယောက်တို့၏ အဘိုးသည် ၉–၇–၂၀၀၄ ရက် ကွယ်လွန်သွားပါ၍ ၁၁–၇–၂၀၀၄ (တနင်္ဂနွေနေ့) ညနေ ၃နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း မိတ်သင်္ဂဟအပေါင်းအား အကြောင်းကြားပါသည်။

ကျန်ရစ်သူမိသားစု။

ဦးသိန်းလွင် (၆၆)နှစ်
လက်ထောက်မန်နေဂျာ (ငြိမ်း)
မြန်မာ့ကြယ်ငါးပွင့် သင်္ဘောလုပ်ငန်း
(ရမည်းသင်း)

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(တောင်ပိုင်း)၊ (၂၅)ရပ်ကွက်၊ ယုဇန(၁)လမ်း၊ အမှတ်(၇)နေ ဒေါ်ပို၏ ခင်ပွန်း၊ ဒေါ်မို့မို့လွင် (MFSL)၊ ဦးသန်းဇော်လွင်(MFSL)၊ ဦးဇော်မွန်း–ဒေါ်ဝါဝါလွင်တို့၏ ဖခင်သည် ၁၁–၇–၂၀၀၄ရက်တွင် အထက်ပါနေအိမ်၌ ကွယ်လွန်ပါ၍ ၁၃–၇–၂၀၀၄(အင်္ဂါနေ့) နံနက် ၁၁နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၁၀နာရီ ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

ဒေါ်မေရီဘရူးဝါး(၅၄)နှစ်

ရန်ကုန်မြို့၊ တိုက်(၉)၊ အခန်း(၂၇၊ ၅–လွှာ)၊ ကိုယ့်မင်းကိုယ့်ချင်းရပ်ကွက်၊ ရွှေဂုံရိပ်မွန်အိမ်ရာ၊ ဗဟန်းမြို့နေ (ဦး L.Cဘရူးဝါး–ဒေါ်AD ဘရူးဝါး)တို့၏ သမီး၊ ဦးလှထူး–(ဒေါ်လှလှဝင်း)၊ (ဦးကျော်မြိုင်) – ဒေါ်ရွှေဝါဘရူးဝါး၊ ဦးစံသိန်းအောင် – ဒေါ်လီလီဘရူးဝါး၊ (ဦးသိန်းဆွေ) – ဒေါ်ပယ်ဂီဘရူးဝါး၊ ဦးသိန်းအောင်၊ဦးကျော်အေး–ဒေါ်နီ မာ ဘရူးဝါးတို့၏ညီမ၊ ဦးမောင်မောင်ခင်–(ဒေါ်ရှယ်လီဘရူးဝါး)၊ ဦးဖိလစ်တို့၏ အစ်မ၊ တူ၊တူမ ၁၅ယောက်တို့၏အဒေါ်သည် ၁၁–၇–၂၀၀၄ရက်တွင် ရန်ကုန်ဆေးရုံကြီး၌ ကွယ်လွန်ပါ၍ ၁၃–၇–၂၀၀၄(အင်္ဂါနေ့) နံနက်၁၁နာရီတွင် ရေဝေး အအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက်၉း၃၀နာရီ ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ဦးလှမြင့် (၈၃)နှစ်
အကြီးတန်းစာတပ်ပုံသတင်းထောက်(ငြိမ်း)
(ယခင်လုပ်သားပြည်သူ့နေ့စဉ်)

ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ (၁၅) ရပ်ကွက်၊ ဘောက်ထော်၊ စာရေးတန်းလမ်း၊ အမှတ်(၁၅)နေ (ဦးအေးကြည်–ဒေါ်ထားခင်)တို့၏ သားကြီး၊ ဝဏ္ဏကျော်ထင်(ဦးစိုးမင်း၊ဒု–အတွင်းဝန်၊ငြိမ်း၊ယခင်လယ်ယာနှင့် သစ်တောဝန်ကြီးဌာန)–ဒေါ်ရိန်တို့၏သားသမက်၊ ဒေါ်တင်တင်ဦး၏ ခင်ပွန်း၊ (ဦးဝင်းအောင်)–ဒေါ်ခင်ခင်ညွှန့်၊ (ဒေါ်တင်တင်အေး)၊ ဒုတိယဗိုလ်မှူးကြီးညွှန့်လှိုင်(ငြိမ်း)–ဒေါ်ခင်သီအေး၊ (ဦးမြင့်သိန်း)–ဒေါ်အေးမေတို့၏ အစ်ကိုကြီး၊ ဒေါ်ကေသီလှ–ဦးမြတ်ထွန်းတို့၏ ချစ်လှစွာသော ဖခင်၊ မဇင်မမြတ်၊ မသင်မမြတ်၊ မတင်မမြတ်–မောင်ဇေယျာလွင်၊ မောင်ကောင်းမြတ်ခန့်၊ မောင်ထူးမြတ်သန့်တို့၏ ချစ်လှစွာသော အဘိုး၊ တူ၊တူမ ၁၁ယောက်တို့၏ ဘကြီးသည် ၉–၇–၂၀၀၄ (သောကြာနေ့) ညနေ ၆း၁၀နာရီတွင် အထက်ပါနေအိမ်၌ ကွယ်လွန်သွားပါ၍ ၁၃–၇–၂၀၀၄ (အင်္ဂါနေ့) မွန်းလွဲ ၂နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၁၂း၃၀နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

ဦးမောင်ညွှန့် (၇၈)နှစ်
(ဝါးခယ်မ)

ရန်ကုန်မြို့၊ အလုံမြို့နယ် စောရန်ပိုင်(တောင်)ရပ်ကွက်၊ ငုဝါလမ်း၊ အမှတ် ၅၃နေ(ဒေါ်စန်းမြင့်)၏ ခင်ပွန်း၊ ဦးအေးကျော်၊ ဦးတင်လတ်–ဒေါ်မိုးမိုးလှိုင်၊ ဦးစိုးမြင့်–ဒေါ်လှလှမြင့်၊ ဦးမြင့်ကြူ (Gunkul Engineering Supply Co.Ltd& Fresh Air Conditioning)–ဒေါ်မြင့်မြင့်သန်း (ဆက်သွယ်ရေး–ငွေစာရင်း)၊ ဒေါ်သန်းသန်းဆင့်–ဦးမြင့်ထွန်းသန်း(ခ)ဦးတယ်ရီ၊ဒေါ်ဝင်းဝင်းဌေး–ဦးခင်မောင်ထွေး၊ ကိုထင်ကျော်–မစန်းစန်းအေး၊ ကိုညီညီလွင်–မလီဇာတို့၏ ဖခင်၊ မြေးရှစ်ယောက်တို့၏အဘိုးသည် ၁၂–၇–၂၀၀၄ရက်တွင် ရွှေဂုံတိုင်အထူးကုဆေးခန်း၌ ကွယ်လွန်သွားပါ၍ ၁၄–၇–၂၀၀၄(ဗုဒ္ဓဟူးနေ့)ညနေ ၃နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေး သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်လွဲ ၁း၃၀ နာရီတွင်ထွက်ခွာပါမည်။) ကျန်ရစ်သူ မိသားစု။

ဦးတင်ဝင်း(ပဲခူး) (၇၁)နှစ်
စာရင်းစစ်မှူး(ငြိမ်း)၊ စာရင်းစစ်ချုပ်ရုံး
ပြည်တွင်းကုန်တင်ကုန်ချကော်မတီရုံး
ဌာနတွင်းစာရင်းစစ်အဖွဲ့(၂)

ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ (၆) ရပ်ကွက်၊ အမှတ်(၂၃၉/၁၀)တိုက်လေးလုံးနေ (ဦးအေးမောင်–ဒေါ်မမကြီး) တို့၏သား၊ ဒေါ်လေးမြင့်၏ခင်ပွန်း၊ (ဦးသိန်းဟန်–ဒေါ်သန်းညွှန့်)တို့၏ တူ၊ (ဦးညိုသိန်း)–ဒေါ်မမလေး၊ ဦးစန်းမြင့်–ဒေါ်ခင်ကြည် တို့၏အစ်ကို၊ ဆရာမောင်မောင်ဇော်၊ မမြတ်မြတ်မော် (မြန်မာ့ကျောက်မျက်ရတနာ)၊ ခင်မောင်ဇော် (မြန်မာ့ ကျောက်မျက်ရတနာ) တို့၏ ဖခင်၊ တူ/တူမငါးယောက်တို့၏ ဦးလေးသည် ၁၁–၇–၂၀၀၄ရက်တွင် အထက်ပါနေအိမ်၌ကွယ်လွန်သွားသဖြင့် ၁၃–၇–၂၀၀၄ရက် နံနက် ၁၁နာရီတွင် ရေဝေးအအေးတိုက်မှရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ ကျန်ရစ်သူမိသားစု။

ပြည်ထောင်စု မြန်မာနိုင်ငံတော်အစိုးရ ပြန်ကြားရေးဝန်ကြီးဌာန သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းက ရန်ကုန်မြို့၊ ၅၂လမ်း၊ အမှတ်–၇၇၊ (မဟာဗန္ဓုလလမ်းထောင့်) ကြေးမုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။ စာတိုက်သေတ္တာအမှတ်–၁၁၈၈၊ကြေးနန်းလိပ်စာကြေးမုံ၊စာတည်းမှူး၂၉၁၈၃၂၊စာတည်းများ၂၉၂၈၃၂၊ သတင်းထောက်မှူး၂၉၂၈၃၃၊ မန်နေဂျာ၂၉၁၈၃၃၊ စီမံ/ငွေစာရင်း၂၉၁၄၅၄၊ ဖြန့်ချိရေး ၂၉၂၈၃၀၊ ကြော်ငြာ၂၉၄၅၂၇၊ ပုံနှိပ်၂၉၂၈၃၁။ R/184

မြန်မာနိုင်ငံ၏လူဦးရေမှာ ၅၃သန်းခန့်ရှိပြီး အမျိုးသား ၂၆သန်းနှင့် အမျိုးသမီး ၂၇သန်းခန့်ရှိ မြန်မာအမျိုးသမီးများအနေဖြင့် ပညာရေးအခွင့်အလမ်းတွင် အမျိုးသားများနှင့်တန်းတူ အခွင့်အရေးရှိ အမျိုးသားကျန်းမာရေးမူဝါဒတွင် မျိုးဆက်ပွားကျန်းမာရေး တိုးတက်ကောင်းမွန်အောင် ဦးစားပေးထား

ရန်ကုန် ဇူလိုင် ၁၂

၂၀၀၄ခုနှစ် ကမ္ဘာ့လူဦးရေနေ့ (2004-World Population Day) အထိမ်းအမှတ်အခမ်းအနားကို ယနေ့နံနက် ၈နာရီတွင် ရန်ကုန်မြို့ ပြည်လမ်းရှိ အပြည်ပြည်ဆိုင်ရာစီးပွားရေးလုပ်ငန်း ဗဟိုဌာနအဆောက်အအုံခန်းမ၌ကျင်းပရာ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း တက်ရောက်ချီးမြှင့်သည်။

အခမ်းအနားသို့ အစိုးရအဖွဲ့–အဖွဲ့ဝင် ဝန်ကြီးများ၊ ရန်ကုန်မြို့တော်ဝန်၊ ဒုတိယဝန်ကြီးများ၊ ရန်ကုန်မြို့ရှိ နိုင်ငံခြားသံရုံးများမှ သံအမတ်ကြီးများနှင့် သံရုံးတာဝန်ခံများ၊ ကုလသမဂ္ဂလက်အောက်ခံ အဖွဲ့အစည်းများမှ ဌာနေကိုယ်စားလှယ်များနှင့် တာဝန်ရှိသူများ၊ ပြည်တွင်းပြည်ပမှ အစိုးရမဟုတ်သော လူမှုရေးအသင်းအဖွဲ့များမှ ကိုယ်စားလှယ်များ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များနှင့် ဌာနဆိုင်ရာအကြီးအကဲများ၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများ၊ ဆရာ ကျောင်းသား၊ ကျောင်းသူများနှင့် အထူးဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

(၁၅)ကြိမ်တိုင်တိုင်

အခမ်းအနားပထမပိုင်းအစီအစဉ်အရ ရှေးဦးစွာ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စိန်ထွေးက အမှာစကားပြောကြားရာတွင် မြန်မာနိုင်ငံအနေဖြင့် ကမ္ဘာ့လူဦးရေနေ့ ကျင်းပမှုများကို များစွာအလေးထားသည့်အတွက် ယနေ့ အခမ်းအနားမျိုးကို မြန်မာနိုင်ငံမှာ (၁၅)ကြိမ်တိုင်တိုင် ဆက်လက်ကျင်းပခဲ့ခြင်းဖြစ်ကြောင်း။

ယခုနှစ်ကမ္ဘာ့လူဦးရေနေ့၏ ဆောင်ပုဒ်မှာ **"ပညာကျန်းမာ ခွင့်လမ်းသာ၊ ပြည့်စုံလှပ မိန်းကလေးဘဝ၊ စာရင်းအင်းနှင့် ညွှန်းဆိုပြ"**ဖြစ်ကြောင်း။

ယခုနှစ် ကမ္ဘာ့လူဦးရေနေ့၏ဆောင်ပုဒ်ကို အဓိပ္ပာယ်ဖွင့်ဆိုပေးလိုကြောင်း၊ **စာမျက်နှာ ၁၁ ကော်လံ ၁ သို့** ✧

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း ၂၀၀၄ခုနှစ် ကမ္ဘာ့လူဦးရေနေ့ အထိမ်းအမှတ်အခမ်းအနားသို့ တက်ရောက်ချီးမြှင့်ပြီး ခင်းကျင်းပြသထားသော ပြခန်းများအတွင်း ကြည့်ရှုလေ့လာစဉ်။

(သတင်းစဉ်)

အဆင့်မြင့်တန်း ကွင်းဖွင့်ဖလား ဘဏ္ဍာ/ အခွန်အသင်း ထပ်မံဆွတ်ခူး ဂိုးသမား အောင်အောင်ဦး အစွမ်းပြပြီး ပိုင်နယ်တီ ကာကွယ်

သတင်းဆောင်းပါး – ညီညီစိုးညွန့်၊ ဓာတ်ပုံ – စိုးညွန့်(ကြေးမုံ)

ရန်ကုန် ဇူလိုင် ၁၂

၂၀၀၄–၂၀၀၅ ဘောလုံးရာသီ အဆင့်မြင့်တန်း ကွင်းဖွင့်ဖလားဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲအဖြစ် လက်ရှိချန်ပီယံ ဘဏ္ဍာ/အခွန်အသင်းနှင့် စွမ်းအင်အသင်းတို့သည် ယနေ့ညနေ ၃နာရီခွဲတွင် လှူငယ်အားကစားလေ့ကျင့်ရေးစခန်း(သုဝဏ္ဏ) ဘောလုံးကွင်း၌ ယှဉ်ပြိုင်ကစားကြရာ မြန်မာနိုင်ငံ အိုလံပစ်ကော်မတီဥက္ကဋ္ဌ၊ အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့် တက်ရောက်ကြည့်ရှုအားပေးပြီး အနိုင်ရဗိုလ်စွဲသွားသော ဘဏ္ဍာ/အခွန်အသင်းအား ဆုများ ပေးအပ်ချီးမြှင့်သည်။

ဗိုလ်လုပွဲအဖြစ် ဘဏ္ဍာ/အခွန်အသင်းနှင့် စွမ်းအင်အသင်းတို့ ယှဉ်ပြိုင်ကစားကြရာ သာမန်ကစားချိန် မိနစ် ၉၀နှင့် အချိန်ပို မိနစ် ၃၀ တွင်ပါ ဂိုးမရှိ သရေကျနေ၍ ပိုင်နယ်တီဖြင့် ဆုံးဖြတ်ရာ လက်ရှိချန်ပီယံ ဘဏ္ဍာ/အခွန်က သုံးဂိုး–နှစ်ဂိုးဖြင့် အနိုင်ရရှိပြီး ချန်ပီယံဘွဲ့ကို ဆက်လက်ထိန်းသိမ်းသွားသည်။

ဘဏ္ဍာ/အခွန်အသင်း **သုံးဂိုး။**

(စိုးလင်းထွန်း၊စိုးမြတ်မင်းနှင့် ကျော်သူရ တစ်ဂိုးစီ)

စွမ်းအင်အသင်း **နှစ်ဂိုး။**

(ဇော်ထက်အောင်နှင့် နှင်းဝေ)

ဒိုင်လူကြီး **ဦးဝင်းဦး။**

လက်ရှိချန်ပီယံ ဘဏ္ဍာ/အခွန်အသင်းနှင့် မကြာမီကမှ ပြီးစီးခဲ့သည့် ကွင်းပိတ်ပြိုင်ပွဲတွင် ချန်ပီယံဆုဖလားကို ရရှိထားသည့် စွမ်းအင်အသင်းတို့သည် ချန်ပီယံဆု **စာမျက်နှာ ၁၃ ကော်လံ ၁ သို့** ❍

အမိအရ ကာကွယ်

၂၀၀၄–၂၀၀၅ ဘောလုံးရာသီ အဆင့်မြင့်တန်း ကွင်းဖွင့်ဖလား ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲတွင် စွမ်းအင်အသင်းမှ ထွန်းထွန်းအေး၏ ထိုးဖောက်တိုက်စစ်ဆင်မှုကို ဘဏ္ဍာ/အခွန်ဂိုးသမား အောင်အောင်ဦး အမိအရ ကာကွယ်လိုက်စဉ်။

[ဓာတ်ပုံ–စိုးညွန့်(ကြေးမုံ)]

မြစ်ရေကြီးခြင်း သတိပေးချက်ထုတ်ပြန်

ရန်ကုန် ဇူလိုင် ၁၂

ချင်းတွင်းမြစ်ရေသည် ယနေ့နံနက် ၆း၃၀နာရီအချိန် တိုင်းထွာချက်အရ ဟုမ္မလင်းမြို့တွင် ၂၉၀၃ စင်တီမီတာသို့ ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် ယနေ့မွန်းတည့်မှ နောက် ၄၈နာရီအတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ် ၂၉၀၀ စင်တီမီတာအထက်တွင် ဆက်လက်တည်ရှိနိုင်သည်။

ဧရာဝတီမြစ်ရေသည် ယနေ့မွန်းလွဲ ၁၂း၃၀နာရီအချိန် တိုင်းထွာချက်များအရ ဗန်းမော်မြို့နှင့် ကသာမြို့တို့တွင် ၁၁၁၈ စင်တီမီတာနှင့် ၁၀၁၉ စင်တီမီတာ အသီးသီးသို့ ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် ယနေ့မွန်းတည့်မှ နောက် ၂၄နာရီအတွင်း ယင်းမြို့များ၏ စိုးရိမ်ရေမှတ် ၁၁၅၀စင်တီမီတာနှင့် ၁၀၄၀ စင်တီမီတာ အသီးသီးသို့ ရောက်ရှိနိုင်သည်။